# မြန်မာ့အလင်း

အတွဲ (၅၄)
အမှတ် (၁၈၇)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်

၂၀၁၅ ခုနှစ်၊ ဧပြီ ၅ ရက်၊ တနင်္ဂနွေနေ့။


**အနာဂုလာ စ ကမ္မန္တာ မင်္ဂလာ**

အနှောင့်အယှက်မရှိသော
အမှုတို့ကို ပြုလုပ်ခြင်းသည်
ကောင်းမြတ်သော မင်္ဂလာမည်၏။

# နိုင်ငံတော်အတွက် အသက်ကိုပေးဆက်ရခြင်းထက် ကြီးမြတ်သော ဂုဏ်မရှိဟု ဗိုလ်ချုပ်မှာကြားခဲ့

သတင်းစာမျက်နှာ-၃



ဖြူးမြို့နယ်အတွင်းရှိ လယ်မြေဧက တစ်သောင်းကျော် နှစ်စဉ် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန် ဆည်မြောင်းဦးစီးဌာနမှ ယခုနှစ်ဆန်းပိုင်းမှစတင်၍ ချောင်းကော၊ မြောင်းကော၊ အင်းကောများ ပြန်လည် တူးဖော်ပြုပြင်ပေးလျက်ရှိသည်ကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံ-ဖြူးမြင့်ဦး

## မြစ်ရေတင်ဒေသများမှ ဝမ်းစာဖူလုံရေး အထွက်တိုးစပါး အဓိကထားစိုက်ပျိုးရန်လိုလား



စာမျက်နှာ-၄

## ငြိမ်းအေးပြည်သာ ဆင်ဖြူတော်ရတနာ

ဆောင်းပါး၊ စာမျက်နှာ-၆

## ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပြဋ္ဌာန်း

စာမျက်နှာ-၁၅




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# စာတတ်မြောက်ရေး မြှင့်တင်ကြိုးပမ်း

မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ရှေးမြန်မာမင်းများလက်ထက်က မြင့်မားတိုးတက်ခဲ့ပါသည်။ သို့သော်လည်း ကိုလိုနီလက်အောက်သို့ကျရောက်ချိန်မှစပြီး မြန်မာလူမျိုးတို့၏ စာတတ်မြောက်မှုနှုန်းသည် ကျဆင်းခဲ့ရပါသည်။ သို့အတွက် လွတ်လပ်ရေးရပြီးချိန်မှစ၍ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းကို စာတတ်မြောက်ရေးလှုပ်ရှားမှုများစွာတို့ဖြင့် မြှင့်တင်ကြိုးပမ်းလျက်ရှိရာ ယနေ့ခေတ်အထိတိုင်အောင်ဖြစ်ပါသည်။

လွတ်လပ်ရေးရပြီးကာလ လူထုပညာရေးကောင်စီက လူထုပညာရေးသင်တန်းနှင့် 'အ'သုံးလုံး ကျောသင်တန်းများ ဖွင့်လှစ်ခြင်း၊ တပ်မတော်အတွင်း 'အ'သုံးလုံးကျောသင်တန်းများ ဖွင့်လှစ်ခြင်းနှင့် ၁၉၅၂ ခုနှစ်မှစပြီး အစိုးရမူလတန်းကျောင်းမရှိသောဒေသများတွင် ဘုန်းတော်ကြီးကျောင်းများသို့ ပံ့ပိုးမှုများ ပြုလုပ်ခဲ့ခြင်းကြောင့် ၁၉၆၃ ခုနှစ်တွင် စာတတ်မြောက်မှုနှုန်းသည် ၅၇ ရာခိုင်နှုန်းအထိ ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။

၁၉၆၃ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် 'အ'သုံးလုံးကျောသင်တန်းများကို နိုင်ငံတစ်ဝန်း ဆောင်ရွက်နိုင်ခဲ့မှုကြောင့် သက်ကြီးစာတတ်မြောက်မှုနှုန်းသည် သိသိသာသာတိုးတက်ပြောင်းလဲလာခဲ့ပါသည်။ ဤသို့ ဆောင်ရွက်နိုင်ခြင်း၏ အကျိုးရလဒ်အဖြစ် မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးကြိုးပမ်းမှုကို နိုင်ငံတကာကပင် ချီးကျူးခဲ့ရပါသည်။ ယူနက်စကိုအဖွဲ့ချုပ်က ချီးမြှင့်သော မိုဟာမက်ရီဇာပါလာဗီဆုကို ၁၉၇၁ ခုနှစ်တွင်လည်းကောင်း၊ နိုမာဆုကို ၁၉၈၃ ခုနှစ် တွင်လည်းကောင်း ဆွတ်ခူးနိုင်ခဲ့ပါသည်။

၁၉၈၈ ခုနှစ်မှစပြီး ယနေ့အထိ စာတတ်မြောက်ရေးလှုပ်ရှားမှုကို ကျောင်းတွင်းပညာရေး၊ ကျောင်းပြင်ပညာရေးနှင့် ကိုယ်ပိုင်သင်ယူပညာရေးဟူ၍ နည်းလမ်းသုံးသွယ်ဖြင့် ဟန်ချက်ညီညီ ဆောင်ရွက်နေသကဲ့သို့ နွေရာသီစာတတ်မြောက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ စာတတ်မြောက်မှုနည်းသော မြို့နယ်များ ရွေးချယ်သတ်မှတ်ပြီး ဆောင်ရွက်ခဲ့ရာ ၂၀၀၀ ပြည့်နှစ်က သက်ကြီးစာတတ်မြောက်မှုနှုန်းသည် ၉၁ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း သိရပါသည်။

ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်မှစပြီး စာတတ်မြောက်ရေးလုပ်ငန်းကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုနှစ်မှု မြို့နယ်ပေါင်း ၂၉ မြို့နယ်၌ စာတတ်မြောက်ရေး လှုပ်ရှားမှုလုပ်ငန်းကို ဧပြီပထမပတ်မှ မေလဒုတိယပတ်အထိ ဆောင်ရွက်လျက်ရှိပါသည်။ စာတတ်မြောက်ရေး လှုပ်ရှားမှုကို အဓိကအားဖြင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများက သတ်မှတ်မြို့ရွာအသီးသီးရှိ အခြေခံပညာကျောင်းများ၌ စာသင်ဝိုင်းများဖြင့် အရေး၊ အဖတ် အတတ်ပညာများသင်ကြားပေး လျက်ရှိပါသည်။ ဤသို့ စာတတ်မြောက်ရေးလုပ်ငန်းများ နိုင်ငံတစ်ဝန်း ဆောင်ရွက်နိုင်မှုကြောင့် စာမတတ်သူများ စာဖတ်တတ်လာမည်ဖြစ်ပါသည်။ စာဖတ်တတ်လာခြင်းဖြင့် စာပေမှတစ်ဆင့် အသိပညာဗဟုသုတများ တိုးပွားလာမည်ဖြစ်ပါသည်။ အကောင်းအဆိုးဝေဖန်အသိဉာဏ်များ ရှင်သန်လာမည်ဖြစ်ပါသည်။ နိုင်ငံအတွင်း စာတတ်မြောက်သူများ တိုးပွားလာခြင်းသည် နိုင်ငံ၏တိုးတက်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ စာတတ်မြောက်မှုနှုန်းမြင့်မားရေးအရေး၊ အဖတ်အတတ်ပညာများ တတ်မြောက်အောင်ကြိုးစားသင်ယူကြရမည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# မြန်မာ-တရုတ်ဓာတ်ပုံ ပန်းချီ ပြပွဲ ပြသမည်

**ရန်ကုန် ဧပြီ ၄**

မြန်မာ- တရုတ်ချစ်ကြည်ရေးအသင်းနှင့် တရုတ်-မြန်မာချစ်ကြည်ရေးအသင်းတို့ ပူးတွဲကြီးမှူးကျင်းပမည့် "ဗုဒ္ဓအမွေအနှစ် မြန်မာ-တရုတ်ဓာတ်ပုံ ပန်းချီပြပွဲကို ဧပြီ ၈ ရက်မှ ၁၀ ရက်ထိ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ရာဟုထောင့်အောင်မြေ ရှေ့ရှိ ချမ်းသာကြီးတန်ဆောင်း၌ ခင်းကျင်းပြသမည်ဖြစ်သည်။ ဧပြီ ၈ ရက် နံနက် ၉ နာရီတွင် ဖွင့်ပွဲအခမ်းအနားအပြီး နေ့စဉ် ရွှေတိဂုံစေတီတော်သို့ တက်ရောက်ခွင့်ပြုချိန်မှ ညပိုင်းစေတီတော်သို့ ဘုရားဖူးဖူးမြော်ကြည်ညိုခွင့်ပိတ်ချိန်ထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုချစ်**

# လျှပ်စစ်ဓာတ်အားလွှတ်ပေးရန် ဒေသခံများလိုလား

**သီပေါ ဧပြီ ၄**

ရှမ်းပြည်နယ် လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်သည် သီပေါနှင့်လားရှိုးကြား နောင်မွန်ကျေးရွာအုပ်စု နောင်ကွဲကျေးရွာ၌ နယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံများ၏ လျှပ်စစ်မီးရရှိသုံးစွဲရေးအတွက် နောင်လမ်းကျေးရွာတွင် ၂၀၀ ကေဗွီအေထရန်စဖော်မာတစ်လုံးနှင့် နောင်ကွဲကျေးရွာတွင် ထရန်စဖော်မာတစ်လုံးတို့ကို တပ်ဆင်ပြီး မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ဘေးဝဲယာလမ်းမီးတိုင် ၈၄ ပွင့်တို့အပြင် လိုင်းကြိုးဆွဲသွယ်တန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးမှုကို ဧပြီ ၂ ရက်က ကြည့်ရှုစစ်ဆေးသည်။

အဆိုပါနောင်ကွဲကျေးရွာတွင်လျှပ်စစ်မီးလင်းရေးလုပ်ငန်းများအတွက် ထရန်စဖော်မာအောက်ခံအုတ်ခုံ၊ ဓာတ်တိုင်များ၏ အောက်ခံအုတ်ခုံနှင့်၊ မီးသီးလုံးများကို ကျေးရွာမီးလင်းရေးကော်မတီမှ ဆောင်ရွက်ပြီးခဲ့ပြီး နောင်ကွဲကျေးရွာအိမ်ခြေ ၉၈ အိမ်အတွက် မီတာတစ်လုံးလျှင် ငွေကျပ်ခြောက်သိန်းနှုန်းဖြင့် ထည့်သွင်းထားသည်။

ထိုသို့ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ လျှပ်စစ်ဓာတ်အားပို့လွှတ်ပေးရန်နောင်ကွဲ ကျေးရွာပြည်သူများက လိုလားမျှော်လင့်လျက်ရှိကြောင်း သိရသည်။

**စိုင်း (သီပေါ)**





# ပြည်သူ့အကျိုးပြုလုပ်ငန်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဧပြီ ၄**

ပြည်ထဲရေးဝန်ကြီးဌာနမြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ် (၁၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ဦးတင်မျိုးထူးနှင့် ဦးစီးတပ်ဖွဲ့ဝင် ၁၂၄ ဦးသည် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှမျိုးအောင်နှင့် ရပ်မိရပ်ဖများက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ဖြုတ်ခွဲကျေးရွာနှင့် ငါးစိမ်းအင်းကျေးရွာကြား လယ်ရေပေးမြောင်းအတွင်း မြေသားများပိတ်ဆို့နေမှုများအား ဖယ် ရှားရှင်းလင်းပေးခြင်း၊ ကျေးရွာအတွင်းရှိ လမ်းချိုင့်များ မြေဖို့ပေးခြင်း စသည့်ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဧပြီ ၄ ရက်တွင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# တောင်ကြီးမြို့တွင် ဗုဒ္ဓတက္ကသိုလ် တည်ဆောက်

**တောင်ကြီး ဧပြီ ၄**

ရှမ်းပြည်နယ် တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်ရှိ ပညာဗောဓိ တောင်ကုန်း၌ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် တည်ဆောက်မည့်နေရာသို့ ဧပြီ ၃ရက်က ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုခဲ့သည်။

အဆိုပါတက္ကသိုလ်တွင် တည်ဆောက်မည့် စေတီ၊ ရုပ်တော်မှုဘုရား၊ ပင်မအဆောက်အအုံ၊ ရုံးခန်း၊ စာကြည့်တိုက်၊ စာသင်ခန်းများ၊ ဘွဲ့နှင်းသဘင်ခန်းမ၊ ဘုန်းကြီးကျောင်း၊ ဆွမ်းစားဆောင်နှင့် ဆွမ်းချက်ဆောင်၊ ဆရာများ အိပ်ဆောင်၊ ပါမောက္ခဆရာတော်များ အိပ်ဆောင်၊ ကထိကဆရာတော်များ အိပ်ဆောင်၊ စာသင်သားအိပ်ဆောင် စသည်တို့ကို ကြည့်ရှုပြီး ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းဆောင်တို့ကြားရှိ လမ်းများ ချဲ့၍ ဖောက်လုပ်ရန် မှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကြီးမြို့ ကုန်ခြောက်သားငါးဈေး တောင်ကြီးရှော့ပင်းစင်တာ(Taunggyi Shopping Center) တည်ဆောက်နေမှုနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနက ဒီပါဟိန်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသော လေ့ကျင့်ရေး အားကစားရုံအဆောက်အအုံ တည်ဆောက်နေမှုတို့ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၄-၄-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၄၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၇၂-၁၀၇၈ |
| ဥရောပ | တစ်ယူရို | ၁၂၂၀-၁၂၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၅-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၇-၁၆.၃ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၀-၃၄၃ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆီ (အသစ်) | တစ်အိတ် | ၁၆၅၀၀-၁၆၈၀၀ |
| မိုးဆန်သစ် (မနော်သုခ) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၈၀၀၀-၃၃၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၃၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၂၇ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၇၅-၄၀၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၁၀၀-၁၄၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၇၂၅-၁၇၅၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၆၂၀-၈၇၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၃၁၀၀-၃၁၅၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၅၅၀၀-၆၀၀၀ |
| သကြား | တစ်ပိဿာ | ၈၆၀-၈၇၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်တွင်းသတင်း

# နိုင်ငံတော်အတွက် အသက်ကိုပေးဆက်ရခြင်းထက် ကြီးမြတ်သောဂုဏ်မရှိဟု ဗိုလ်ချုပ်မှာကြားခဲ့

နေပြည်တော် ဧပြီ ၄

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အနုပညာရှင်များသည် လောက်ကိုင်ဒေသဖြစ်စဉ်ကြောင့် ရှေ့တန်းတွင်သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများကို အားပေးထောက်ပံ့ခြင်း၊ နိုင်ငံတော်အတွက် အသက်ပေးဆက်သူများ၊ ဒဏ်ရာရစစ်သည်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် သတင်းမီဒီယာသမားများအားဂုဏ်ပြုရန် နေပြည်တော်မှ ဧပြီ ၄ ရက် နံနက်ပိုင်းတွင် လေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ လားရှိုးမြို့သို့ နံနက် ၉ နာရီ ၁၀ မိနစ်တွင် ရောက်ရှိခဲ့ကြသည်။**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ လားရှိုးမြို့ အညတရစစ်သည်ဗိမာန်၌ နိုင်ငံတော်အတွက် အသက်ပေးဆက်သူများကို ဂုဏ်ပြုအလေးပြုစဉ်။** (သတင်းစဉ်)

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အဖွဲ့သည် လားရှိုးမြို့ အမှတ်(၉) တပ်မတော်ဆေးရုံ ခုတင်(၁၀၀) ၌ တက်ရောက်ကုသလျက်ရှိသော ဒဏ်ရာရ တပ်မတော်သားများကို သွားရောက်ကြည့်ရှု အားပေးပြီး တစ်ဦးချင်းသို့ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ရှေ့တန်းရောက် တပ်မတော်သားများ၊ နိုင်ငံတော်အတွက် အသက်ပေးဆက်သူ/ဒဏ်ရာရနှင့် ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲနှင့်ဒဏ်ရာရ သတင်းသမားများအား ထောက်ပံ့ခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်စိုး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့် ခရိုင်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်သားများ၊ လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ဂုဏ်ပြုကြသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားမှာ လောက်ကိုင်ဒေသဖြစ်စဉ်ကြောင့် ရှေ့တန်းတွင် အသက်ပေး တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများကို အားပေးထောက်ပံ့ခြင်း၊ နိုင်ငံတော်အတွက် အသက်ပေးဆက်သူများ၊ ဒဏ်ရာရစစ်သည်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် သတင်းမီဒီယာသမားများကို ဂုဏ်ပြုသည့် အခမ်းအနားဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် လက်နက်ကိုင်ဆန့်ကျင်သူများသည် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့ကြပါကြောင်း၊ ပေါ်ပေါက်ခဲ့ဖူးသော လက်နက်ကိုင်ဆန့်ကျင်သူများကို ခွဲခြမ်းစိတ်ဖြာကြည့်လျှင် နိုင်ငံရေးအယူဝါဒမတူ၍ တောခိုခြင်းနှင့် လူမျိုးရေးအမြင်အရ တောခိုခြင်းတို့ဖြစ်ပါကြောင်း၊ ယခုဖြစ်စဉ်မှာ နိုင်ငံရေးအယူဝါဒအရလည်းမဟုတ်၊ လူမျိုးရေးအမြင်ကြောင့်လည်း မဟုတ်သည်ကို တွေ့ရပါကြောင်း။

ကိုးကန့်ဒေသသည် ကူမင်တန် အရေးအခင်းကာလက တရုတ်ဖြူတပ်များ အကြီးအကျယ်အခြေစိုက်ခဲ့သည့် နေရာဖြစ်ပါကြောင်း၊ ထို့ကြောင့် ဦးဖုန်ကြားရှင်သည် တရုတ်ဖြူ ကူမင်တန်၏ အကူအညီဖြင့် လက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့ကို စတင်ဖွဲ့စည်းပြီး ရပ်တည်ခဲ့သူဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံထဲမှ ထွက်ပြေးခဲ့ရသော ဗမာပြည်ကွန်မြူနစ်ပါတီသည် အင်အားအလုံးအရင်းနှင့် ပြည်တွင်းကိုပြန်ဝင်လာသည့်အခါ ဦးဖုန်ကြားရှင်သည် ဗကပတပ်ရင်းကြီး(၄၀၄)၏ တပ်ရင်းမှူးအဖြစ် ဖြစ်သွားခဲ့သည်ကို တွေ့ရပါကြောင်း။

တရုတ်ဖြူလက်ထဲတွင် ဘိန်းကုန်ကူးခဲ့သော ဖုန်ကြားရှင်သည် ကွန်မြူနစ်ဘဝ၌လည်း ဘိန်းလုပ်ငန်းကို အကြီးအကျယ်လုပ်ပြီး အဆမတန်ချမ်းသာလာပါကြောင်း၊ ထို့ကြောင့် ဗကပနိုင်ငံရေးမှူး ယမ်ကွမ်း(ခ)တင်ရီနှင့် မသင့်မမြတ်ဖြစ်လာပါကြောင်း၊ အကူအညီမရတော့၍အင်အားချည့်နဲ့လာသော ဗကပကို ၁၉၈၉ ခုနှစ် တွင် လမ်းခွဲပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်သည်ဟုဆိုကာ ကိုးကန့်ဒေသကို အုပ်ချုပ်ခဲ့ပါကြောင်း၊ အနီရောင်ကနေ ဘိန်းမည်း၊ ဘိန်းဖြူ မူးယစ်ဆေးနှင့် ဖြူကြောင်ကျားဖြစ်သွားပါကြောင်း။

ကိုးကန့်ဒေသ၌ မူးယစ်ဆေးဝါး အကြီးအကျယ်ထုတ်လုပ်ရောင်းချမှု၊ လက်နက်စက်ရုံတည်ဆောက်မှုများကြောင့် နိုင်ငံတော်အစိုးရက အတန်တန် သတိပေးသော်လည်း နာခံခြင်းမရှိသည့်အတွက် ၂၀၀၉ ခုနှစ်တွင် အစိုးရကအရေးယူရန် စီမံခဲ့ပါကြောင်း၊ ထိုအခါ ရန်လုံကျိုင်းနယ်စပ်ဂိတ်၌ တာဝန်ကျနေသည့် ခရိုင်ရဲတပ်ဖွဲ့မှူးအပါအဝင် ရဲတပ်ဖွဲ့ဝင် ၅၀ ကျော်ကို ကိုးကန့်လက်နက်ကိုင်များက ဝိုင်းဝန်းပိတ်ဆို့ထားခဲ့ပါကြောင်း၊ တပ်မတော်က သွားရောက်ကယ်တင်သည့်အခါ အချုပ်ခန်းထဲတွင်ထည့်ထားသော ရဲတပ်ဖွဲ့ဝင် ၁၄ ဦးကို ရက်စက်ကြမ်းကြုတ်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သည်ကို ယနေ့ထက်တိုင် မျက်စိထဲမှမထွက်ဘဲ ပြန်လည်မြင်ယောင်မိကြလိမ့်မည်ဟုယုံကြည်ပါကြောင်း၊ ထို့နောက်တော့ ဖုန်ကြားရှင်နှင့် တစ်ဆွေတစ်မျိုးလုံးသည် တစ်ဖက်နိုင်ငံထဲကို ထွက်ပြေးသွားခဲ့ကြပါကြောင်း။

နိုင်ငံတော်အစိုးရက ဘယ်လောက်အထိ သဘောထားကြီးခဲ့သလဲဆိုလျှင် ဖုန်ကြားရှင်ကို လွှတ်ငြိမ်းချမ်းသာခွင့်ပေးပြီး မိုင်းလားတွင် နေထိုင်ခွင့်ပင် ပြုပေးခဲ့ပါသေးကြောင်း။

> **တပ်မတော်သားများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် သတင်းမီဒီယာသမားများ၏ ကိုင်စွဲသောလက်နက်ချင်း မတူသော်လည်း စွန့်လွှတ်ရဲ စွန့်စားရဲသည့် သူရဲကောင်းစိတ်ဓာတ်ချင်းမှာ အတူတူပင်ဖြစ်။**



လောက်ကိုင်ဒေသကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ထူထောင်ပေးပြီး တရားဥပဒေနှင့်အညီ အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းပေးခဲ့ပါကြောင်း။

မကြာမီက ကွမ်းလုံတံတားကို မိုင်းခွဲဖျက်ဆီးရန် ကြိုးစားသည့်ဖြစ်စဉ်တစ်ခု ပေါ်ပေါက်ခဲ့ပါကြောင်း၊ ယင်းမှာ ကွမ်းလုံရက်လေးဆယ်တိုက်ပွဲတုန်းက ဗကပဘက်မှ ထင်ရှားခဲ့သော ဖုန်ကြားရှင်၏ လက်ချက်ပင်ဖြစ်မည်ကို ခန့်မှန်းနိုင်ပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ဖုန်ကြားရှင်သည် လူအင်အား၊ လက်နက်အင်အား တောင့်တင်းစွာဖြင့် လောက်ကိုင်ဒေသကို ပြန်လည်တိုက်ခိုက်လာခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိပထမဆုံးပြောခဲ့သလို ဖုန်ကြားရှင်၏ လက်နက်ကိုင်ဆန့်ကျင်မှုသည် နိုင်ငံရေးအယူဝါဒကြောင့်လည်း မဟုတ်၊ လူမျိုးစွဲအမြင်ကြောင့်လည်း မဟုတ်၊ မူးယစ်ရာဇဝတ်ယောက်၏ နယ်မြေလုတိုက်ပွဲပဲဖြစ်ပါကြောင်း၊ ဖုန်ကြားရှင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ထူထောင်ထားသော ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ စသည့် နိုင်ငံတော်၏ အချုပ်အခြာအာဏာသုံးရပ်ကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုနှင့် အဓမ္မနည်းများဖြင့် ရယူရန် ဆောင်ရွက်မှုတို့ကို ကျူးလွန်နေခြင်း ဖြစ်ပါကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ပြတ်ပြတ်သားသား ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိကြောင်း။

ထို့ကြောင့် တပ်မတော်သည် ရင်မြေကတုတ်လုပ်ပြီး တွန်းလှန်ချေမှုန်းနေပါကြောင်း၊ သူရသတ္တိနှင့် ပြည့်ဝကြသော တပ်မတော်သားများသည် ကြယ်ကြွေသလို တဖြုတ်ဖြုတ်ကြွေနေကြကြောင်း ဒဏ်ရာရနေကြကြောင်း၊ မိဘပြည်သူတစ်ရပ်လုံးက ယူကျုံးမရ ဖြစ်နေကြရကြောင်း။

နိုင်ငံတော်အတွက် အသက်ကို ပေးဆက်ရခြင်းထက် ကြီးမြတ်သော ဂုဏ်မရှိပြီဟု ဗိုလ်ချုပ်အောင်ဆန်း မှာကြားခဲ့ကြောင်း ဘာကြောင့် ဗိုလ်ချုပ်အောင်ဆန်းကို ကိုးကားရသလဲဆိုလျှင် မိမိတို့ရင်ထဲတွင် ဗိုလ်ချုပ်အောင်ဆန်းသည် အချိန်နှင့်အမျှရှိနေကြောင်း၊ ယခုမှလာပြီး အကြီးအကျယ်သတိရနေခြင်း မဟုတ်ကြောင်း ပြောကြားလိုကြောင်း၊ ဗိုလ်ချုပ်၏ မြင့်မားသောဂုဏ်ရည် ပင်စည်ပေါ်တက်ပြီး တပ်မတော်ကို သစ်ခွပန်းဖြစ်အောင် လုပ်နေခြင်းလည်းမဟုတ်ကြောင်း၊ ဗိုလ်ချုပ်ပြောခဲ့သော "အိပ်ကြရဖို့မြေကြီး၊ စားသောက်စရာဆိုလို့ ကျောက်ခဲနဲ့သလဲပဲရှိမယ်"ဆိုသည့်စကားကို မိမိတို့ တပ်မတော်သားများက ခံယူပြီး အစားဆင်းရဲ၊ အနေဆင်းရဲ၊ အဝတ်ဆင်းရဲအမျိုးမျိုးကြားတွင် သေမည်မှန်း၊ ပြတ်မည်မှန်းသိရက်ဖြင့် မဓောနိုင်မပန်းနိုင် စစ်မှုထမ်းနေကြခြင်းဖြစ်ကြောင်း၊ ၁၉၄၅ ခု မတ် ၁၇ ရက်က မိန့်ကြားခဲ့သော "ရဲဘော်တို့- အကျယ်ချဲ့ပြီး ရှည်ရှည်မပြောချင်ဘူး။ အခုစစ်မြေပြင်ကို ထွက်ရမယ်။ ဆင်းရဲမယ်၊ ငတ်မယ်၊ အခက်အခဲတွေနဲ့ ရင်ဆိုင်ရမယ်။ ဗမာပီပီဗမာ့သွေးကိုပြကြပါ။ အထက်ဗိုလ်များရဲ့အမိန့်ကိုနာခံကြပါ။ အထက်ဗိုလ်တွေကလည်း သာတူညီမျှ ရဲဘော်စိတ်ထားပါ။ ရဲဘော်တို့ကို ကတိပေးထားတဲ့အတိုင်း ကျုပ်ကိုယ်တိုင်ရဲဘော်တို့နဲ့ အတူချီတက်မယ်။ ဗမာ့ရန်သူကို ချေမှုန်းကြ၊ အနီးကပ်ဆုံးရန်သူကို ရှာပြီးတိုက်ကြဒါပဲ"ဆိုသည့် ဗိုလ်ချုပ်၏တပ်ထွက်အမိန့်ကို တပ်မတော်သားတိုင်း ယနေ့ထက်တိုင်အောင် စွဲစွဲမြဲမြဲ ဦးထိပ်ထားဆဲပင်ဖြစ်ပါကြောင်း။

ထို့ကြောင့် ယနေ့မိမိတို့ရှေ့တန်းရောက် တပ်မတော်သားများကို လာရောက်အားပေးခြင်းဖြစ်ကြောင်း၊ မိမိနှင့်အတူ အမျိုးသားလွှတ်တော်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးမှ တိုင်းရင်းသားကိုယ်စားလှယ်များလည်း အားတက်သရော လိုက်ပါလာကြကြောင်း။

မိမိတို့လွှတ်တော်နှင့် ပတ်သက်၍လည်း ပြောရမည်ဆိုလျှင် လွှတ်တော်၌အစိုးရက ဘတ်ဂျက်ဥပဒေကြမ်းတင်သည့်အခါ လွှတ်တော်ကိုယ်စားလှယ်များသည် ကာကွယ်ရေးအသုံးစရိတ်နှင့် ပတ်သက်၍ ဘယ်သူမှမထိကြောင်း၊ ဘာကြောင့်လဲဆိုလျှင် ၁၉၄၂ ခု နိုဝင်ဘာ ၁ ရက် ပြောခဲ့သော ဗမာ့ကာကွယ်ရေးတပ်မတော်ဗိုလ်မှူးကြီး အောင်ဆန်း၏သေနင်္ဂဗျူဟာ စစ်ပညာဟောပြောချက်တွင် "ကျွန်တော်တို့နားလည်ရမှာက ကာကွယ်ရေးအတွက် အရင်းခံပြီး အများအားဖြင့် သုံးကြရမယ်။ ကာကွယ်ရေးကို အဓိကထားပြီး တိုင်းသစ်ပြည်သစ်ထောင်ရမယ်။ ကာကွယ်ရေးတောင့်တင်းရန် အခြားတိုင်းပြည်ဘဏ္ဍာများကို ကျုပ်တို့ ချိုပေးရလိမ့်မယ်။ ဘာကြောင့်လဲဆိုရင် တိုင်းပြည်ဌာနအားလုံးဟာ ကာကွယ်ရေးကို အမှီ

*စာမျက်နှာ ၄ ကော်လံ ၁ သို့*

## ပြည်တွင်းသတင်း

*စာမျက်နှာ ၃ မှ*

သဟဲဖြစ်နေရမယ်။ ဗမာပြည်ရဲ့ ကာကွယ်ရေးဟာ ဗမာပြည်သစ်ထူထောင်ရေးစနစ်မှာ ဗဟိုအချက်အချာဖြစ်ရမယ်။ ဖြစ်မှလည်းဗမာပြည်ဟာ တကယ်ကြီးပွားနိုင်မယ်။ ကာကွယ်ရေးအတွက် နှစ်စဉ်ဗမာပြည်အစိုးရရဲ့ ဝင်ငွေထွက်ငွေခန့်မှန်းချက်တွင် အများဆုံးပေးရမယ့်အပြင် ကာကွယ်ရေးကို အထောက်အပံ့ဖြစ်စေဖို့ တခြားဌာနများကို စီစဉ်လုပ်ကိုင်ရမယ်"ဟု ပြောခဲ့သည်ကို လွှတ်တော်ကိုယ်စားလှယ်များ၏ စိတ်ထဲတွင် အလိုလိုခံစားသိသိနေ၍ ဖြစ်နိုင်ကြောင်း၊ မိမိအထောက်အထားမဲ့ ပြောနေခြင်း မဟုတ်ကြောင်း၊ The Key Collection ၂၀၁၃ မှ ထုတ်ဝေသောဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပေါင်းချုပ် စာမျက်နှာ ၁၉-၂၀တွင် ဗိုလ်ချုပ်ပြောခဲ့တာ အထင်အရှား ပါရှိကြောင်း။

ဆိုလိုချင်သည်မှာ တပ်မတော်စစ်အောင်ရန် ပြည်သူလူထု၏ ထောက်ခံအားပေးမှု အများကြီးလိုပါကြောင်း။

နောက်တစ်ပိုင်းမှာ ဖြူစင်နှလုံးသားပိုင်ရှင် နိုင်ငံတော်အတွက် အသက်ကိုပေးဆက်သွားသူ ကြက်ခြေနီတပ်ဖွဲ့ဝင်ဒုအရာခံဗိုလ် ဦးမိုးကျော်သန်း ကိစ္စဖြစ်ပါကြောင်း၊ ဤနေရာတွင် မိမိအနေဖြင့်ကျဆုံးဟု မသုံးဘဲ နိုင်ငံတော်အတွက် အသက်ကိုပေးဆက်သူဟု သုံးစွဲသွားပါကြောင်း၊ ကျဆုံးဟု သုံးရင်ရှုံးနိမ့်သည့်သဘောသက်ဝင်နိုင်ကြောင်း၊ နိုင်ငံတော်အတွက် အသက်ကိုပေးဆက်သူဆိုလျှင် ကြီးမြတ်သောဂုဏ်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံအတွက်အသက်စွန့်သွားသူမှန်သမျှကို ကျဆုံးဟုမသုံးစေချင်ဘဲ နိုင်ငံတော်အတွက် အသက်ကိုပေးဆက်သွားသူဟုသာ သုံးနှုန်းကြစေချင်ပါကြောင်း။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်ကဖြစ်စဉ်တွင် ကြက်ခြေနီ အလံကြီးကိုထောင်၊ ကြက်ခြေနီအမှတ်တံဆိပ်ကြီး အထင်အရှားဖြစ်ပါလျက် ပစ်ခတ်သတ်ဖြတ်ရက်သူများသည် လူသားမဆန်ဘူးဟု ပြောလိုက်ချင်ပါကြောင်း၊ ဤနေရာမှာ ဥပဒေအကြောင်းပြော၍လည်း ဥပဒေအပြင်ဘက်မှလူများအတွက် နားလည်မည်ဟု မထင်ပါကြောင်း၊ တပ်မတော်သားများ နိုင်ငံတော်အတွက် အသက်ကိုပေးဆက်သွားသဖြင့် ဇနီး၊ သားသမီးများ ဒုက္ခပင်လယ်ဝေခဲ့ကြရသည်မှာ များလွန်းလှပြီဖြစ်ပါကြောင်း၊ ယခု ဦးမိုးကျော်သန်းတွင် မိသားစုရှိကြောင်း၊ ကျန်ရစ်သူသားသမီးများထဲမှ အသက် (၇)နှစ်အရွယ်နှင့် (၅)နှစ်အရွယ်ကလေးနှစ်ဦးသည် ဖခင်အတွက်ရည်မှန်းပြီး သက်န်းစည်းမည်ဟုကြားရ၍ ဝမ်းနည်းဝမ်းသာခံစားရပါကြောင်း၊ ဦးမိုးကျော်သန်းသည် အသက် (၄၅)နှစ်သာ ရှိသေးကြောင်း၊ အလွန်နှမြောတသစရာကောင်းလှပါကြောင်း၊ ဦးမိုးကျော်သန်းအတွက် ဟင်နရီဒူးနန့်ဆု ချီးမြှင့်ခြင်းခံရရေးအတွက်လည်း မြန်မာနိုင်ငံကြက်ခြေနီအသင်း အပါအဝင်သက်ဆိုင်သူအားလုံးက ကြိုးပမ်းနေကြသည်ဟု ကြားသိရပါကြောင်း၊ ဦးမိုးကျော်သန်း၏ ကြက်ခြေနီဂုဏ်ရည်သည် ကမ္ဘာကျော်သွားပါလိမ့်မည်ဖြစ်ကြောင်း၊ အလားတူ ဒဏ်ရာရ ကြက်ခြေနီအဖွဲ့ဝင်များ သတ္တိဗျတ္တိနှင့် တာဝန်ထမ်းဆောင်နေဆဲဖြစ်သော ကြက်ခြေနီများကိုလည်း လေးစားစွာ ဂုဏ်ပြုပါကြောင်း။

နောက်တစ်ပိုင်းမှာ သတင်းမီဒီယာများဖြစ်ပါကြောင်း၊ လောက်ကိုင်ဒေသကာကွယ်ရေးသည် တိုင်းပြည်၏အချုပ်အခြာ အာဏာကာကွယ်ရေးအတွက် သက်စွန့်ကြိုးပမ်းထမ်းဆောင်ကြရသော အမျိုးသားရေးတိုက်ပွဲဖြစ်ပါကြောင်း၊ အသက်၊ ကိုယ်လက်အင်္ဂါနှင့် ကြီးကြီးမားမား ရင်းနှီးရသော အရေးတော်ပုံတစ်ခုလည်းဖြစ်ပါကြောင်း၊ ထိုအရေးတော်ပုံပွဲကြီးတွင် သတင်းမီဒီယာသမားများ၏ အခန်းကဏ္ဍလည်း ပါဝင်နေသည်ကို တွေ့ရပါကြောင်း၊ အမြောက်ဆန်၊ ဗုံးဆန်၊ ကျည်ဆန်များကြားကို သတင်းမီဒီယာသမားများ ဘာကြောင့် ရောက်လာကြသလဲ၊ သတင်းမီဒီယာသမားဆိုတာ အမှန်တရားကို ပြည်သူအတွက် တင်ဆက်ရန် လာခြင်းဖြစ်ပါကြောင်း၊ သတင်းမီဒီယာမရှိလျှင် အမှန်တရားသည် လုပ်ကြံခြင်းခံသွားရနိုင်ခြင်းကြောင့် သတင်းမှန်ကို ဖော်ထုတ်ရန် ရောက်လာကြကြောင်း၊ တပ်မတော်သားများက လက်နက်ကိုကိုင်ကြကြောင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဆေးသေတ္တာနှင့် ထမ်းစင်ကို ကိုင်ကြကြောင်း၊ သတင်းမီဒီယာသမားများက ကင်မရာနှင့် ကလောင်ကို ကိုင်ကြကြောင်း၊ ကိုင်စွဲသော လက်နက်ချင်း မတူသော်လည်း စွန့်လွှတ်ရဲ စွန့်စားရဲသည့် သူရဲကောင်းစိတ်ဓာတ်ချင်းမှာ အတူတူပဲဟု ပြောချင်ပါကြောင်း။

ထို့ကြောင့် နိဂုံးချုပ်အားဖြင့် ပြောကြားရလျှင် ယနေ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ခရီးစဉ်သည် အမိမြေကို ကာကွယ်နေကြသော သူရဲကောင်းများကို လာရောက်အလေးပြုသောပွဲပါပဲဟု တင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများအတွက် ကျပ်သိန်း ၁၈၀၀ တန်ဖိုးရှိ ဂုဏ်ပြုပစ္စည်းများကို ပေးအပ်ရာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်စိုးက လက်ခံသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်ရွှေက နိုင်ငံတော်အတွက် အသက်ပေးဆက်သူ ကြက်ခြေနီတပ်ဖွဲ့ဝင် ဒုအရာခံဗိုလ် မိုးကျော်သန်းအတွက် ငွေကျပ် ငါးသိန်းကိုပေးအပ်ရာ ဒုအရာခံဗိုလ်မိုးကျော်သန်း၏ ဇနီးကလည်းကောင်း၊ ဒဏ်ရာရကြက်ခြေနီတပ်ဖွဲ့ဝင်နှစ်ဦးအတွက် ငွေကျပ် နှစ်သိန်းစီကိုပေးအပ်ရာ လောက်ကိုင်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ ဦးစီးအရာရှိ ဒုတိယတန်း ဦးကျော်ဇောထူးနှင့် ကွမ်းလုံမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ တပ်သား ဦးဇော်မင်းထိုက်တို့ကလည်းကောင်း၊ ရှေ့တန်းတွင် တာဝန်ထမ်းဆောင်သည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် ဝတ်စုံဖိုးထောက်ပံ့ငွေကျပ် ၁၆ သိန်း ၅ သောင်းကိုပေးအပ်ရာ တာဝန်ရှိသူနှစ်ဦးကလည်းကောင်း၊ ဒဏ်ရာရ သတင်းသမားတစ်ဦးအတွက် ငွေကျပ် နှစ်သိန်းအားပေးအပ်ရာ MRTV-4 မှဒဏ်ရာရ သတင်းထောက် မောင်မြတ်သီဟမောင် ကိုယ်စား ဦးဝင်းလှိုင်ကလည်းကောင်း လက်ခံကြသည်။ ထို့နောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် လားရှိုးမြို့ရှိ အညတရစစ်သည်ဗိမာန်သို့သွားရောက်ကာ နိုင်ငံတော်အတွက် အသက်ပေးဆက်သူများကို ဂုဏ်ပြုအလေးပြုကြပြီး မွန်းလွဲပိုင်းတွင် လားရှိုးမြို့မှ ပြင်ဦးလွင်မြို့သို့ လေယာဉ်ဖြင့် ထွက်ခွာသွားကြသည်။

အဆိုပါ ခရီးစဉ်တွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန်နှင့် ဦးဂျေယောဝူ၊ ဒေါ်နော်မေးရီယန်၊ ဦးပိုးရယ်အောင်သိန်း၊ ဦးစောအောင်ကျော်နိုင်(ခ) ရှားဘူးဖော့၊ ဒေါ်နန်းနီနီအေး၊ ဦးမင်းမျိုးတင့်လွင်၊ ဦးကျွန်ခဲန်း၊ ဦးမြတ်ကို၊ ဦးမောင်စိန်၊ ဦးထွန်းဇော်(ခ) ကိုပေါက်၊ ဦးအောင်ကြည်ညွန့်၊ ဦးကျော်သူဦး၊ ဦးခင်မောင်ဌေး၊ ဒေါ်ရီရီမြင့်၊ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဝိုင်းကြည်၊ ဒေါက်တာခင်ရွှေ၊ ဦးစိုင်းကျော်ဇောသန်း၊ ဦးနေဝင်းထွန်း၊ ဦးလျှူကွယ်ရှို၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် ဗိုလ်မှူးချုပ် သက်ထွန်းအောင်တို့ လိုက်ပါခဲ့ကြပြီး အနုပညာရှင်များဖြစ်ကြသော ထပ်ဆင့်အကယ်ဒမီ စင်ရော်မောင်မောင်၊ နန်းဆုရတီစိုး၊ သီရိရှင်းသန့်၊ နိုနိုကေ၊ ဂျူးဂျူးကေနှင့် ဟန်သီတို့လည်း လိုက်ပါအားပေး ဂုဏ်ပြုခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဝမ်းမြောက်မိပါသည်

၂၀၁၅ ခုနှစ် မတ် ၃၁ ရက်က အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များအကြား အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက် ပဏာမမူကြမ်းကို လက်မှတ်ရေးထိုးခဲ့ရာ သမ္မတကြီးဦးသိန်းစိန် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ရေရှည်တည်တံ့ပြီး ခိုင်မြဲသော ငြိမ်းချမ်းရေးပေါ်ပေါက်လာနိုင်ရန်အတွက် သမိုင်းတွင်မည့် ခြေလှမ်းအသစ်ဟု ယုံကြည်ပါသည်။ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများဖြင့် မြန်မာနိုင်ငံတော် ထာဝရငြိမ်းချမ်းရေးမှတ်တိုင်သစ်ကို စိုက်ထူနိုင်ပါစေကြောင်း ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များက ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

**မြန်မာနိုင်ငံဂီတအစည်းအရုံး**

**မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး**

# မြစ်ရေတင်ဒေသများမှ ဝမ်းစာဖူလုံရေး အထွက်တိုးစပါး အဓိကထားစိုက်ပျိုးရန်လိုလား

**ညောင်ဦး မေ ၄**

ညောင်ဦးမြို့နယ်အတွင်းတွင် ရေသွင်းစပါးစိုက်ပျိုးရန် မြစ်ရေတင်ကြီး ငါးခုရှိသည်။ အဆိုပါ မြစ်ရေတင်ငါးခုမှာ သူကောင်းတည်မြစ်ရေတင်၊ ငါ့သရောက်မြစ်ရေတင်၊ လက်ပံခြေပေါ်မြစ်ရေတင်၊ ကျောက်ကူးမြစ်ရေတင်၊ လောကနန္ဒာမြစ်ရေတင်ဟု မြစ်ရေတင်ကြီးငါးခု တည်ဆောက်ထားရှိသည်။ မြစ်ရေတင်ကြီးများ တည်ဆောက်ပေးခဲ့ရာ ဒေသခံတောင်သူများသည် နွေစပါးနှင့် မိုးစပါးဟူ၍ နှစ်သီးစားစိုက်ပျိုးခဲ့သည်။ နွေရောက်လျှင် မြစ်ရေတင်ရေများမှ ရေပေးဝေမှုအပေါ်မူတည်၍ နွေပဲတီစိမ်း၊ စီပီပြောင်းဖူး၊ ကုလားပဲ၊ နှမ်းစသည့် သီးနှံများနှင့် အစဉ်ပြေသလို စိုက်ပျိုးကြသည်။ ထိုသို့ စိုက်ပျိုးလျက် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ကျေးလက်နေပြည်သူများနှင့် ဒေသခံပြည်သူလူထု ထိုက်သင့်လျော်စွာ အကျိုးခံစားခွင့်ရှိလာခဲ့သည်။ ယခုနှစ် နွေရာသီတွင် စပါးစိုက်ပျိုးရန် စိုက်ပျိုးရေး ရေမလုံလောက်သည့်အတွက် စပါးကို လျှော့ပေါ့စိုက်ပျိုးကြရသည်။

"ဒေသခံများကလည်း အထွက်တိုးစပါးမျိုးကိုသာ အများဆုံးစိုက်ပျိုးလိုလားကြတယ်။ သို့ပေမယ့် နွေစပါးအစား နှမ်းနှင့် ပဲတီစိမ်း၊ စီပီပြောင်းဖူးများကိုသာ စိုက်ပျိုးကြရသည်။ ကျောက်ကူးမြစ်ရေတင် စိုက်ပျိုးသော တောင်သူလယ်သမားတစ်ဦးကတော့ "ကျွန်တော်တို့တွေကို ယခုလို မြစ်ရေတင်တွေတည်ဆောက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အရင်တုန်းကဆိုရင် နွေရာသီမှာ ခြောက်သွေ့နေတာပဲ။ အခုတော့ နွေရာသီဆိုပေမယ့် ဘယ်ကြည့်ကြည့် စိမ်းစိမ်းစိုစိုရှိနေတာပဲ။ ကျွန်တော်တို့တောင်သူတွေက နွေစပါးကိုပဲ စိုက်ချင်တယ်။ နွေစပါးက မိုးစပါးထက် ပိုထွက်တယ်။ တစ်ဧကကို တင်းတစ်ရာကျော်လောက် ထွက်တယ်။ ဒီထက်ပိုပြီး အထွက်တိုးစပါးများကို ပိုစိုက်ချင်ပါတယ်"ဟု တောင်သူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ အခုစိုက်တဲ့ စပါးမျိုးက မနောသုခလို့ပြောတယ်။ မနောသုခမျိုးက တစ်ဧကဆိုလျှင် တင်း ၁၂၀ အများဆုံးထွက်နိုင်တယ်။ မနောသုခမျိုးက ပိုးဒဏ်လည်းခံနိုင်တယ်။ ရေလည်းပိုသွင်းရတယ်။တောင်သူကလည်း မနောသုခစပါးမျိုးကိုသာ ကျွမ်းကျင်ပိုင်နိုင်စွာ စိုက်ပျိုးနိုင်တယ်။ အခြားရက်တိုစပါးမျိုးတွေကို မစိုက်ချင်ကြဘူး။ အခြားရက်တိုသက်နုစပါးမျိုးတွေက ပိုးဒဏ်မခံနိုင်ဘူး။ အဲ့ဒီတော့ ကျွန်တော်တို့ တောင်သူတွေက သက်နုစပါးမျိုးကို အကြိုက်နည်းကြတယ်။ ကျွန်တော်တို့ တောင်သူတွေက တစ်ဧကကို တင်း ၁၅၀၊ ၂၀၀ ထွက်တဲ့ စပါးမျိုးတွေကို အဓိက စိုက်ပျိုးချင်နေကြတယ်" ဟု သူကောင်းတည်မြစ်ရေတင်စပါးစိုက် တောင်သူတစ်ဦးထံမှ သိရှိရသည်။ "ကျွန်မတို့ကတော့ စပါးကိုပဲ စိုက်ချင်တယ်။ စပါးက ကောက်ရိုးလည်းရောင်းရတယ်။ ပေါင်းလည်း တင်စရာမလိုဘူး။ ဖြစ်နိုင်ရင် တောင်သူတွေကို စပါးစိုက်ပျိုးနည်းပညာများ သင်တန်းပေးပြီး အထွက်တိုးစပါးမျိုးကိုသာ စိုက်ပျိုးမှု လိုလားကြတယ်။ ဒါမှ ကျွန်မတို့ ဒေသရှိပြည်သူတွေရဲ့ ဒေသဝမ်းစာ ဖူလုံရုံမက အခြားမြို့ရွာများသို့ တင်ပို့ရောင်းချပေးနိုင်မှာပါ။ ဒါဆိုရင် တောင်သူလယ်သမားဘဝ အဆင့်မြင့်မားလာမှာဖြစ်ပါတယ်" ဟု ငါ့သရောက် မြစ်ရေတင် စပါးစိုက်တောင်သူ အမျိုးသမီးတစ်ဦးထံမှ သိရသည်။

**ကျော်ဌေး**

ဦးနိုင်ဝင်း၏ အားသစ်
မူလတန်းဆရာ၊ဆရာမဝင်ခွင့်
PPTT
Sat,Sunတန်းခွဲ(A)(B)(April.11စမည်)
Dailyတန်းခွဲ (C)(D)(April.18စမည်)
၁၄၈(၄လွှာ)ဆိပ်ကမ်းသာလမ်း(အောက်)ပန်းဆိုးတန်းမှတ်တိုင်
09 500 1599,09 450017415, 09 8632973

**ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးခြင်း**

ယာဉ်အမှတ်၆ဂ/၃၁၀၃၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

**ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးခြင်း**

ယာဉ်အမှတ်၁ဂ/၅၄၅၉၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

**ပြည်ထဲရေးဝန်ကြီးဌာန**
**တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများတွင် အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) **မြန်မာနိုင်ငံရဲတပ်ဖွဲ့။** နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံး။

(ခ) **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
- (၁) ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာဒုံမြို့နယ်
- (၂) နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်

(ဂ) **အကျဉ်းဦးစီးဌာန**
- (၁) ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်
- (၂) ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်
- (၃) မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်
- (၄) နေပြည်တော်၊ဒက္ခိဏသီရိမြို့နယ်

(ဃ) **မီးသတ်ဦးစီးဌာန**
- (၁) နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်
- (၂) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်

၂။ အဆိုပါလုပ်ငန်းများအတွက် ပြည်တွင်းနိုင်ငံသားကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာကို ၆-၄-၂၀၁၅ရက်မှစတင်၍ ဝယ်ယူနိုင်ပြီး ၃၀-၄-၂၀၁၅ရက် နောက်ဆုံးထား၍ ပေးပို့တင်သွင်းသွားရန်ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များကို ရုံးအမှတ်(၁၀)၊ ပြည်ထဲရေးဝန်ကြီးဌာနတွင်ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့်ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile ကိုပါတင်ပြရမည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | |
|---|---|
| (က) ပြည်ထဲရေးဝန်ကြီးရုံး | ဖုန်း-၀၆၇-၄၁၂၄၃၆၊၀၆၇-၄၁၂၄၃၇ |
| (ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၄၁၂၁၃၈၊၀၆၇-၄၁၂၂၅၈ |
| (ဂ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဖုန်း-၀၆၇-၄၁၂၅၂၈၊၀၆၇-၄၁၂၁၇၄ |
| (ဃ) အကျဉ်းဦးစီးဌာန | ဖုန်း-၀၆၇-၄၃၁၄၁၆၊၀၆၇-၄၃၁၄၂၀ |
| (င) မီးသတ်ဦးစီးဌာန | ဖုန်း-၀၁-၆၆၁၅၄၄၊၀၁-၆၆၄၇၅၄ |

**တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ**

ပြည်တွင်းသတင်း

# မဟာသင်္ကြန်ကာလအတွင်း မလိုလားအပ်သောပြဿနာများမဖြစ်ပေါ်ရေး လုံခြုံရေးအစီအမံများ အထူးဂရုစိုက်

**နေပြည်တော် ဧပြီ ၄**

၁၃၇၆ ခုနှစ် နေပြည်တော်မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၃ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**



ရှေးဦးစွာ ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က အမှာစကားပြောကြားရာတွင် ၁၃၇၆ ခုနှစ် နေပြည်တော် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ယခင်နှစ်က ကျင်းပခဲ့သည့်အတိုင်း ယိမ်းအကပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ နေပြည်တော် ဟိုတယ်ဇုန်ရှိ မဏ္ဍပ်များ အနေဖြင့်လည်း မိမိတို့မဏ္ဍပ်များ၏ လုံခြုံရေးနှင့် နည်းစနစ်တကျပျော်ရွှင်စွာ ရေကစားနိုင်ရေးတို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းကာ မိမိတို့ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းပါဝင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ဟိုတယ်များ၌လည်း မဟာသင်္ကြန်မဏ္ဍပ်များ ဆောက်လုပ်ပြီး ရေကစားခြင်း၊ တေးဂီတများ၊ ယိမ်းအကများဖြင့် ဖျော်ဖြေခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင် ဝတ်စားဆင်ယင်မှုများ၊ တေးဂီတဖျော်ဖြေမှုများ၊ ယိမ်းအကများကို မြန်မာ့ယဉ်ကျေးမှုနှင့်မဆန့်ကျင်ဘဲ ယဉ်ကျေးမှုအမွေအနှစ်များကို အလေးထားထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုကြောင်းနှင့် မဟာသင်္ကြန်ကာလအတွင်း မလိုလားအပ်သောပြဿနာများ မဖြစ်ပေါ်စေရေးတို့အတွက် လုံခြုံရေးအစီအမံများအား အထူးဂရုစိုက်ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဆပ်ကော်မတီအသီးသီးက မိမိတို့ကော်မတီများအလိုက် လုပ်ငန်းဆိုင်ရာစီမံဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းပြီးစီးအောင်မြင်မှုနှင့်ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများအပေါ် အသေးစိတ်ရှင်းလင်းတင်ပြကြပြီး သင်္ကြန်မဏ္ဍပ်တည်ဆောက်မည့် ကုမ္ပဏီများနှင့် ဟိုတယ်များမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ဆပ်ကော်မတီများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ညှိနှိုင်းဆောင်ရွက်ပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

၁၃၇၆ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မဟာသင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက်နေ့အထိ နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာနမှ မြန်မာ့ဆိုင်းဝိုင်းကြီးနှင့် ယိမ်းအကအဖွဲ့များ၊ သီဆိုဖျော်ဖြေမှုများ၊ ဝန်ကြီးဌာနများ၊ ဟိုတယ်များနှင့် ဆောက်လုပ်ရေးကုမ္ပဏီများမှ သင်္ကြန်ယိမ်းအကပြိုင်ပွဲများနှင့် သီဆိုဖျော်ဖြေမှုအစီအစဉ်များဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းလျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မော်လမြိုင်ကျွန်း မြန်မာ့ရိုးရာသင်္ကြန် စည်ကားသိုက်မြိုက်စွာကျင်းပရေး ကြိုတင်ပြင်ဆင်

**မော်လမြိုင် ဧပြီ ၄**

၁၃၇၆ ခုနှစ် မော်လမြိုင်ကျွန်းမြို့နယ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ယဉ်ကျေးပျော်ရွှင်စွာနှင့် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် မြို့နယ်မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီနှင့် အထောက်အကူပြုကော်မတီများဖွဲ့စည်းပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းမြန်မာ့ရိုးရာမဟာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို သင်္ကြန်အကြိုနေ့ ဧပြီ ၁၃ ရက် ညနေ ၅ နာရီတွင်ကျင်းပပြီးနောက် မြနန္ဒာခေတ်ပေါ်တေးဂီတအဖွဲ့ဖြင့် သင်္ကြန်ချစ်သူများကို ဖြေဖျော်တင်ဆက်သွားမည်ဖြစ်သည်။

ယင်းနောက် မော်လမြိုင်ကျွန်းမြို့ပေါ် ရပ်ကွက် ၁၃ ရပ်ကွက်တို့၌လည်း ရေကစားမဏ္ဍပ်များဖြင့် ယဉ်ကျေးပျော်ရွှင်စွာရေကစားကြမည်ဖြစ်ပြီး ရပ်ကွက်အလိုက် စတုဒိသာအကျွေးအမွေးများဖြင့် ကျွေးမွေးလှူဒါန်းကြမည်ဖြစ်သည်။

ထို့နောက် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် မြို့နယ်အတွင်းမှ သက်ကြီးဘိုးဘွားများနှင့် မော်လမြိုင်ကျွန်းမြို့ ချမ်းမြေ့ဘိုးဘွားရိပ်သာမှ ဘိုးဘွားများအား ပူဇော်ကန်တော့ကြမည်ဖြစ်ကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**



## သင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုအန္တရာယ်မဖြစ်စေရေး စစ်ဆေးအရေးယူမှုများ ကြိုတင်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဧပြီ ၄**

မဟာသင်္ကြန် ကာလအတွင်း ယာဉ်အန္တရာယ် မဖြစ်ပွားစေရေးအတွက် သင်္ကြန်အကြိုကာလမှ စတင်၍ ယာဉ်စည်းကမ်းချိုးဖောက်မှု၊ အရက်သေစာ သောက်စားမူးယစ်မောင်းနှင်မှုများအား ယာဉ်ထိန်းရဲတပ်ဖွဲ့က စစ်ဆေးအရေးယူလျက်ရှိရာ မတ် ၁၉ ရက်မှ ဧပြီ ၂ ရက်အထိ ယာဉ်တိုက်မှုအန္တရာယ်ဖြစ်စေသည့် မီးနီဖြတ်မောင်းနှင်ခြင်း၊ လမ်းပြောင်းပြန်မောင်းနှင်ခြင်းအပါအဝင် စည်းကမ်းချိုးဖောက်မှု ၁၄၀၃၀၊ စည်းကမ်းပျက်ဆိုင်ကယ် ၃၅၉ စီး အရေးယူထားရှိပြီးဖြစ်သည်။

ထို့ပြင် အရက်သေစာသောက်စားမောင်းနှင်မှုရှိ/မရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက အရက်မူးတိုင်းကရိယာ (Alcohol Testor) ဖြင့်စစ်ဆေးပြီး အသိပညာပေးခြင်း၊ ဘေးအန္တရာယ်ဖြစ်စေသည်အထိ မူးယစ်မောင်းနှင်ပါက ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မြန်မာ့အလင်း)**

နိုင်ငံတကာသတင်း

## မလေးရှား၌ အရပ်ဘက်သုံးရဟတ်ယာဉ်ပျက်ကျ လူခြောက်ဦးထက်မနည်းသေဆုံး

**ကွာလာလမ်ပူ ဧပြီ ၄**

မလေးရှားနိုင်ငံ မြို့တော် ကွာလာလမ်ပူ၏ အရှေ့တောင်ပိုင်း ဆင်ခြေဖုံးအရပ်၌ ဧပြီ ၄ ရက်က အရပ်ဘက်သုံးရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ အလွန်အရေးပါသည့် ပုဂ္ဂိုလ်များအပါအဝင် လူခြောက်ဦး ထက်မနည်း သေဆုံးသည်ဟု ဆိုသည်။

မြို့တော် ကွာလာလမ်ပူမှ အရှေ့တောင်ပိုင်း ကီလိုမီတာ ၄၀ ခန့်အကွာတွင်တည်ရှိသော ဂါဂျန်ခရိုင် ဂျာလန် ဆဂလာလန်အရပ်ရှိ လေယာဉ်ပျက်ကျရာ နေရာ၌ မီးလောင်ထားသော လူသေအလောင်းနှစ်လောင်းကို တွေ့ရှိရကြောင်း မျက်မြင်သက်သေများ၏ အဆိုအရ သိရသည်။

လေယာဉ်ပျက်ကျစဉ်က လေယာဉ်တာဝန်ရှိသူများက ဒုက္ခနှင့်ကြုံတွေ့နေပြီဟူသော ဖုန်းခေါ်သံကို ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် စီလန်ဂေါ် မီးနှင့် ကယ်ဆယ်ရေးဌာနမှလက်ခံရရှိခဲ့ရာ မီးသတ်ဝန်ထမ်း ၂၀ ခန့်အား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းအတွက် အခင်းဖြစ်ရာနေရာသို့ စေလွှတ်ခဲ့သည်ဟု သိရသည်။

အဆိုပါရဟတ်ယာဉ်ပေါ် လိုက်ပါသွားသည့် ခရီးသည်များနှင့်ပတ်သက်၍ အသေအချာလေ့လာစိစစ်ချက် မလုပ်ရသေးကြောင်း မလေးရှားပြည်တွင်းလေကြောင်းဌာနမှ ညွှန်ကြားရေးမှူးချုပ် အာဇာရုဒ်ဒင် အဗ္ဗုလ် ရာမန်၏ ပြောကြားချက်အရ သိရသည်။

(ဂျေတီ ရေးသည်)

**(ဆင်ဟွာ)**



ရဟတ်ယာဉ်ပျက်ကျသည့်နေရာကို တွေ့ရစဉ်။

Wedding Palace
ONE STOP WEDDING SERVICES CO., LTD.
SHWE MIN THAMEE Footwear
MOE KO OO & GROUP Wedding dress, Photo & Video 09 51 55345
မြန်မာနှစ်သစ်ကူးနှစ်ဆန်း(၁)ရက်နေ့မှစ၍မင်္ဂလာဆောင်ကြမည့် မင်္ဂလာမောင်နှံများအတွက် ရင်ခုန်ဖွယ်ရာအထူးအစီအစဉ်
ဧပြီ(၁)ရက်မှ(၇)ရက်အတွင်း Wedding Palace One Stop Wedding Services Co;Ltd တွင်ကြိုတင်လာရောက်၍ မင်္ဂလာပွဲအပ်နှံကြသော မင်္ဂလာမောင်နှံများအတွက်နှစ်သစ်ကူးအထူးအစီစဉ်အဖြစ် မင်္ဂလာဝတ်စုံများကို
50% Discount
လျှော့ချပေးသွားမည်ဖြစ်ပါသည်။ Pre Wedding Package များကိုလည်း Special Price များဖြင့်စီစဉ်ထားပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
Contact :09 799628990,09 799628992,09 799628993
Facebook Page :Wedding Palace One Stop Wedding Services Co:Ltd.com
Address :No.20,Building (c),Mya Yeik Nyo Royal Hotel Campus, Pearl Road, Bahan Township, Yangon

ဆောင်းပါး

# ငြိမ်းအေးပြည်သာ ဆင်ဖြူတော်ရတနာ

ဝင်းလှိုင်ကျော်

ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်တော်မမူမီ နောက်ဆုံးဘဝ၌ သိဝိတိုင်းစေတုတ္တရာပြည်ကို အစိုးရသော သိဥ္စည်းမင်းကြီးနှင့်ဖုသတီမိဖုရားတို့မှ မြတ်စွာဘုရားအလောင်းတော် ဝေဿန္တရာဟူသော သတို့သားအဖြစ် ဖွားမြင်တော်မူခဲ့ပါသည်။ အလောင်းတော်ဝေဿန္တရာမင်း၏ တန်ခိုးတော်ကြောင့် ဖွားမြင်သောနေ့၌ပင် ကောင်းကင်သို့ သွားတတ်သော ဥပေါသထ ဆင်မသည် ဆင်ဖြူပေါက်ငယ်တစ်စီးကို ယူဆောင်၍ နန်းတော်ရှိ ဆင်တင်းကုပ်သို့ ပို့ဆောင်ထားရှိခဲ့ပါသည်။ ထိုဆင်ဖြူပေါက်ငယ်သည် ဆင်တို့၏ ကြန်အင်လက္ခဏာမင်္ဂလာအပေါင်း အကောင်းဟူသမျှ စုံလင်စွာပြည့်စုံပြီး ငွေစင်ပြားဖြင့် ဖုံးဖိထားသကဲ့သို့ ကိုယ်လုံးဖြူဖွေးသော ဆင်ဖြူရတနာဖြစ်ပါသည်။ ဘုရားအလောင်း၏ ကောင်းမြတ်သော အထောက်အပံ့ကို ဖြစ်စေသောကြောင့် ထိုဆင်ဖြူပေါက်ငယ်အား ပစ္စယဟု အမည်ပေးတော်မူခဲ့ပါသည်။

ဝေဿန္တရာမင်း အသက်တစ်ဆယ့်ခြောက်နှစ်ပြည့်မြောက်သောအချိန်တွင် မဒ္ဒီဒေဝီနှင့် စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားပြီး၊ စေတုတ္တရာပြည်ကို စိုးမိုးအုပ်ချုပ်မင်းလုပ်တော်မူသည်။ အလှူအတန်းပြုရာတွင် မရောင့်ရဲနိုင်သော ဝေဿန္တရာမင်းသည် မဒ္ဒီဒေဝီ၊ သားတော်ဇာလီ၊ သမီးတော် ကဏှာစိန်တို့နှင့်အတူ အလှူဇရပ်ခြောက်ဆောင်၌ တစ်လလျှင် ခြောက်ကြိမ် အလှူဒါနပြုရာတွင် ဆင်ဖြူတော်ပစ္စယကို စီးတော်မူပါသည်။

ထိုအချိန်တွင် ကလိင်္ဂရာဇ်ပြည်၌ မိုးခေါင်သဖြင့် ဒုဗ္ဘိက္ခန္တရကပ်ကြီးဆိုက်ရောက်ရာ အစာရေစာရှားပါးခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်း၊ ခိုးဆိုးလုယက်သတ်ဖြတ်ခြင်းတို့ကြောင့် ပြည်သူတို့ အေးချမ်းစွာမရှိဘဲ ကိုးကွယ်ရာမရ ဖြစ်ကြရသည်။ ကလိင်္ဂရာဇ်မင်းကြီးသည် ရှစ်ပါးသီလကို ခုနစ်ရက်ပတ်လုံး စောင့်သော်လည်း မိုးကားမရွာဘဲ ခေါင်မြဲသာခေါင်နေ၏။ နောက်ဆုံးတွင် မှူးကြီးမတ်ရာတို့က အကြံပြုသဖြင့် စေတုတ္တရာပြည့်ရှင်



ဆင်ဖြူတော်ရတနာမလေးအား ရဝိန္ဒုဒ္ဒသနမင်္ဂလာဖြစ်သော နေ/လပြနေစဉ်။



နဝမမြောက် ဆင်ဖြူတော်ရတနာကို ဆင်စခန်းတွင် လေ့ကျင့်ပေးနေစဉ်။

**ဆင်ဖြူတော်ရတနာများ ဆောင်ကြဉ်းခဲ့သောအေးချမ်းသာယာမှုအတိတ်နိမိတ်ကြောင့် ယခုအခါ တစ်နိုင်ငံလုံး ပစ်ခတ်မှုရပ်ဆိုင်းရေး သဘောတူစာချုပ်မူကြမ်းကို အစိုးရအဖွဲ့နှင့် တိုင်းရင်းသားခေါင်းဆောင်တို့အကြား အတည်ပြုလက်မှတ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့**

ဝေဿန္တရာမင်းကြီးထံမှ ပစ္စယဆင်ဖြူတော်ကို အလှူခံလေသည်။ ဆင်မျှကိုမဆိုထားဘိ အလှူခံသူရှိပါလျှင် ထီးနန်း၊ ပြည်၊ စည်းစိမ်မျှမက၊ မိမိခန္ဓာ၊ မျက်လုံး၊ နှလုံးသည်းပွတ်ကိုပင် လှူဒါန်းရန် ဝန်လေးတော်မမူသော ဝေဿန္တရာမင်းကြီးသည် ဆင်ဖြူတော်ပစ္စယကို ကလိင်္ဂရာဇ်မင်းစေလွှတ်သော ပုဏ္ဏားရှစ်ယောက်တို့အား ရေစက်သွန်းချလှူဒါန်းတော်မူလေ၏။ ဤသို့ဖြင့် ကလိင်္ဂရာဇ်ပြည်သို့ ဆင်ဖြူတော်ရောက်သည်နှင့် ပေါက္ခရဝဿမိုးကြီးရွာသွန်းကာ ဆန်ရေစပါးပေါများပြီး တိုင်းပြည်နှင့်အဝန်း အေးချမ်းသာယာစေခဲ့ပါသည်။

မြတ်စွာဘုရားဟောကြားတော်မူသော ဝေဿန္တရာဇာတ်တော်ကြီး၏ အလိုအရ (၁) ဥပေါသထမည်သော ဆင်ဖြူတော်တို့သည် ဘုရားအလောင်းတို့ကဲ့သို့သော မင်းကောင်း မင်းမြတ်တို့ ထွန်းကားသောအချိန်၌သာ လူ့ပြည်လူ့ရွာတွင် ပေါ်ထွန်းတတ်ကြောင်း၊ (၂) ငွေစင်ပြားဖြင့် ဖုံးသကဲ့သို့ ကိုယ်လုံးဖြူသော ဥပေါသထမည်သော ဆင်ဖြူတို့ရှိပါက မိုးလေဝသမှန်ခြင်း၊ ဆန်ရေစပါးပေါများခြင်း၊ ရာသီဥတုမှန်ခြင်းစသည့် လက္ခဏာများ ထင်ရှားစွာ ပေါ်ထွန်းတတ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံသည် တည်နေရာ၊ မြေမျက်နှာပြင်၊ ရာသီဥတု၊ မြေဆီလွှာနှင့် အောက်ခံ ကျောက်အမျိုးအစားတို့အပေါ် မူတည်၍ သဘာဝသစ်တောမျိုးစုံဧရိယာများစွာ ပေါက်ရောက်ပြီး၊ သစ်တောသစ်ပင်တို့ဖြင့် စိမ်းစိုလှပသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ဤသို့ ပြည့်စုံကြွယ်ဝသော သစ်တောဂေဟစနစ်ကြောင့် သစ်ပင်သစ်တောများအတွင်း မှီတင်းနေထိုင်ကြသော သားရဲတိရစ္ဆာန်နှင့် ငှက်မျိုးစုံ၊ သတ္တဝါမျိုးစုံတို့သည်လည်း သဘာဝအလျောက် မြူးတူးပျော်ပါး ကျက်စားလျက်ရှိကြပေသည်။ တောတွင်းရှိ အဖိုးတန် သစ်တောသယံဇာတများ၊ သတ္တဝါများအားလုံးအနက် ဆင်သည် အဖိုးတန်သည့် ကမ္ဘာ့အကြီးဆုံး ကုန်းသတ္တဝါဖြစ်ရကား ဆင်ကျက်စားရာ တောတောင်များသည်လည်း တောတကာတွင် တန်ဖိုးကြီးမားလှပေတော့သည်။ ထို့ထက်မူကား ဆင်ဖြူရတနာကျက်စားသော တောသည် တန်ဖိုးမဖြတ်နိုင်လောက်အောင် အဖိုးတန်သည်ဟု ဆိုရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ သမိုင်းအစဉ်အဆက် ရှေးမြန်မာမင်းများ လက်ထက်ကတည်းကပင် ဆင်ဖြူတော်များသည် တိုင်းပြည်၏ စစ်ရေး၊ မက်ရေး၊ ဘာသာရေး၊ သာသနာရေး၊ လူမှုရေး၊ စီးပွားရေး စသည့် ပြည်ရေးပြည်ရာ မှန်သမျှတွင် အရေးပါခဲ့ပါသည်။ အစောဆုံးလေ့လာတွေ့ရှိချက်များအရ အေဒီ ၁၀၀-၉၀၀ အတွင်း ပျူခေတ်၊ ပျူမင်းများ လက်ထက်ကပင် ဘုရင်နှင့် ပြည်သူတို့သည် ဘေးရန်ကင်းစေရန်နှင့် အမှုပြဿနာများ စီရင်ရာတွင် ဆင်ဖြူတော်ကို တိုင်တည်၍ ပူဇော်ခဲ့ကြကြောင်း၊ ပုဂံခေတ် အနော်ရထာမင်း (အေဒီ ၁၀၄၄-၁၀၇၇) လက်ထက်တွင် ဆင်ဖြူတော်(၃၂) စီးဖြင့် ပိဋကတ်တော်များကို မနူဟာမင်းထံမှ ပုဂံသို့ ပင့်ဆောင်ခဲ့ကြောင်း၊ ဆင်ဖြူတော်ဖြင့် စွယ်တော်ပင့်ဆောင်ကာ ကိန်းဝပ်ရာနေရာများတွင် ရွှေစည်းခုံ၊ လောကနန္ဒာ၊ တုရင်းတောင်၊ တန့်ကြည့်တောင်စေတီတော်များ တည်ထားခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့အတူ ပင်းယခေတ်မှစ၍ ကုန်းဘောင်ခေတ်တိုင်အောင် ခေတ်အဆက်ဆက်တွင်လည်း မြန်မာမင်းတို့သည် ဆင်ဖြူတော်များကို ရရှိပိုင်ဆိုင်တော်မူခဲ့ရာ ပင်းယခေတ်တွင် တစ်စီးရှင်သီဟသူနှင့် ငါးစီးရှင် မင်းကြီးကျော်စွာ၊ စစ်ကိုင်းခေတ်တွင် ဆင်ဖြူရှင်တရဖျား၊ အင်းဝခေတ်တွင် ဆင်ဖြူရှင်သီဟသူ၊ ဟံသာဝတီခေတ်တွင်ရာဇဓိရာဇ်၊ တောင်ငူခေတ်တွင် ဘုရင့်နောင်၊ ညောင်ရမ်းခေတ်တွင် တနင်္ဂနွေမင်း၊ ကုန်းဘောင်ခေတ်တွင် အလောင်းဘုရား၊ မြေဒူးမင်း၊ စဉ့်ကူးမင်း၊ ဘိုးတော်မင်းတရား၊ ဘကြီးတော် (စစ်ကိုင်းမင်း)၊ မင်းတုန်းမင်းနှင့် သီပေါမင်းတို့သည် ဆင်ဖြူတော်ရရှိပိုင်ဆိုင်ရာတွင် ထင်ရှားသောမင်းများ ဖြစ်ကြပါသည်။

မြန်မာ့သစ်တောများသည် ဆင်ဖြူတော်ရတနာများ ပေါ်ထွန်းတတ်သော ရေမြေသဘာဝရှိသော်လည်း၊ သမိုင်းအစဉ်အလာအရ ဆင်ဖြူတော်တို့သည် အခါမလပ် ပေါ်ထွန်းနေသည်မဟုတ်။ နိုင်ငံသာယာစည်ပင်မည့်အချိန်အခါမျိုး၊ ဆန်ရေစပါးပေါများ၍ တိုင်းပြည်အေးချမ်းသာယာမည့် အချိန်အခါမျိုးတို့တွင်သာ ခါတော်မီပန်း ပွင့်လန်းသည့်နှယ် ပေါ်ထွန်းလာတတ်ခြင်းဖြစ်သည်။ ထိုအခြေအနေကို ရှေးမြန်မာမင်းတို့လက်ထက်တွင် ဖြစ်ပေါ်ခဲ့သော သမိုင်းခြေရာများက ထင်ဟပ်ပြသလျက်ရှိသည်။ ယနေ့ မျက်မှောက်ခေတ်တွင် ၂၀၀၀ ပြည့်နှစ်မှစ၍ ဆင်ဖြူတော်ရတနာများ တစ်စီးပြီးတစ်စီး ပေါ်ထွက်ခဲ့ရာ ပထမဆင်ဖြူတော်ရတနာ ရာဇဂဟသိရီပစ္စယဂဇရာဇာကို ရခိုင်ပြည်နယ် မောင်တောမြို့နယ် အောင်သပြေအုပ်စု ဆင်စွယ်ရချောင်းမှ ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ရရှိခဲ့ပါသည်။ ဆက်လက်၍ ဒုတိယဆင်ဖြူတော်ရတနာ သိင်္ဂီမာလာကို ၂၀၀၂ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်မှလည်းကောင်း၊ တတိယဆင်ဖြူတော် ရတနာ ရတီမာလာကို ယင်းနှစ် ဇူလိုင်လ ၁၈ ရက်တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကိုင်းကြီးရွာအနီးမှလည်းကောင်း တစ်နှစ်တည်းမှာပင် ဆင်ဖြူတော်နှစ်စီးကို ထူးခြားစွာ ရရှိခဲ့ပါသည်။

ထို့နောက် စတုတ္ထဆင်ဖြူတော် ဘဒ္ဒဝတီကို ၂၀၁၀ ပြည့်နှစ် ဇွန်လ ၂၆ ရက်နေ့တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဖားဝပ်ချောင်းကျေးရွာအနီးမှ လည်းကောင်း၊ ပဉ္စမ ဆင်ဖြူတော်ရတနာ နန္ဒဝတီကို ယင်းနှစ် စက်တင်ဘာလ ၂၃ ရက်တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ်၊ ရန်အောင်မြင်စံပြရွာအနီးမှလည်းကောင်း၊ တစ်နှစ်တည်းမှာပင် ဆင်ဖြူတော်နှစ်စီးကို ထူးခြားစွာ ထပ်မံရရှိခဲ့ပြန်ပါသည်။

၂၀၁၁ ခုနှစ်သည်ကား အထူးခြားဆုံးနှစ်ဟု ဆိုရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အမိမြန်မာနိုင်ငံနှင့် မြန်မာပြည်သူပြည်သားတို့အတွက် အတိတ်ကောင်းနမိတ်ကောင်းတို့ကို ဆောင်ကြဉ်း၍လာသော ဆင်ဖြူတော် ရတနာသုံးစီးတို့ တစ်နှစ်တည်းမှာပင် ထူးခြားစွာ ပေါ်ထွန်းလာခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ဆဋ္ဌမမြောက် ဆင်ဖြူတော် ငွေဆဒ္ဒန်ကို အောက်တိုဘာ ၁၅ ရက်နေ့တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် လောင်းဒုံကျေးရွာအနီးမှ လည်းကောင်း၊ သတ္တမမြောက် ဆင်ဖြူတော် ဟေမဝတီကို အောက်တိုဘာလ ၂၅ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့နယ်ခွဲ အလယ်ကျေးရွာမှလည်းကောင်း အသီးသီးရရှိခဲ့ပြီး ပိုမိုထူးခြားသည်မှာ အဋ္ဌမမြောက် ဆင်ဖြူတော် ဇာတကလျာကို ဆင်ဖြူတော်ဘဒ္ဒဝတီမှ ယင်းနှစ်နိုဝင်ဘာ ၂၇ ရက် ည ၉ နာရီ ၄၅ မိနစ်တွင် မွေးဖွားခဲ့ခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း ယခင်အစိုးရ လက်ထက် မြန်မာနိုင်ငံတွင် ဆင်ဖြူတော်ငါးစီးပေါ်ထွန်းခဲ့ပြီး ၂၀၁၁ ခုနှစ် နိုင်ငံတော်အစိုးရသစ်လက်ထက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပေါ်ထွန်းလာပြီးနောက် တစ်နှစ် အတွင်းမှာပင် ဆင်ဖြူတော်သုံးစီး ထူးခြားစွာ ပေါ်ပေါက်လာခဲ့သည်ကို တွေ့ရပါသည်။ ဆင်ဖြူတော် ပေါ်ပေါက်ရရှိသည်မှာ အစဉ်အလာအရ သဘာဝတောတွင်း၌ မွေးဖွား၍ ကြီးပြင်းလာသော ဆင်ဖြူတော်ကိုသာ ဖမ်းဆီးရရှိခြင်း ဖြစ်ပါသည်။ အဋ္ဌမမြောက် ဆင်ဖြူတော် ဇာတကလျာမှုကား နေပြည်တော်ဌာန ပြည်ဂါမတွင် ရောက်ရှိ ကျက်စားနေပြီဖြစ်သော ဆင်ဖြူတော် ဘဒ္ဒဝတီမှ ဖွားမြင်ခဲ့ခြင်းဖြစ်ရာ ရှေးမင်းများစဉ်ဆက် လက်ထက်တော်များ၌ပင် မကြုံစဖူး ထူးကဲလှသည်ကို တွေ့ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့၏ ထူးခြားဆန်းကြယ်သော ကံကြမ္မာဟုပင် ဆိုရမည်လားမသိ။ ယခုအခါ နဝမမြောက်ဆင်ဖြူတော်ရတနာကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် သလပ်ခွာကြိုးဝိုင်း အကွက်အမှတ်(၈) သစ်ပုတ်ချောင်းဖျားမှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ထပ်မံရရှိခဲ့ပြန်ပါသည်။ နဝမမြောက်ဆင်ဖြူတော်သည် ဆင်မယဉ်သာဖြစ်ပြီး အသက်အားဖြင့် ခုနစ်နှစ်ခန့်ရှိပါသည်။ ခန့်မှန်းခြေအားဖြင့် အရပ်အမြင့် ၆ ပေ ၃ လက်မ၊ ကိုယ်လုံးပတ် ၈ ပေ ၈ လက်မရှိပြီး အမြီးတံခါးစောင်း ၂ ပေ ၇ လက်မ ရှိကြောင်းသိရပါသည်။ ဆင်ဖြူတော်၏ကျောမှာ ငှက်ပျောကိုင်းသဏ္ဌာန်ရှိပြီး နားရွက်အရွယ်အစားမှာ အလယ်အလတ်ဖြစ်ပါသည်။ ဆင်ဖြူတော်၏ မျက်လုံးမှာ ပုလဲရောင်နှင့် အသားအရောင်မှာ ပန်းနုရောင်ဖြစ်ပါသည်။ ခြေသည်းမှာ ရှေ့(၅×၅)လက်မ၊ နောက်(၄×၄)လက်မဖြစ်ပြီး ဆင်ဖြူတော်၏ ကြန်အင်များသည် ကျမ်းဂန်လာဆင်ဖြူတော် လက္ခဏာများနှင့် ညီညွတ်ကြောင်း လေ့လာသိရှိရပါသည်။

နဝမမြောက်ဆင်ဖြူတော်ရတနာကို ရရှိသည့်နေ့မှစ၍ ရေသိုးမှိန်းသင် ဆင်စခန်းတွင် ပုခက်သွင်း လေ့ကျင့်ခဲ့ပြီး လူများနှင့် ကျွမ်းဝင်ယဉ်ပါးလာခဲ့ပြီဖြစ်ရာ ယခုအခါ နေပြည်တော်တွင် ယခင်ဆင်ဖြူတော်များနှင့် အတူထားရှိ

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

ပြည်တွင်းသတင်း

# မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်မူကြမ်းသဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ဂုဏ်ပြုကြေညာချက်

**ရက်စွဲ။ ၂၀၁၅ ခုနှစ်၊ ဧပြီ (၃)ရက်**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) အတည်ပြုမူကြမ်းကို ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့က နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ရှေ့မှောက်တွင် ပဏာမလက်မှတ်ရေးထိုးနိုင်ခဲ့သည့်အပေါ် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်(MTF) နှင့် ညီနောင်အသင်းများမှ ဝမ်းမြောက်ဝမ်းသာကြိုဆိုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း အပြန်အလှန်ကူးလူးသွားလာခြင်းဖြင့် စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ကို တိုးပွားစေခြင်း၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အပြန်အလှန်ကူးလူးဆက်သွယ်ခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး ပိုမိုရင်းနှီးနားလည်မှုများရရှိစေပြီး ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲခြင်းကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်အထိ ၁၆ လတိုင်တိုင်ညှိနှိုင်းဆွေးနွေးခဲ့ပြီး အတည်ပြုနိုင်ခဲ့သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ နေပြည်တော်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းနှင့် တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားခေါင်းဆောင်များအား မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ မြန်မာပြည်သူပြည်သားများနှင့် ထပ်တူထပ်မျှအထူးဝမ်းမြောက်ဂုဏ်ပြုအပ်ပါသည်။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများ**

# ခေတ်သစ်ပြည်သူ့ပါတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ တစ်နိုင်ငံလုံးအပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ကြိုးပမ်းမှုများ တိုးတက်ကောင်းမွန်လာမှုအပေါ် သဘောထားထုတ်ပြန်ချက်

(၁) ခေတ်သစ်ပြည်သူ့ပါတီသည် ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ ပြည်သူတို့၏ စီးပွားရေးကုန်လုပ်စွမ်းအားစုများ ဖွံ့ဖြိုးတိုးတက်ရေးတည်းဟူသော သုံးလွန်းတင် ဒီမိုကရေစီထူထောင်ရေးလမ်းစဉ်ကို ခံယူကျင့်သုံးသော ပါတီဖြစ်ပါသည်။

(၂) ယခုကဲ့သို့ ဒီမိုကရေစီနိုင်ငံ ထူထောင်ကူးပြောင်းလာသော မြန်မာနိုင်ငံတွင် ကမ္ဘာမှာသက်တမ်းအရှည်ကြာဆုံးစာရင်းဝင် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခစစ်မီးလုံးဝချုပ်ငြိမ်းရေး၊ အမျိုးသားသင့်မြတ်စည်းလုံးရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီးဖြစ်ပေါ်လာရေးများကို တစ်မျိုးသားလုံး စုပေါင်းလုံ့လပြု ကြိုးပမ်းသွားရမည့် အချိန်အခါဖြစ်ပါသည်။

(၃) ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ကကျင်းပခဲ့သည့် အစည်းအဝေးတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA) ချုပ်ဆိုနိုင်ရေးအတွက် NCA စာချုပ်၏ နောက်ဆုံးမူကြမ်းတွင်ပါဝင်သည့် အချက်အားလုံးကို နှစ်ဖက်သဘောတူညီမှုရရှိခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။ ပါတီ၏ (၅) နှစ်မြောက် နှစ်ပတ်လည်နေ့တွင်လည်း ပါတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် ပါတီကော်မတီများ၊ ပါတီဝင်များကတစ်ခဲနက် ဂုဏ်ပြုကြိုဆိုခဲ့ကြပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးခေတ်တစ်လျှောက်လုံး တစ်နိုင်ငံလုံး၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ကြိုးပမ်းမှုသမိုင်းတွင် ယခုကဲ့သို့ အခြေခံအဆင့်အောင်မြင်မှုများ ရရှိလာခြင်းသည် ပထမဆုံးသမိုင်းဝင် အောင်မြင်မှုပင်ဖြစ်ပါသည်။

(၄) အဆိုးဆုံးအခြေအနေများကို အကောင်းဆုံးဖြစ်လာစေရန် စစ်မက်ဖြစ်ပွားနေသော အခြေအနေများကို ငြိမ်းချမ်းရေးရလာစေရန် အောင်မြင်စွာကြိုးပမ်းနိုင်သော အစိုးရများ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးခေါင်းဆောင်များကသာ ပြည်သူလူထု၏ ကြည်ညိုလေးစားအားထားယုံကြည်မှုကို ရရှိကြမြဲဖြစ်ပါသည်။

(၅) တိုင်းရင်းသား ပြည်သူလူထုအကျိုးစီးပွားဦးထိပ်ထားလျက် စစ်သည်သေခြင်းတရားကဲ့သို့ ရှောင်လွှဲ၍မရသောအရာမဟုတ်၊ ကောင်းသောစစ်နှင့်ဆိုးသောငြိမ်းချမ်းရေးဟူ၍ မရှိနိုင်၊ ရန်သူပင်ဖြစ်ပါစေ။ မတရားမလုပ်စတမ်း၊ အမှားကြုံတွေ့ရခြင်းသည် ကျရှုံးမှုမဟုတ်၊ အမှားကိုပြင်ရန်ငြင်းပယ်ခြင်းကသာကျရှုံးမှုဖြစ်သည်။ မိမိအမှားကို ဝန်ခံရဲသောသတ္တိသည် အညံ့ခံခြင်း၊ ကျရှုံးခြင်းမဟုတ်၊ အနိုင်ရခြင်း၊ အောင်မြင်ခြင်းသာဖြစ်သည်ဆိုသော မွန်မြတ်သည့်ခံယူချက်ဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေးကို ကြိုးပမ်းသွားမည်ဆိုပါက မလွဲဧကန်အမှန်ပင်အောင်မြင်ရမည်ဖြစ်ပါသည်။

(၆) ထို့ကြောင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ UPWC နှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ NCCT တို့အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကျင်းပရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးမှသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီးဖြစ်ပေါ်လာရေးကို မဖြစ်မနေမဆုတ်မနစ် ဆက်လက်ကြိုးပမ်းသွားကြရန်နှင့် တိုင်းရင်းသားပြည်သူအပေါင်းတို့ကလည်း စုပေါင်းလုံ့လပြုထောက်ခံအားပေးသွားကြပါရန် တိုက်တွန်းထုတ်ပြန်အပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ခေတ်သစ်ပြည်သူ့ပါတီ(ဗဟိုရုံးချုပ်)**

# နဝမမြောက် ဆင်ဖြူတော်ရတနာ ဧပြီ ၆ ရက်တွင် နေပြည်တော်သို့ ရောက်မည်

**နေပြည်တော် ဧပြီ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် သလပ်ခွာသစ်တောကြိုးဝိုင်းမှ ပေါ်ထွန်းခဲ့သည့် ဆင်ဖြူတော်ရတနာကို ဧပြီ ၃ ရက်တွင် စတင်သယ်ဆောင်ခဲ့ရာ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ခြေရင်းရှိ ဆင်ဖြူတော်များထားရှိရာ အဆောင်သို့ ဧပြီ ၆ ရက်တွင် ရောက်ရှိမည်ဖြစ်သည်။

အဆိုပါဆင်ဖြူတော်ကို ဧပြီ ၃ ရက်တွင် ပုသိမ်မြို့တွင်းလှည့်လည်၍ ရန်ကုန်လှော်ကားဥယျာဉ်၌ နှစ်ည၊ ဖိုးကျားဆင်စခန်း၌ တစ်ညရပ်နားမည်ဖြစ်ပြီး နေပြည်တော်ကို ဧပြီ ၆ ရက်တွင် သယ်ဆောင်မည်ဖြစ်သည်။

အဆိုပါဆင်ဖြူတော်ရတနာမှာ ပုသိမ်မြို့နယ် သလပ်ခွာသစ်တောကြိုးဝိုင်း အကွက်အမှတ်(၈) သစ်ပုတ်ချောင်းဖျားမှ ဖေဖော်ဝါရီ ၂၇ ရက်တွင် တွေ့ရှိခဲ့ခြင်းဖြစ်ပြီး အသက် ခုနစ်နှစ်ခန့်၊ အရပ်အမြင့် ၆ ပေ ၃ လက်မ၊ ကိုယ်လုံးပတ် ၈ ပေ ၈ လက်မ၊ အမြီးတံခါးစောင်း ၂ ပေ ၇ လက်မရှိပြီး ဆင်ဖြူတော်၏ကျောမှာ ငှက်ပျောကိုင်းသဏ္ဌာန်၊ နားရွက်အရွယ်အစားမှာ အလယ်အလတ်ဖြစ်ပြီး မျက်လုံးမှာ ပုလဲရောင်၊ အသားရောင်မှာ ပန်းနုရောင်၊ ခြေသည်းရှေ့(၅×၅)လက်မ၊ နောက်(၄×၄)လက်မဖြစ်၍ ကျမ်းဂန်များတွင်ပါရှိသော ဆင်ဖြူတော်၏ကြန်အင်လက္ခဏာများနှင့် ညီညွတ်ကြောင်း သိရသည်။

ယခင်အစိုးရလက်ထက်တွင် ဆင်ဖြူတော်ရတနာ ငါးစီးပေါ်ထွန်းခဲ့ပြီး ယခု ဒီမိုကရေစီအစိုးရသစ် လက်ထက်တွင် ဆင်ဖြူတော်ရတနာလေးစီး ထပ်မံပေါ်ထွန်းခဲ့ခြင်းဖြစ်ရာ ယခုဆင်ဖြူတော်ရတနာမှာ နဝမမြောက် ဆင်ဖြူတော်ရတနာ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မန်ယူတို့ ဗီလာကို အနိုင်ရရှိ

**လန်ဒန် ဧပြီ ၄**

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်တစ်ခုဖြစ်သော မန်ယူနှင့် အက်စ်တွန်ဗီလာပွဲစဉ်တွင် အိမ်ရှင်မန်ယူအသင်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပထမပိုင်း ပွဲချိန် ၄၃ မိနစ်တွင် ဘလိုင်းဖန်တီးမှုမှတစ်ဆင့် ဟာရဲရားမန်ယူအတွက် အဖွင့်ဂိုး သွင်းယူပေးခဲ့သည်။ မန်ယူအသင်းသည် ဘောလုံးပိုင်ဆိုင်မှုများပြီး ဂိုးပေါက်ကန်သွင်းခွင့်လည်း အများဆုံးရရှိသည်။ ပွဲချိန် ၇၉ မိနစ်တွင် တိုက်စစ်မှူး ရွန်းနီ ဒုတိယဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၈၀ တွင် ဗီလာအတွက် တစ်လုံးတည်းသော ဂိုးကို ဘန်တီကီက သွင်းယူပေးခဲ့သည်။ ပွဲပြီးချိန် နာကျင်အချိန်ပိုတွင် မန်ယူကွင်းလယ်ကစားသမား မာတာမှ ဖန်တီးပေး၍ ဟာရဲရားက ထပ်မံသွင်းယူခဲ့ပြီး ပွဲပြီးချိန်တွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်ယူအသင်းသည် ရမှတ် ၆၂ မှတ်ရရှိထားပြီး မန်စီးတီးသာ ရှုံးနိမ့်ခဲ့လျှင် အဆင့် ၃ တွင် ရပ်တည်မည်ဖြစ်သည်။ မန်ယူအသင်းသည် ဧပြီ ၁၂ ရက်တွင် မန်စီးတီးအသင်းကို အိမ်ကွင်း၌ လက်ခံကစားရမှာဖြစ်ပြီး ဧပြီ ၁၈ ရက်တွင် ချယ်လ်ဆီးကို အဝေးကွင်းမှာ သွားရောက်ယှဉ်ပြိုင်ရမည် ဖြစ်သည်။



မန်ယူတိုက်စစ်မှူး ရွန်းနီ အက်စ်တွန်ဗီလာဘက်သို့ ဒုတိယဂိုးကို လှလှပပဂိုးကန်သွင်းစဉ်။

**ကျောဖုံးမှ**

ဒုတိယပိုင်း ၇၆ မိနစ်တွင် လီဗာပူးပယ်နယ်တီရရှိကာ ဂျော်ဒန်ဟန်ဒါဆန်မှ သွင်းယူပေးခဲ့သည်။ ပွဲပြီးချိန်မိနစ် ၉၀ တွင် အာဆင်နယ်အတွက် နောက်ဆုံးဂိုးကို ဆန်ချက်ဇ်ဖန်တီးပေးကာ တိုက်စစ်မှူး အိုလီဗာဂီရော့ဒ်က သွင်းယူပေးခဲ့သည်။

အာဆင်နယ်အသင်းသည် ပွဲစဉ် ၃၁ ပွဲကစားအပြီးတွင် ရမှတ် ၆၃ မှတ်ရရှိထားပြီး လီဗာပူးအသင်းမှာ ရမှတ် ၅၄ မှတ်ရရှိထားသည်။

**သီဟ**

## ပရီမီယာလိဂ်အခြားပွဲစဉ်များ

**အနိုင်/အရှုံး**

| | | |
|---|---|---|
| အဲဗာတန် | ၁-၀ | ဆောက်သမ်တန် |
| ဆွမ်ဆီး | ၃-၁ | ဟားလ် |
| ဝက်စ်ဘရွန်း | ၁-၄ | ကျူပီအာ |

## ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၂၇)

**အနိုင်/အရှုံး**

| | | |
|---|---|---|
| လေဗာကူဆင် | ၄-၀ | ဟမ်းဘတ် |
| ဝုဖ်ဘတ် | ၃-၁ | စတုဂတ် |
| ဟော်ဖန်ဟိန်း | ၁-၄ | ဂလာဘတ် |
| ဘရီမင် | ၀-၀ | မိန့်ဇ် |
| ဖရန့်ဖတ် | ၂-၂ | ဟန်နိုဗာ |
| ဖရိုင်းဘတ် | ၁-၀ | ကိုလုံး |

ပြည်တွင်းသတင်း

# ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး လက်မှတ်ရေးထိုး




**နေပြည်တော် မေ ၄**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အိန္ဒိယနိုင်ငံမှ Reliance Industries Ltd. နှင့် မြန်မာနိုင်ငံမှ United National Resources Development Services Co.,Ltd. တို့သည် တနင်္သာရီကမ်းလွန်လုပ်ကွက် M-17 နှင့် လုပ်ကွက် M-18 တို့အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract) ကို မတ် ၃၁ ရက် ညနေ ၆ နာရီခွဲက နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး၊ ပြည်သူ့လွှတ်တော် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးလွန်းသီ၊ ဒုတိယဝန်ကြီးများ၊ Reliance Industries Ltd. မှ President ဖြစ်သူ Mr. Atul Laul နှင့် United National Resources Development Services Co.,Ltd. တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က အမှာစကားကိုလည်းကောင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးနှင့် Reliance Industries Ltd. မှ President ဖြစ်သူ Mr. Atul Laul တို့က နှုတ်ခွန်းဆက်စကားများကို လည်းကောင်း ပြောကြားကြသည်။

ဆက်လက်၍ နှစ်ဖက်သဘောတူစာချုပ်များကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦး၊ Reliance Industries Ltd. မှ President ဖြစ်သူ Mr. Atul Laul နှင့် United National Resources Development Services Co., Ltd. မှ Chairman ဦးကျော်ခိုင်သိန်းတို့က လက်မှတ်ရေးထိုးကာ စာချုပ်များကို အပြန်အလှန်လဲလှယ်ကြပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကြသည်။

ယခု တနင်္သာရီကမ်းလွန် လုပ်ကွက်များဖြစ်သည့် M-17 နှင့် M-18 တို့ လက်မှတ်ရေးထိုးခြင်းသည် ပထမအကြိမ် ကမ်းလွန်လုပ်ကွက်များ တင်ဒါခေါ်ယူခဲ့ခြင်းအတွက် ဒသမမြောက်လက်မှတ်ရေးထိုးခြင်းဖြစ်သည်။

အဆိုပါစာချုပ်များ လက်မှတ်ရေးထိုးခြင်းမှ Signature Bonus အမေရိကန်ဒေါ်လာ ၁၇ သန်းနှင့် Data Fee အမေရိကန်ဒေါ်လာ တစ်သန်းရရှိမည်ဖြစ်သည်။ ဖော်ပြပါ လုပ်ကွက်များအတွက် လေ့လာရေးကာလ တစ်နှစ်နှင့် ရှာဖွေရေးကာလ ခြောက်နှစ်အတွင်း အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၈၉ သန်း သုံးစွဲမည်ဖြစ်သည်။ စာချုပ်များ လက်မှတ်ရေးထိုးပြီးပါက နိုင်ငံခြားရေနံကုမ္ပဏီများအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုရေးထိခိုက်မှု ဆန်းစစ်လေ့လာခြင်း လုပ်ငန်းများ (EIA/SIA) ကို သက်ဆိုင်ရာလုပ်ကွက်ဒေသများ၌ စတင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

❀ *ကျောဖုံးမှ*

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းအား ထောက်ခံဆန္ဒဖော်ထုတ်ပွဲသို့ ကျောက်မဲမြို့နယ်အတွင်းရှိ ရပ်ကွက်ကိုးခုနှင့် ကျေးရွာ ၁၀ ရွာမှ ရှမ်း၊ ဗမာ၊ ခနော၊ ပလောင်၊ ကိုးကန့်တိုင်းရင်းသားများအင်အား ၁၅၀၀၀ ခန့် ပါဝင်ခဲ့ကြပြီး အမှတ်(၁) ရပ်ကွက် ခရိုင်အားကစားကွင်းမှ အမှတ်(၈) ရပ်ကွက် မြို့နယ်အားကစားကွင်းသို့ ပင်လုံလမ်းမကြီးနှင့် အောင်ဆန်းလမ်းများအတိုင်း လမ်းလျှောက်ဆန္ဒဖော်ထုတ်၍ နံနက် ၁၀ နာရီအချိန်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မိုးလေဝသအခြေအနေ

**နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်၌ ယနေ့ အများအားဖြင့် သာယာမည်။**

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်၌ ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။**

**မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၌ နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။**

## ပထမပြန်စာမေးပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၄**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပလျက်ရှိသည့် ၂၀၁၅ ခုနှစ် ပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်စာဖြေဌာန ၂၃၈ ဌာနတို့၌ ဖြေဆိုကြသည်။

၂၀၁၅ ခုနှစ် ပထမပြန်စာမေးပွဲ ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာရင်းသွင်း သံဃာ၊သီလရှင် စုစုပေါင်း ၅၉၂၂၇ ပါးအနက် ၄၅၃၁၇ ပါးဖြေဆိုကြသဖြင့် ၇၆ ဒသမ ၅၁ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ငြိမ်းချမ်းမှုကိုလိုလားသော ပြည်သူများစုပေါင်း၍ အေးချမ်းစွာဖြင့် ဆန္ဒဖော်ထုတ်

**လင်းခေး မေ ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့ ရွာမကြီး အရှေ့ရပ်ကွက်နေ မြို့မိမြို့ဖများဦးဆောင်သော ပြည်သူလူထုအင်အား ၁၂၀၀ ခန့်သည် ခွင့်ပြုချက်ရယူပြီး စုပေါင်းစိတ်တန်းလှည့်လည်၍ ဆန္ဒဖော်ထုတ်ခြင်းကို မေ ၄ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့ကြသည်။

ယင်းဆန္ဒ ဖော်ထုတ်ပွဲကို လင်းခေးမြို့ နွယ်ဝတီခန်းမအရှေ့ လင်းခေး-ဝမ်ဟတ် သွားလမ်းမှစတင်ပြီး မြို့တွင်းလမ်းမကြီးအတိုင်း နှင်းဆီလမ်း၊ သီရိရတနာလမ်း၊ လင်းခေး-မိုင်းပန်မော်တော်ကားလမ်းမကြီးအတိုင်း လမ်းလျှောက်ဆန္ဒဖော်ထုတ်ခဲ့ကြပြီး ရွာမကြီးအရှေ့ရပ်ကွက်ရှိ ခွာညိုလမ်းအတိုင်း ပြန်လည်ဝင်ရောက်၍ ယင်းရပ်ကွက်ဓမ္မာရုံ၌ နံနက် ၉ နာရီအချိန်တွင် ရပ်နားခဲ့ကြသည်။

စိတ်တန်းလှည့်လည်ဆန္ဒဖော်ထုတ်ရာ၌ အပစ်အခတ် အမြန်ရပ်စဲပေး၊ "စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်တည်ငြိမ်အေးချမ်းဖို့လိုသည်"၊ "ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး၊ မင်းမဲ့စရိုက်ဖန်တီးသူ တို့ရန်သူ"၊ တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်ခွင့်ရရှိရေးဒို့အရေး. . ." စသည့် ဆောင်ပုဒ်များကိုကိုင်ဆောင်၍ " ဒီမိုကရေစီရှင်သန်ခိုင်မာရေး ဒို့အရေး"၊ "နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ဒို့ အရေး. . ."၊ "နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ဒို့အရေး"ဟူသော ကြွေးကြော်သံများဖြင့် စိတ်တန်းလှည့်လည် ဆန္ဒဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။



အဆိုပါ ဆန္ဒဖော်ထုတ်ပွဲကို ယနေ့ နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ထောက်ခံ၍ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲပြီး အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ကာ ဒီမိုကရေစီနိုင်ငံတော်ပေါ်ပေါက်စေရန် ရည်ရွယ်လျက် ယခုကဲ့သို့ ငြိမ်းချမ်းစွာဖြင့် မိမိတို့အနေဖြင့် စုပေါင်းကာ လူထုဆန္ဒဖော်ထုတ်ခဲ့ကြခြင်းဖြစ်ကြောင်း ဦးစိုင်းအောင်သန်းက ပြောကြားသည်။

"ဒီကနေ့ လူထုဆန္ဒဖော်ထုတ်ပွဲကို ဥပဒေနှင့်အညီ ခွင့်ပြုချက်တောင်းခံပြီးမှ ကျွန်တော်တို့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ နိုင်ငံတော်က ဆောင်ရွက်နေတဲ့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ နိုင်ငံအတွက် အလွန်အရေးကြီးပါတယ်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲမှ ပြည်သူတစ်ရပ်လုံးက အေးချမ်းစွာနဲ့ မိမိတို့ရဲ့ အသက်မွေးဝမ်းကျောင်းတွေကို လုပ်ကိုင်နိုင်ပြီး မိသားစုဘဝဟာ ဖွံ့ဖြိုးတိုးတက်လာနိုင်ကြမှာ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ဆက်လက်ပြီး မြို့မိ မြို့ဖ တစ်ဦးဖြစ်သူ ဦးစိုင်းသန်းကျော်က "ဒီနေ့ လူထုဆန္ဒဖော်ထုတ်ခြင်းဟာ နိုင်ငံတော်က ဆောင်ရွက်နေတဲ့ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေကို ထောက်ခံတဲ့အနေနဲ့ ပြုလုပ်တာပဲဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ပြည်တွင်းစစ် နှစ်ပေါင်း ၆၀ ကျော် ကြာရှည်ခဲ့ပြီဖြစ်ပါတယ်။ ဘယ်ဘက်က ကျဆုံးတာပဲဖြစ်စေ ကျွန်တော်တို့ နိုင်ငံသားတွေပဲဖြစ်ပါတယ်။ ကျဆုံးသွားသူရဲ့ မိသားစုတွေရဲ့ လူမှုဘဝလည်း ဆုံးရှုံးရပါတယ်။ နိုင်ငံအတွက် အရွယ်ကောင်းတွေဟာ စစ်ပွဲတွေမှာ အချိန်မကုန်ဘဲ နိုင်ငံနဲ့ လူမျိုး၊ မိသားစုအရေးတွေမှာ ဆောင်ရွက်ရင်းနဲ့ပဲ အချိန်ကုန်စေချင်ပါတယ်။ ဒါ့ကြောင့် တစ်နိုင်ငံလုံး အပစ်အခတ်အမြန်ရပ်စဲပြီး အေးချမ်းတည်ငြိမ်တဲ့ နိုင်ငံကြီးဖြစ်အောင် အမြန်ဆောင်ရွက်ကြဖို့ လူထုရဲ့သဘောထားကို အခုလို ဖော်ထုတ်ခဲ့ကြတာပဲဖြစ်တယ်" ဟု ပြောကြားခဲ့သည်။

အဆိုပါ ဆန္ဒဖော်ထုတ်ခြင်းကို အေးချမ်းစွာဖြင့် ပြုလုပ်ခဲ့ကြပြီး နံနက် ၉ နာရီတွင် ပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။ **(ခရိုင် ပြန်/ဆက်)**

# စူးမတ် အထည်ချုပ်စက်ရုံအလုပ်သမားများ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်

**ရေတာရှည် မေ ၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီကျေးရွာအုပ်စုရှိ အကြီးစားစက်မှုလုပ်ငန်း ရေနီစက္ကူစက်ရုံဝင်းအတွင်းရှိ စူးမတ်အထည်ချုပ်စက်ရုံမှ ဝန်ထမ်း ၃၇၀ တို့သည် မေ ၄ ရက် နံနက် ၉ နာရီက စက်ရုံဝင်းအတွင်း၌ အချက်(၁၃)ချက်ပါဝင်သော တောင်းဆိုချက်များဖြင့် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

၎င်းတို့တောင်းဆိုသောအချက်များတွင် အခြေခံလစာ အနိမ့်ဆုံးခြောက်သောင်းကျပ်တိုးမြှင့်ပေးရန်၊ အချိန်ပိုကြေးကို အပြည့်အဝ ပြန်လည်ပေးအပ်ရန်၊ လစဉ်အထည်ကြေး အပြည့်အဝပေးအပ်ရန်၊ အချိန်ပိုအား အလုပ်သမားများ၏ဆန္ဒမပါဘဲ အတင်းအကျပ်မခေါ်ရန်၊ လစာထုတ်ရက်အား ပိတ်ရက်ခံပါက တစ်ရက်ကြိုထုတ်ပေးရန်၊ အလုပ်တစ်ရက်ပျက်ပါက တစ်ရက်ခသာဖြတ်ရန်၊ ထမင်းစားချိန်ကို တစ်နာရီသတ်မှတ်ပေးရန်၊ တနင်္ဂနွေ ပိတ်ရက် အလုပ်ဆင်းရလျှင် အချိန်ပိုကြေး နှစ်ဆပေးရန်၊ အကြောင်းအမျိုးမျိုးကြောင့် ခွင့်တိုင်ကြားရာတွင် ကြည်ဖြူစွာပေးပါရန်အစရှိသော အချက်များပါဝင်သည်။

အဆိုပါဆန္ဒဖော်ထုတ်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်၊ အထည်ချုပ်စက်ရုံတာဝန်ခံ မသဇင်စိုးနွယ်၊ အလုပ်သမားခေါင်းဆောင်များ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ရာ တောင်းဆိုချက်(၁၂)ချက်အား မူအားဖြင့် သဘောတူညီခဲ့ပြီး အခြေခံလစာ ကျပ်ခြောက်သောင်း တိုးမြှင့်တောင်းဆိုမှုကို လာမည့်တနင်္လာနေ့တွင် ပိုင်ရှင်ဖြစ်သော ဦးခင်မောင်အေးနှင့် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အလုပ်သမားတစ်ယောက်ရဲ့ ဝင်ဝင်ချင်းလစာက တစ်ရက်ကို ကျပ် ၁၀၀၀ နှုန်း သတ်မှတ်ထားတယ်။ သုံးလလုပ်ပြီးရင် ကျပ် ၁၂၀၀ သတ်မှတ်တယ်၊ ပိတ်ရက်တွေမှာ လုံးဝမရဘူး။ နောက်တစ်ရက်ပျက်ရင် သုံးရက်စာဖြတ်တော့ ကျွန်တော်တို့ရတဲ့လစာငွေက ထမင်းထုပ်ဖိုးတောင် မရဘူးဖြစ်နေတယ်"ဟု ဆန္ဒဖော်ထုတ်သူတစ်ဦးက ပြောပြသည်။

ဆန္ဒဖော်ထုတ်ရာတွင်ပါဝင်ကြသော အလုပ်သမားများအားလုံး မွန်းလွဲ ၁ နာရီတွင် ငြိမ်းချမ်းစွာ မိမိတို့နေအိမ်အသီးသီးသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြကြောင်း သတင်းရရှိသည်။

**ကိုလွင်(ဆွာ)**

ပြည်တွင်းသတင်း

# နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ နေပြည်တော်အတွင်းလေ့လာ

**နေပြည်တော် ဧပြီ ၄**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာနှင့် အသက်မွေးပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုင်းကျော်နိုင်ဦး ဦးဆောင်သော နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူ ၄၀၀ ဦးတို့သည် ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်းရှိ သတ္တသတ္တာဟ မဟာဗောဓိ စေတီတော်မြတ်ကြီးနှင့် သံဝေဇနိယလေးဌာနသို့ ရောက်ရှိရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်၊ နေပြည်တော် ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် တရားစခန်းဗိမာန်အတွင်း၌ နေပြည်တော် သံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) ကျောင်းတိုက်ဆရာတော် သာသနဓဇ ဓမ္မာစရိယဘဒ္ဒန္တပညာသာရ အရှင်သူမြတ်ထံမှ ငါးပါးသီလ နာယူဆောက်တည်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးကံချွန်က ကျောင်းသား ကျောင်းသူများအား နေပြည်တော် သံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) တည်ဆောက်မှုဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ ကျောင်းသား ကျောင်းသူများသည် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးနှင့် သံဝေဇနိယလေးဌာနအတွက် အလှူငွေကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် လေ့လာရေးအဖွဲ့ ကျောင်းသား ကျောင်းသူများသည် သံဝေဇနိယလေးဌာနနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဖူးမြော်လေ့လာကြည်ညိုကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်စစ်သမိုင်းပြတိုက်၊ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းနှင့် နေပြည်တော်ရေပန်းဥယျာဉ်သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**



**နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ သံဝေဇနိယလေးဌာန၌ လေ့လာကြည်ညိုကြစဉ်။**
(သတင်းစဉ်)

*စာမျက်နှာ ၆ မှ*

စောင့်ရှောက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ နဝမမြောက် ဆင်ဖြူတော်ရတနာအား ၂၀၁၅ ခုနှစ် ဧပြီ ၆ ရက်တွင် တာဝန်ရှိသူများနှင့် ပြည်သူလူထုအပေါင်းမှ ကြိုဆိုကြမည်ဖြစ်ပါသည်။ ထို့နောက် မင်္ဂလာအချိန်တွင် ဆင်ဖြူတော်ရတနာဆောင်၌ အန္တရာယ်ကင်း မင်္ဂလာ၊ အဆောင်တော်သွင်းမင်္ဂလာ၊ အစာကျွေးမွေးခြင်းမင်္ဂလာ၊ နေ/လပြမင်္ဂလာ၊ ဘွဲ့နာမည် အမည်တော်ပေးမင်္ဂလာ၊ လက်ဆောင်/လက်ဖွဲ့ပေးအပ်ခြင်း မင်္ဂလာတို့ဖြင့် အသီးသီး ဆင်ယင်ကျင်းပမည် ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရေမြေတောတောင်သဘာဝ ထူးခြားကောင်းမွန်သဖြင့်၊ အစဉ်အဆက် ဆင်ဖြူတော်ရတနာများပေါ်ထွန်းရာ ဘူမိနက်သန်ဟု ခေါ်ဆိုနိုင်လောက်သည်ဟုပင် ဆိုရပေတော့မည်။ ရေမြေတောတောင်သဘာဝ ကောင်းမွန်ခြင်းကြောင့် ဆင်ဖြူတော်ရတနာများ ကျက်စားပျော်ပါးလျက်ရှိသည်ဆိုသော်လည်း လွန်ခဲ့သော ဆယ်စုနှစ်အတွင်း၌သာ ဆင်ဖြူတော်ရတနာကိုးစီးအထိ ပေါ်ထွန်းရရှိခဲ့သည်မှာလည်း ထူးခြားလှပေသည်။ ဗုဒ္ဓမြတ်စွာဘုရား အလောင်းတော်ဝေဿန္တရာမင်းကြီးလက်ထက်တော်အခါက ဒုဗ္ဘိက္ခန္တရကပ်ကြီးဆိုက်ရောက်နေသော ကလိင်္ဂရာဇ်ပြည်သည် ဆင်ဖြူတော်ပစ္စယကို အလှူခံရရှိသည်နှင့် ဆိုးရွားလှသော ကပ်ဘေးကြီးကို ကျော်လွှားကာ ပြည်သူအပေါင်း အေးချမ်းသာယာမှုကို ခံစားရရှိခဲ့ကြသည်။ မြန်မာနိုင်ငံတွင်မူ ယခုအခါ အဖိုးတန်ဆင်ဖြူတော်ရတနာကိုးစီး ပေါ်ထွန်းလာခဲ့ပြီဖြစ်ရာ ထူးခြားသည့် အတိတ်ကောင်း နိမိတ်ကောင်းများနှင့်အတူ နိုင်ငံနှင့်အဝန်း အေးချမ်းသာယာတော့မည်မှာ မြေကြီးလက်ခတ် မလွဲပင်ဖြစ်သည်။

ဆင်ဖြူတော်ရတနာများက ဆောင်ကြဉ်းခဲ့သော အေးချမ်းသာယာမှုအတိတ်နိမိတ်ကြောင့် ယခုအခါ တစ်နိုင်ငံလုံး ပစ်ခတ်မှုရပ်ဆိုင်းရေး သဘောတူစာချုပ်မူကြမ်းကို အစိုးရအဖွဲ့နှင့် တိုင်းရင်းသားခေါင်းဆောင်တို့အကြား အတည်ပြုလက်မှတ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့လေပြီ။ ဤကား ငြိမ်းချမ်းရေး၏အစ၊ ငြိမ်းချမ်းရေး၏ အလင်းတန်းပေတည်း။ ဂုဏ်ရှိရဆန်သည်ဟု ဆိုချင်ဆိုကြပါစေ။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် လိုအပ်လှသော ငြိမ်းချမ်းရေးအလင်းရောင်ကို နဝမမြောက် ဆင်ဖြူတော်က ဆောင်ကြဉ်းလာခဲ့ပြီဟုဆိုလျှင် မှားအံ့မထင်ပါ။ ။

## ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာများ

| စဉ် | ဆင်အမည်ဘွဲ့တော် | လိင် | အသက် | အရပ်အမြင့် | ကိုယ်လုံးပတ် | ဘယ်စွယ် | ညာစွယ် | ကျော | နားရွက် | မျက်လုံး | အမြီး | ခြေသည်း | အသားအရေ | အမွေးအမှင် | ပေါ်ထွန်းသည့်နေ့ရက်နှင့်နေရာ | ရောက်ရှိသည့်ရက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာဇဂဟသိရီပစ္စယဂဇရာဇာ | အထီးစွယ်စုံ | (၁၉)နှစ်ခန့်မှန်း | ၉' | ၁၄' | အလျား၂' ၉" လုံးပတ် ၁၁" | အလျား၂' ၉" လုံးပတ် ၁" | ငှက်ပျောကိုင်း | နားကြီး | ပုလဲရောင် | အလျား ၅' ၉" ရှိပြီး ဖြောင့်စင်းသွယ်တန်း၍ တံခါးပိတ်ပုံ | အရှေ့ခြေသည်း (၅)ခုစီ၊ နောက်ခြေသည်း (၄)ခုစီ | မိုးရာသီ၌ ပန်းရောင်သန်းသည့် အဖြူရောင်၊ ဆောင်းနှင့်နွေရာသီ၌ အုန်းခွံရောင်သန်းသည့် အဖြူရောင် | အဖြူရောင် | ၂၀-၁-၂၀၀၀ ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၊ အထက်နန်းရာအုပ်စု | (၁၅-၁၁-၀၁) ရန်ကုန်မြို့သို့ရောက်ရှိ |
| ၂ | သီဟိဂီမာလာ | အမ | (၃၅)နှစ်ခန့်မှန်း | ၇' ၉" | ၁၂' ၈" | သစ်ခွံထိုးအရွယ်စွယ်စုံ | - | ငှက်ပျောကိုင်း | ကြီးမား ကျယ်ပြန့်၍ ကြေးစည်ပုံသဏ္ဌာန်ရှိ | ပုလဲရောင် | အလျား၃' ၇"အဖျား အုန်းခွံရောင်ရှိသည့် မြီးဆံကျဲပါရှိ | ရှေ့နောက်(၄)ခုစီ ပါရှိကာ ခွာအိုးမှာ ပန်းနုရောင်ရှိသည် | ပန်းနုရောင်ဖြစ်ပြီး ရေနှင့်ထိပါက ပိုမိုတောက်ပြောင်သောပန်းနုရောင်သို့ပြောင်းသွားသည် | အဖြူရောင် | ၂၈-၁-၂၀၀၂ ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကိုင်းကြီးချောင်းဖျား | (၅-၄-၀၂) ရန်ကုန်မြို့သို့ ရောက်ရှိ |
| ၃ | ရတီမာလာ | အမ | (၁၄)နှစ်ခန့်မှန်း | ၇' ၃" | ၁၀' ၄" | သစ်ခွံထိုးအရွယ်စွယ်စုံ | - | ငှက်ပျောကိုင်း | နားကြီး | ပုလဲရောင် | အလျား၃' ၉"ရှိ | ခြေသည်း(၅)ခုစီ နောက်ခြေသည်း(၄)ခုစီ | ပန်းနုရောင် | အဖြူရောင် | ၁၈-၇-၂၀၀၂ ရခိုင်ပြည်နယ် မောင်တောခရိုင် ကင်းချောင်းဖျား | (၆-၁၂-၀၂) ရန်ကုန်မြို့သို့ ရောက်ရှိ |
| ၄ | ဘဒ္ဒဝတီ | အမ | (၄၂)နှစ်ခန့် | ၇' ၅" | ၁၁' ၁၀" | သစ်ခွံထိုးအရွယ်စုံစွယ်စုံ | - | ကျောတန်း | ကြေးစည်ပုံ နားကြီး | ပုလဲရောင် | အလျား ၃' ၇" တံခါးစောင်းပုံ | ခွာအရောင်အဖြူ ရှေ့ခြေသည်း(၅)ခုစီ နောက်ခြေသည်း(၄)ခုစီ | ပန်းရောင် | ရွှေဖြူ | ၂၆-၆-၂၀၁၀ ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့နယ် ဖားဝပ်ချောင်း | (၉-၈-၁၀) နေပြည်တော်သို့ရောက်ရှိ |
| ၅ | နန္ဒဝတီ | အမ | (၂၂)နှစ်ခန့် | ၇' ၆" | ၁၁' ၁၀" | သစ်ခွံထိုးအရွယ်စွယ်စုံ | - | ငှက်ပျောကိုင်း | ကြေးစည်ပုံ နားကြီး | ပုလဲရောင် | အလျား ၃' ၉" တံခါးဖွင့်ပုံ | ခွာအရောင်အဖြူ ရှေ့ခြေသည်း (၅)ခုစီ နောက်ခြေသည်း (၄)ခုစီ | ပန်းရောင် | အဖြူရောင် | ၂၃-၉-၂၀၁၀ ရခိုင်ပြည်နယ် မောင်တောမြို့နယ် ရန်အောင်မြင်ကျေးရွာ | (၂၁-၁၀-၁၀) နေပြည်တော်သို့ရောက်ရှိ |
| ၆ | ငွေဆဒ္ဒန် | အထီး | (၈)နှစ်ခန့် | ၆' ၄" | ၉' ၁၀" | သစ်ခွံထိုးအရွယ်စွယ်စုံ | - | ငှက်ပျောကိုင်း | ကြေးစည်ပုံ နားလတ် | ပုလဲရောင် | အလျား ၃' ၄" တံခါးစောင်းပုံ | ခွာအရောင်အဖြူ ရှေ့ခြေသည်း(၅)ခုစီ နောက်ခြေသည်း(၄)ခုစီ | သြဇာခွံ(ပန်းနုရောင်) | အဖြူရောင် | ၁၅-၁၀-၂၀၁၁ ရခိုင်ပြည်နယ် မောင်တောမြို့နယ်၊ ကြိမ်ချောင်းကျေးရွာအရှေ့ဘက် | (၂၀-၁၁-၁၁) နေပြည်တော်သို့ရောက်ရှိ |
| ၇ | ဟေမဝတီ | အမ | (၁၈)နှစ်ခန့် | ၆' ၁၀" | ၁၀' ၈" | သစ်ခွံထိုးအရွယ်စွယ်စုံ | - - | ငါးဖယ်ကုန်း | ကြေးစည်ပုံ နားလတ် | ပုလဲရောင် | အလျား ၃' ၆" တံခါးပိတ်ပုံ | ခွာအရောင်အဖြူ ရှေ့ခြေသည်း(၅)ခုစီ နောက်ခြေသည်း(၄)ခုစီ | ပန်းနုရောင် | အဖြူရောင် | ၂၅-၁၀-၂၀၁၁ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငွေဆောင်မြို့နယ်ခွဲအလယ်ကျေးရွာ အုပ်စုအနီး | (၂၀-၁၁-၁၁) နေပြည်တော်သို့ရောက်ရှိ |
| ၈ | ပေါက်ဖွားဆင်ဖြူငယ်ဇာတကလျာ | အမ | (၂)နှစ်ကျော် | ၃' ၁၀" | ၆' ၂" | - | - | ငှက်ပျောကိုင်း | နားလတ် | ပုလဲရောင် | အလျား၂' တံခါးပိတ်ပုံ | ခွာအရောင်အဖြူ ရှေ့ခြေသည်း (၅)ခုစီ နောက်ခြေသည်း (၄)ခုစီ | ပန်းနုရောင် | ရွှေဖြူရောင် | ဆင်မကြီးဘဒ္ဒဝတီမှ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဝတ္ထုကံမြေအတွင်းရှိ ဆင်ဖြူတော်ဆောင်၌ မွေးဖွားပါသည်။ | (၂၇-၁၁-၁၁) နေပြည်တော်၌ပေါက်ဖွား |

ဆောင်းပါး

# ပါဠိသက်၊ သက္ကတသက် စာလုံးပေါင်းအချို့(၂)

မောင်ခင်မင် (ဓနုဖြူ)

"ဘဘ-မနေ့က သတင်းစာတစ်စောင်မှာ 'ရာဇသင်္ကြန်လမ်းပြပြင်' ဆိုတဲ့ ခေါင်းစဉ်နဲ့ သတင်းတစ်ပုဒ်ဖတ်လိုက်ရပါတယ်။ အဲဒီမှာ 'သင်္ကြန်' ကို 'နသတ်'နဲ့ ရေးထားတာတွေ့လို့ အဲဒီစာလုံးပေါင်းမှန်ရဲ့လားလို့ ဘဘကို မေးချင်လို့ပါ"

အိမ်နီးချင်းမိန်းကလေးနှင့် သူ့သူငယ်ချင်းတွေ နောက်တစ်ပတ်မှာ ရောက်လာပြီး အိမ်နီးချင်းမိန်းကလေးက စကားစသည်။

"သမီးက မမှန်ဘူးထင်လို့လားကွဲ့"

"ဟုတ်ကဲ့။ သမီးတွေ့ဖူးတာက တော့ 'ရာဇသင်္ကြံ'ကို သေးသေးတင်နဲ့ 'သင်္ကြံ'ဆိုပြီး ရေးတာတွေ့ဖူးပါတယ်"

"နသတ်နဲ့ရေးတဲ့ 'သင်္ကြန်'ရော သမီးတို့တွေ့ဖူးမှာပေါ့" ကျွန်တော်က ဆရာမကလေးတွေဘက်သို့ လှည့်ပြီး မေးလိုက်သည်။

"ဟုတ်ကဲ့ဆရာကြီး။ 'သင်္ကြန် ကျတယ်'၊ 'သင်္ကြန်ပွဲ' ဆိုတဲ့ စာလုံးတွေကို နသတ်နဲ့ရေးတာ တွေ့ဖူးပါတယ်"

"သမီးတို့ပြောတာမှန်ပါတယ်။ နသတ်နဲ့ရေးတဲ့ 'သင်္ကြန်'က သက္ကတစကား 'သင်္ကြာန္တိ'ဆိုတဲ့စကားက ဆင်းသက်လို့ နသတ်နဲ့ ရေးရတယ်။ ကူးပြောင်းခြင်းလို့ အဓိပ္ပာယ်ရတယ်။ နှစ်ဟောင်းက နှစ်သစ်ကို ကူးပြောင်းတဲ့အချိန်ကို ဒါကြောင့် သင်္ကြန်လို့ခေါ်တာပါ" ကျွန်တော်ကရေးပြရင်း ပြောလိုက်သည်။

"ဟုတ်ကဲ့ နားလည်ပါပြီဆရာကြီး"

"ဒါဆိုရင် သေးသေးတင်နဲ့ရေးတဲ့ 'သင်္ကြံ' က ဘာအဓိပ္ပာယ်ပါလဲ ဘဘ"

"အေး သမီးတွေ့ဖူးတဲ့ 'ရာဇသင်္ကြံ'မှာပါတဲ့ သင်္ကြံက သက္ကတ စကား 'သံကြမ'က ဆင်းသက်တာ။ 'စစ်' လို့ အဓိပ္ပာယ်ရတယ်။ စစ်တိုက်တာတို့၊ စစ်ပွဲတို့ပေါ့ကွယ်။ ဒီတော့ 'ရာဇသင်္ကြံ'ဆိုတာ 'စစ်မင်း'၊ 'စစ်မှူး'လို့ အဓိပ္ပာယ်ရတာပေါ့။ သုံးနေကျစကားနဲ့ ဆိုရင်တော့ 'စစ်သူကြီး' ပေါ့ကွယ်"

"နားလည်ပါပြီ ဘဘ။ ဩော် 'စင်္ကြံ'ကိုလည်း အဲဒီလိုပဲ သေးသေးတင်နဲ့ ရေးတယ်မဟုတ်လားဘဘ"

"အေး-- 'စင်္ကြံ'ကလည်း 'စင်္ကြမ' ဆိုတဲ့ သက္ကတစကားက ဆင်းသက်တာမို့ သေးသေးတင်နဲ့ ရေးရတယ်။ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရတဲ့လမ်းကြောင်းကို ခေါ်တာပေါ့ကွယ်။ ဩော်. . . မေးရဦးမယ်။ နှစ်ကူးတဲ့ သင်္ကြန်ကို ဘယ်လိုအသံထွက်မလဲသမီးတို့"

"/သင်းဂျန်/လို့ ထွက်ပါတယ်ဆရာကြီး ဒီလိုပါ" ရေးပြရင်း ပြောသည်။

"/သှဂျန်/လို့လည်း ထွက်ပါတယ်ဆရာကြီး" ရေးပြရင်း ပြောသည်။

"ဟုတ်ပြီ၊ ဟုတ်ပြီ။ 'သင်္ကြန်' ကို အသံထွက်နှစ်မျိုးထွက်တယ်။ 'ရာဇသင်္ကြံ' ကိုရော ဘယ်လိုအသံထွက်သလဲ"

"/ယာဇ့သင်းဂျန်/လို့ပဲ တစ်မျိုးတည်းထွက်ပါတယ်ဘဘ" ရေးပြရင်း ပြောသည်။

"ဟုတ်ပါပြီကွယ်။ သမီးတို့အားလုံးတော်ကြပါတယ်"

"ဘဘ 'စန္ဒာလ' နှစ်မျိုးက ဘယ်လိုကွာသလဲဟင်"

"ဟေ-စန္ဒာလ နှစ်မျိုးဆိုတာ ဘာလဲသမီးရဲ့"

"သမီးရေးပြပါ့မယ်" စန္ဒာလ -စဏ္ဍာလ ဟုရေးပြသည်။

"ဩော်. . . ဟုတ်ပြီ ဟုတ်ပြီ။ သမီးပြောတာ ဘဘသိပြီ။ ဟုတ်တယ်။ အသံထွက်ချင်းတော့တူပြီး ရေးပုံကွဲတဲ့ ပါဠိသက်စာလုံးတွေပဲကွဲ့။ မြန်မာစာပေထဲမှာတော့ အဲဒီစာ လုံးနှစ်မျိုးစလုံးရှိတယ်"

"ရှင်းပြပါ ဆရာကြီး"

"ဒီလို ဒီလို။ 'စန္ဒာလ' မှာ မူရင်းစာလုံးက 'စန္ဒ' ပါ။ နငယ်နဲ့ ဒဒွေးနဲ့ ဆင့်ရေးရတယ်။ အဓိပ္ပာယ်က 'လ' လို့ ဆိုလိုတာ။ ကောင်းကင်ကလပေါ့။ အဲဒီစာလုံးနှစ်လုံးကိုတွဲပြီး သုံးတာပါ။ 'စန္ဒ' ကို အသံရှည်လိုက်တော့ 'စန္ဒာ' ဖြစ်သွားတာပေါ့။ 'လ'နဲ့ တွဲလိုက်တော့ 'စန္ဒာလ' ဖြစ်သွားတာပေါ့ကွယ်။ စန္ဒာလမင်း၊ ငွေစန္ဒာ စသည်ဖြင့်လည်း သုံးကြတယ်လေ"

"ဟုတ်ကဲ့ပါ"

" 'စဏ္ဍာလ' ကတော့ ဏကြီးနဲ့ ဍရင်ကောက်နဲ့ ဆင့်ရေးတာလေ။ ပါဠိစကား၊ အမျိုးဇာတိယုတ်နိမ့်သူလို့ အဓိပ္ပာယ်ရတယ်။ သုသာန်စောင့်တွေကို စဏ္ဍာလလို့ခေါ်တာ အဲဒီအဓိပ္ပာယ်ပေါ့ကွယ်"

"ဆရာကြီး။ စာမရိနဲ့ 'ဇာမနီ' ဘယ်ဟာမှန်သလဲဆိုတာ သိပါရစေရှင့်"

"ဩော်. . . သမီးက ဘယ်ဟာမှန်တယ်ထင်လို့လဲ"

"သမီးက နှစ်မျိုးစလုံးရေးတာတွေ့ဖူးလို့ ဘယ်ဟာမှန်မှန်း မသိလို့ပါ ဆရာကြီး"

"အေး 'စာမရီ' က အမှန်ပေါ့ကွယ်။ 'စမရီ' ဆိုတဲ့ သက္ကတစကားက ဆင်းသက်တာလေ။ အမွေးရှည်တဲ့ နွားတစ်မျိုးကိုခေါ်တာ။ တိဗက်နွားလို့လည်းဖွင့်ကြတယ်။ နွားလို အကောင်မျိုးပေါ့။ စာပေတွေထဲမှာ သီလဆောက်တည်တာကို စာမရီသားကောင်နဲ့ ဥပမာပေးကြတယ်။ စာမရီသားကောင်ဟာ သစ်ပင်သစ်ကိုင်းတွေမှာ သူ့အမွေးတစ်ပင်ငြိနေရင် မရုန်းဘူးတဲ့။ အမွေးတစ်ပင်ကျွတ်သွားမှာစိုးလို့ အဲဒီနေရာမှာပဲရပ်နေပြီး အသက်အသေခံတယ်တဲ့။ ဒါကြောင့် သီလဆောက်တည်ရာမှာလည်း စာမရီလို ကျင့်ရမယ်။ သီလအပျက်မခံရဘူးလို့ ဆိုလိုတာပေါ့ကွယ်"

"ဘဘ၊ တချို့က စာမရီဟာ ငှက်လို့ ရေးတာတွေ့ပါတယ်။ မှားရေးတာထင်တယ်နော်"

"ဟုတ်တယ်။ စာမရီကို သားကောင်မှန်းမသိဘဲ ငှက်ထင်ပြီး စာမရီငှက်လို့ မှားသုံးကြတယ်။ တချို့ဆို စာမရီလို့တောင်မရေးဘဲ 'ဇာမနီ' 'ဇာမဏီ' ဆိုပြီး မှားရေးကြတယ်။ ဆရာတို့ငယ်ငယ်က ပိတ်အုပ်တွေမှာ ဇာမဏီဆိုပြီး ငှက်ရုပ်တံဆိပ်နဲ့ထုတ်တာ တွေ့ဖူးတယ်"

"အခု ဆရာကြီးရှင်းပြလို့ စာမရီဟာ ငှက်မဟုတ်ကြောင်းနဲ့ စာလုံးပေါင်း အမှန်ကို သမီးတို့သိပါပြီ ဆရာကြီး"

"ဟုတ်ပါပြီကွယ်"

"ဆရာကြီး သမီးတို့ချင်း ငြင်းနေတဲ့စာလုံးတစ်လုံးရှိပါတယ်။ ဘယ်သူ့အသံထွက်က အမှန်လဲဆိုတာ ပြောပြပါ ဆရာကြီး"

"ဘယ်စာလုံးလဲကွဲ့"

"သမီးရေးပြပါ့မယ်" တစ်ယောက်က စာရွက်မှာ 'ဝဍ္ဎန' ဟု ရေးပြသည်"

"ကဲ. . . သမီးတို့ပဲအရင်ပြောပါဦး။ ဘယ်လိုအသံထွက်သလဲဆိုတာလေ"

"သမီးက /ဝတ်ဒနဲ့/လို့ အသံထွက်ပါတယ် ဆရာကြီး" အသံထွက်ကို ရေးပြသည်။

"သမီးကတော့/ဝဒ့နဲ့/လို့ အသံထွက်ပါတယ်ဆရာကြီး" အသံထွက်ကို ရေးပြသည်။

"ဟုတ်ပါပြီ။ သမီးတို့ပြောမှ ဒီစာလုံးရဲ့ အသံထွက်ပြဿနာကို သတိထားမိတော့တယ်။ အသံထွက်အမှန်ကို မပြောခင် ပါဌ်ဆင့်လို့ခေါ်တဲ့ စာလုံး နှစ်လုံးဆင့်တွေကို အသံထွက်ပြီး ဖတ်တဲ့နည်းအကြောင်း မေးရဦးမယ်။ သမီးတို့ ပါဌ်ဆင့်တွေကို ဖတ်တတ်တယ် မဟုတ်လား"

"ဖတ်တတ်ပါတယ် ဆရာကြီး။ ပါဌ်ဆင့်ရဲ့အပေါ်စာလုံးကို အသတ်အဖြစ် ဖတ်ရပါတယ်"

"မှန်ပါတယ်။ သာဓကတစ်ခုလောက် ပြောပြပါလား"

"ဟုတ်ကဲ့။ ဥပမာ 'ခန္ဓာ'ဆိုတဲ့ စလုံးကိုဖတ်ရင် ပါဌ်ဆင့်ရဲ့အပေါ် စာလုံးနငယ်ကို အသတ်လုပ်ပြီး ခန်ဓာ/ခန်ဒါ/လို့ ဖတ်ရပါတယ်"

"ဟုတ်ပြီ။ ဒါဆိုရင် အခုသမီးတို့ရေးပြတဲ့ ပါဌ်ဆင့်မှာ ဘယ်စာလုံးတွေ ဆင့်ထားတာလဲကွယ်"

"သမီးသေသေချာချာမသိပါဘူး ဆရာကြီး"

"သမီးကတော့ ဍရင်ကောက်နဲ့ ပရေမှုတ်ဆင့်ထားတာလို့ ထင်ပါတယ် ဆရာကြီး"

"ဟုတ်ပါတယ်။ ဍရင်ကောက်ကို အပေါ်က ပရေမှုတ်ကို အောက်က ထားပြီး ဆင့်တာပါ။ ပါဌ်ဆင့်စနစ်ကို အရင်လည်း ပြောဖူးတယ်ထင်တယ်။ ဒီတော့ ဟိုသမီးပြောသလို အပေါ်စလုံးဖြစ်တဲ့ ဍရင်ကောက်ကို အသတ်လုပ်ပြီး 'ဝဍ်'လို့ ရေးရမှာပေါ့။ အဲဒါကို ဘယ်လိုအသံထွက်မလဲဆိုရင် ဍရင်ကောက်အသတ်ကို တဝမ်းပူအသတ်လိုပဲ အသံထွက်ရ တယ်။ ဒီတော့ ဝကို တသတ် ရင်/ ဝတ်/ လို့ အသံထွက်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဆရာကြီး"

"ဒီလိုဆိုရင် ကျန်တဲ့စာလုံးတွေပါပေါင်းပြီး အသံထွက်ကြည့်ပါဦး"

"/ဝတ်ဒနဲ့/လို့ အသံထွက်ပါတယ် ဆရာကြီး"

"မှန်ပါတယ်။ 'ဝဍ္ဎန'ဆိုတာ 'တိုးပွားခြင်း' လို့ အဓိပ္ပာယ်ရတယ်။ အာယုဝဍ္ဎန ဆိုတာ အသက်တိုးပွားခြင်းဆိုတော့ အသက်ရှည်ခြင်းပေါ့။ ဒါထက်မေးရဦးမယ်။ ဟိုသမီးက ဘာဖြစ်လို့ /ဝဒ့နဲ့/လို့ အသံထွက်တယ်လို့ ထင်တာလဲကွယ်"

"သမီးမှားတာပါ ဆရာကြီး။ သမီးက ဍရင်ကောက်ခြေထောက်ရှည်နေတာကို တစ်ချောင်းငင်လို့ထင်ပြီး/ဝဒုနဲ့/လို့ အသံထွက်မိတာပါ။ အခုတော့ ရှင်းသွားပါပြီ"

"အေး ဝဍ္ဎန လို့ပဲ အသုံးများတဲ့ပါဠိစာလုံးတစ်လုံးရှိသေးတယ်။ ဟောဒီ စာလုံးလေ"၊ ကျွန်တော်က 'ဝုဍ္ဎိ' ဟု ရေးပြသည်။ အသံထွက်မှားသော မိန်းကလေးက ရုတ်တရက်ထပြောသည်။

"ဟာ. . ဆရာကြီး၊ ဒါဆိုရင် ဒီစာလုံးကိုလည်း/ဝုတ်ဒို/ လို့ အသံထွက်ရမှာပေါ့နော်"

" အေး. . ဟုတ်တာပေါ့။ 'ဝုဍ္ဎိ' ဆိုတာ 'ကြီးခြင်း၊ တိုးပွားခြင်း' လို့ အဓိပ္ပာယ်ရတယ်။ ဂုဏ်ကြီးတာကို 'ဂုဏဝုဍ္ဎိ'၊ အသက်ကြီးတာကို 'ဝယဝုဍ္ဎိ' လို့ သုံးတာသမီးတို့ သိမှာပါ"

"သမီးမှားပြန်ပြီ။ သမီးက ခုနလိုပဲ ဍရင်ကောက်ခြေထောက်ကို တစ်ချောင်းငင်ထင်ပြီး/ဝုတ်ဒို/ လို့ အသံထွက်မိပါတယ်။ ကျောင်းသားတွေ ကိုလည်း /ဝုတ်ဒို/ လို့ မှားသင်မိပါတယ်။ ကျောင်းသူကလေးတစ်ယောက်က /ဝုတ်ဒိ/ လို့ ဖတ်တာကိုတောင် မှားတယ်ဆိုပြီး သူ့ကို အပြစ်တင်မိသေးတယ် ဆရာကြီး"

"ဒီလိုပဲပေါ့ကွယ်။ မှားမှန်းသိရင် အမှန်ပြင်ဖို့ လွယ်သွားပြီပဲ။ သမီးတို့ အခုလိုလာမေးတော့ ဆရာကလည်း ရှင်းပြဖို့ အခွင့်ကြုံတာပေါ့။ အထူးသဖြင့် သမီးတို့က မြန်မာစာဆရာမတွေဖြစ်နေတော့ သမီးတို့ကိုယ်တိုင်အမှန်ကို သိထားဖို့ သိပ်အရေးကြီးပါတယ်ကွယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး။ အများကြီးကျေးဇူးတင်ပါတယ်"


"ကျေးဇူးတင်ပါတယ် ဘဘ။ နောက်တစ်ရက်မှ ထပ်လာပါဦးမယ်"

**စာမရီကို သားကောင်မှန်းမသိဘဲ ငှက်ထင်ပြီး စာမရီငှက်လို့ မှားသုံးကြတယ်။ တချို့ဆို စာမရီလို့တောင်မရေးဘဲ 'ဇာမနီ' 'ဇာမဏီ' ဆိုပြီး မှားရေးကြတယ်။ ဆရာတို့ငယ်ငယ်က ပိတ်အုပ်တွေမှာ ဇာမဏီဆိုပြီး ငှက်ရုပ်တံဆိပ်နဲ့ထုတ်တာ တွေ့ဖူးတယ်။**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက် ခိုင်သဇင်တိုက်ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တခေမိန္ဒသာမိ ပျံလွန်တော်မူ

**နေပြည်တော် မေ ၄**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားကြီး ကျောင်းတိုက် ခိုင်သဇင်တိုက်ကျောင်း၏ ဦးစီးပဓာနနာယက သက်တော် (၇၉ -နှစ်) သိက္ခာတော် ၅၉ ဝါရှိ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တခေမိန္ဒသာမိ မဟာထေရ် ဆရာတော်ဘုရားကြီးသည် ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်(၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီခွဲအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက် ခိုင်သဇင်တိုက်ကျောင်း ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တခေမိန္ဒသာမိ၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်၊ ပုပ္ပားရွာ၊ ခမည်းတော် ဦးတေဇဝန်-မယ်တော် ဒေါ်အေးချို တို့မှ ၁၂၉၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ရေဦးမြို့ ကမ္ဗားယံကျောင်းတိုက်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၃၁၈ ခုနှစ် တန်ခူးလဆန်း ၁၂ ရက်တွင် ရေဦးမြို့ ချမ်းသာကြီးကျောင်းတိုက် ခဏ္ဍသိမ်၌ ဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စကို ဥပဇ္ဈာယ်ပြု၍ ရေဦးမြို့ ဆရာကျော်နှင့်ဒေါ်အေးမိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လျောင်းလျာသည် ပုပ္ပားရွာတောင်ကျောင်းဘုန်းကြီး ဦးသီလာစာရ၊ ရေဦးမြို့၊ ချမ်းသာကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ၊ ကမ္ဗားယံကျောင်းဆရာတော် ဘဒ္ဒန္တသုဇနာဘိဝံသ၊ မန္တလေးမြို့ မဟာဝေယံဘုံသာ ဆရာတော် ဘဒ္ဒန္တကလျာဏ၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီးတိုက် ဆရာတော်ဘဒ္ဒန္တ အာစိဏ္ဏ စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို ဆည်းပူးတော်မူခဲ့ပြီး ဓမ္မာစရိယတန်းနှင့် ပါဠိဂုဏ်ထူးတန်းတို့ကို အောင်မြင်တော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ခြောက်ထပ်ကြီးဘုရားကြီးတိုက် ဂဏဝါစက စာချ၊ ပခုက္ကူမြို့၊ နိကာယဂဏဝါစက နိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲကြီး၌ ဥက္ကဋ္ဌ၊ စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ ဆဋ္ဌမအကြိမ်မှစ၍ ယနေ့အချိန်အထိ နိုင်ငံတော်သံဃမဟာနာယကအဖြစ် သာသနာ့တာဝန်များကို အားပေးဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော လုံ့လဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူခြင်းကြောင့် သာသနဓုရာဝဟဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လိဖ္ဖိပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့်ပြည့်စုံတော်မူသော ဆရာတော်သည် ၂၀၀၁ ခုနှစ်တွင် နိုင်ငံတော်အစိုးရက "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဗုဒ္ဓသာသနာတော်တိုးတက်ပြန့်ပွားရေးကို အထူးဆောင်ရွက်တော်မူခြင်း၊ ဝိသိဋ္ဌဗုဒ္ဓသာသနဝုဍ္ဎိကရဂုဏ်၊ ဗုဒ္ဓသာသနာတော်အကျိုးစီးပွားကို အထူးဆောင်ရွက်နိုင်ခြင်း၊ ဝိသိဋ္ဌဗုဒ္ဓသာသနဟိတဓရဂုဏ်၊ ဗုဒ္ဓသာသနာတော်ကို အထူးစောင့်ရှောက်တော်မူခြင်း၊ ဝိသိဋ္ဌဗုဒ္ဓသာသနာနုရက္ခိတဂုဏ်၊ သံဃာတော်များကို ထူးခြားစွာ ကြီးကဲအုပ်ချုပ်နိုင်ခြင်းဝိသိဋ္ဌမဟာနာယကဂုဏ်၊ ထူးကဲသောဝိသိဋ္ဌသီလ၊ သမာဓိ၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် ၂၀၁၂ ခုနှစ်တွင် (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အလှူခံရရှိတော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၇၉ နှစ်၊ သိက္ခာတော် ၅၉ ဝါအရ ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက် (၁-၄-၂၀၁၅) ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီခွဲတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

**(မြန်မာ့အလင်း)**

# ဆော်ဒီ၏အကူအညီနှင့် ယီမင်တပ်များ သူပုန်ကိုတိုက်ခိုက်



**ဆာနား မေ ၄**

ရာထူးမှဖယ်ရှားခံရသော ယီမင်သမ္မတ အက်ဒရာဘွတ်ရှ် မန်ဆာဟာဒီ၏ သစ္စာခံတပ်များက အေဒင်မြို့တောင်ပိုင်းရှိ ရှီးယိုက်ဟူသီသူပုန်များအား ပြန်လည်တိုက်ထုတ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

ဆော်ဒီဦးဆောင်သော ညွန့်ပေါင်းအဖွဲ့သည် လေကြောင်းမှ တိုက်ခိုက်နေသကဲ့သို့ ဟာဒီ၏သစ္စာခံများအား လေကြောင်းမှ လက်နက်နှင့် ဆက်သွယ်ရေးပစ္စည်းများ ထောက်ပံ့ပေးနေကြောင်း တာဝန်ရှိသူများက ပြောသည်။

အရှေ့တောင်ပိုင်းရှိ အခြားသော ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သည့် မူခါလာမြို့တွင် စစ်အခြေစိုက်စခန်းတစ်ခုကို သိမ်းပိုက်ထားသော အယ်လ်ခိုင်ဒါ စစ်သွေးကြွများကို တိုက်ခိုက်အနိုင်ယူခဲ့သည်။ ထိုအတောအတွင်း ယီမင်နယ်စပ်ကို စောင့်ကြပ်နေသော ဆော်ဒီတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်။

လွန်ခဲ့သောနှစ်ပတ်က ယီမင်၌ ဖြစ်ပွားသော တိုက်ပွဲအတွင်း လူပေါင်း ၅၀၀ သေဆုံးပြီး ၁၇၀၀ ဒဏ်ရာရရှိခဲ့ကြောင်း ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ အကြီးအကဲ ဗယ်လာရီအာမို့စ်က ပြောသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဆော်ဒီဦးဆောင်သောတိုက်ခိုက်မှုကို ခေတ္တရပ်ဆိုင်းရန် ရုရှားတင်ပြချက်အပေါ် စနေနေ့တွင် ဆွေးနွေးကြမည်ဖြစ်သည်။ ယီမင်သမ္မတဟာဒီသည် မတ် ၂၅ ရက်က သူပုန်များ အေဒင်မြို့ကို သိမ်းပိုက်ပြီးနောက် ဆော်ဒီအာရေဗျသို့ ထွက်ပြေးခဲ့ရသည်။

၎င်းသည် အာရပ်နွေဦးဆန္ဒပြမှုအတွင်း ဖြုတ်ချခံရသော သမ္မတဟောင်း အလီအဗ္ဗဒူလာဆာလပ်၏ သစ္စာခံတပ်များ၏ ထိပ်တိုက်ရင်ဆိုင်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။

**(ဘီဘီစီ)**

---

## အာဖဂန်စစ်ဆင်ရေးကြောင့် တာလီဘန် ၁၃ ဦး သေဆုံး

**ကဘူးလ် မေ ၄**

ယမန်နေ့က စစ်ဘေးဒဏ်သင့်နေသော အာဖဂန်နစ္စတန်၌ စစ်ဆင်ရေးပြုလုပ်ခဲ့မှုကြောင့် တာလီဘန်စစ်သွေးကြွ ၁၃ ဦး သေဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက စနေနေ့တွင် ပြောကြားသည်။

ယမန်နေ့က အာဖဂန်ပြည်သူ့ရဲတပ်ဖွဲ့သည် အစိုးရတပ်မတော်၊ အမျိုးသားလုံခြုံရေးညွှန်ကြားမှုအဖွဲ့တို့နှင့်အတူ တာကာ၊ ကန်ဒပ်စ်၊ ဆာအီပေါလ်၊ မိုင်ဒန်ဝါးဒက်ခ်၊ ဖာရတ်နှင့် ဟယ်လ်မန်ပြည်နယ်များတွင် နယ်မြေရှင်းလင်းမှုများ ပြုလုပ်ခဲ့ရာ တာလီဘန်စစ်သွေးကြွ ၁၃ ဦး သေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု အဆိုပါ ဝန်ကြီးဌာနက ဖော်ပြသည်။

**(ဆင်ဟွာ)**

---

# အယ်လ်ဘားမားအမျိုးသားတစ်ဦး သေဒဏ်ပေးခံရပြီးနောက် လွတ်မြောက်



**အယ်လ်ဘားမား မေ ၄**

အယ်လ်ဘားမား အမျိုးသားတစ်ဦးသည် နှစ် ၃၀ နီးပါး သေဒဏ်ပေးခံရပြီးနောက် ပြန်လည်လွတ်မြောက်လာခဲ့သည်။

အသက် ၅၈ နှစ်ရှိ အန်တိုနီရေးဟင်တန်သည် ၁၉၈၅ ခုနှစ်တွင် စားသောက်ဆိုင်မန်နေဂျာ နှစ်ဦးကိုသတ်မှုဖြင့် ထောင်ဒဏ်ချမှတ်ခံရသည်။ သို့သော် လွန်ခဲ့သောနှစ် ခုံရုံးစစ်ဆေးမှုစနစ်သစ်ကြောင့် ထောင်ဒဏ်မှ လွတ်မြောက်သွားခဲ့သည်။

ပြစ်မှုဖြစ်ပွားရာနေရာ၌ တွေ့ရသော ကျည်ဆန်များကို စမ်းသပ်စစ်ဆေးကြည့်ရာတွင် ၎င်းကျည်ဆန်များသည် မစ္စတာဟင်တန်၏နေအိမ်၌ တွေ့ရသော သေနတ်တစ်လက်နှင့် ဆက်စပ်မှုမရှိကြောင်း သိရသည်။ ၎င်း၏ရှေ့နေ ဘရန်စတီပင်ဆန်က ၎င်း၏အမှုသည်သည် ပြစ်ဒဏ်ချခံခဲ့ရကြောင်း၊ ၎င်းသည် အကောင်းဆုံး ဥပဒေဆိုင်ရာ အကြံပေးအနေဖြင့် စွမ်းဆောင်နိုင်ခဲ့ကြောင်း ပြောခဲ့သည်။

ဘာမင်ဂန်ရှိ ဂျက်ဖာဆန်ထောင်မှ ထွက်လာသောအခါ မစ္စတာဟင်တန်သည် ၎င်း၏ မိသားစုကို ပွေ့ဖက်ပြီး ဘုရားသခင်ကို ကျေးဇူးတင်သည်ဟု ပြောခဲ့သည်။

အာဏာပိုင်များ အနေဖြင့် သေနတ်ကိုသာ စစ်ဆေးကြကြောင်း၊ ဆယ်စုနှစ် သုံးစုကြာအောင် ထောင်ထဲတွင် သေမိန့်ကျခံစရာအကြောင်းမရှိကြောင်းဖြင့် မစ္စတာဟင်တန်က ပြောခဲ့သည်။

မှုခင်းဖြစ်ပွားရာနေရာ၌ တွေ့ရသော ကျည်ဆန်များသည် မစ္စတာဟင်တန်နှင့် လူသတ်မှုကျူးလွန်သူများကို ဆက်စပ်ပေးသည့် တစ်ခုတည်းသော သက်သေသာဖြစ်ကြောင်း သိရသည်။

ခေတ်သစ် မှုခင်းစစ်ဆေးရေးနည်းလမ်းသည် မစ္စတာဟင်တန်၏နေအိမ်မှတွေ့ရသော စက်သေနတ်မှ ကျည်ဆန်များနှင့် မှုခင်းဖြစ်ပွားရာနေရာ၌တွေ့ရသော ကျည်ဆန်များကို ဆက်စပ်စဉ်းစားရာတွင် ကွဲလွဲမှုများရှိခဲ့ကြောင်း အစိုးရရှေ့နေများက ပြောခဲ့သည်။

မစ္စတာဟင်တန်ကို ပထမအကြိမ် ရုံးတင်စစ်ဆေးခြင်းတွင် ကောင်းမွန်ပြည့်စုံသော ဥပဒေအကြံပေးမရှိသဖြင့် ပြစ်မှုကို ဒုတိယအကြိမ် ရုံးတင်စစ်ဆေးမှုပြုလုပ်ရန် အမေရိကန်တရားရုံး၌ ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ယခုအခါတွင် မစ္စတာဟင်တန်သည် အမှုမှ လွတ်မြောက်လာပြီဖြစ်ကြောင်း သိရသည်။

**(ဘီဘီစီ)**

---

## မာလီနိုင်ငံမြို့တော်၌ ပေါက်ကွဲမှုဖြစ်ပွား

**ဘာမာကို မေ ၄**

မာလီနိုင်ငံ ဘာမာကိုမြို့ရှိ အိမ်တစ်လုံး၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လုံခြုံရေးအစောင့်တစ်ဦး သေဆုံးပြီး လူနှစ်ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။ ကိုင်တွယ်မှုကြမ်းတမ်းသည့်အတွက် ဗုံးပေါက်ကွဲသွားခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုနှင့်ပတ်သက်သည့် အဖြစ်အပျက်များမှာ အငြင်းပွားဖွယ်ရာများရှိနေသည်ဟု ရဲများက ပြောသည်။

ပြင်သစ်စစ်တပ်က ၂၀၁၃ ခုနှစ်တွင် ကြားဝင်မှုများ ပြုလုပ်ခဲ့သော်လည်း မာလီနိုင်ငံ၌ အစ္စလာမ့်စစ်သွေးကြွများ၏ တိုက်ခိုက်မှုကို မကြာခဏပြုလုပ်ခဲ့ကြသည်။ တိုက်ခိုက်မှုများသည် နိုင်ငံမြောက်ပိုင်း၌ ဖြစ်ပွားလေ့ရှိပြီး လွန်ခဲ့သောလက ဘာမာကိုရှိ ဘားဆိုင်တွင်ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုတွင် လူငါး ဦးသေဆုံးခဲ့သည်။ သောကြာနေ့က ဖြစ်ပွားခဲ့သော ပေါက်ကွဲမှု၌ အိမ်ရာအဆောက်အအုံများကို ဆိုးရွားစွာ ပျက်စီးစေခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကုလသမဂ္ဂမှ တာဝန်ရှိသူများက အဆိုပါအိမ်ကို ဝန်းရံခဲ့ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက အကြမ်းဖက်သမားများ၏ လုပ်ရပ်ဟု ယခုအနေအထားတွင် မပြောနိုင်သေးကြောင်း ရိုက်တာသို့ ပြောခဲ့သည်။ အကြမ်းဖက်သမားများသည် ၂၀၁၂ ခုနှစ်၌ မာလီနိုင်ငံမြောက်ပိုင်းကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့သည်။ သို့သော် ပြင်သစ်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ စစ်ဆင်ရေးဆင်နွှဲသည့်အခါ၌ အကြမ်းဖက်သမားများသည် ဆုတ်ခွာခဲ့ရသည်။

**(ဘီဘီစီ)**

---

## အမေရိကန်သင်္ဘောသားတစ်ဦး ပင်လယ်၌ နှစ်လကြာပျောက်ဆုံးပြီး ဂျာမန်သင်္ဘောတစ်စင်းက ကယ်တင်လိုက်နိုင်

**ဝါရှင်တန် မေ ၄**

ငါးစိမ်းစား မိုးရေသောက်ပြီး အသက်ရှင်ခဲ့ရသည့် သင်္ဘောသားတစ်ဦးအား ပင်လယ်အတွင်း နှစ်လကြာ ပျောက်ဆုံးနေပြီးနောက် ကယ်တင်နိုင်ခဲ့သည်။

အသက် ၃၇ နှစ်အရွယ် အမေရိကန်နိုင်ငံသား လူးဝစ်ဂျော်ဒန်က ပင်လယ်အတွင်း ၎င်း၏ အဝတ်အစားများကို အသုံးပြုပြီး ငါးဖမ်းခဲ့ရကြောင်း၊ ရေနစ်ချိန်တွင် ဘုရားသခင်ကယ်မခဲ့၍ ကျေးဇူးတင်ကြောင်း ပြောကြားသည်။

၎င်း၏ တိမ်းမှောက်နေသော ရွက်လှေကို ကြာသပတေးနေ့က ဂျာမန်သင်္ဘောတစ်စင်းက မြောက်ဘက်ရှိ ကယ်ရိုလိုင်းနားကမ်းလွန် မိုင် ၂၀၀ အကွာ၌ တွေ့ရှိခဲ့ကြောင်း၊ လူးဝစ်ဂျော်ဒန်သည် ရေငတ်ခြင်းဒဏ်ကို ပြင်းစွာခံစားရပြီး ဒဏ်ရာလည်းရရှိထားကြောင်း ကယ်ဆယ်ရေးအဖွဲ့က ပြောသည်။

မစ္စတာဂျော်ဒန်အား ပင်လယ်အတွင်းမျောပါလျက်ရှိစဉ် ကမ်းခြေစောင့်တပ်ဖွဲ့ကတွေ့ရှိ ကယ်တင်နိုင်ခဲ့သည်။ ၎င်း၏ ရွက်လှေကို ညသန်းခေါင်ယံတွင် လေပြင်းဝှေ့တိုက်ခတ်စဉ် တိမ်းမှောက်သွားခဲ့ရကြောင်း၊ ၎င်းမှာလည်း လေထဲသို့ လွင့်ပါသွားခဲ့ကြောင်း အဆိုပါသင်္ဘောသားက ပြောသည်။ ရရှိသောဒဏ်ရာကြောင့် ရွက်တိုင်ကို ပြန်လည်မပြုပြင်နိုင်တော့ကြောင်း၊ ၎င်း၏ အီလက်ထရွန်နစ်စနစ်နှင့် ရေကြောင်းစနစ်များလည်း အသုံးပြု၍ မရတော့ဟု ဆိုသည်။ နောက်ဆုံး၌ အစားအသောက်များကို ယူဆောင်ပြီး မိုးရေ ၂၅ ဂါလန် စုဆောင်းခဲ့ကြောင်း၊ တစ်နေ့တစ်ပိုင့်နှုန်းဖြင့် သောက်ခဲ့ရကြောင်း၊ အဝတ်အစားများကို အသုံးပြုပြီး ငါးကိုဖမ်းယူခဲ့ရကြောင်း ၎င်းက ပြောသည်။

**(ဘီဘီစီ)**




---

## အီရန်နျူကလီးယားအရေး အိုဘားမား သမိုင်းတစ်ခေတ်ဖွင့်လှစ်ခဲ့

**တီဟီရန် မေ ၄**

သမ္မတ အိုဘားမားသည် ကန့်သတ်ချက်များ ပြည့်နေသော အီရန်နျူကလီးယား အစီအစဉ်ကို သမိုင်းတွင်စေမည့် သဘောတူ နားလည်မှုဖြင့် စတင်ခဲ့သည်။ အကယ်၍ ၎င်းသဘောတူ နားလည်မှုသာ အကောင်အထည်ပေါ်လာမည်ဆိုပါက ကမ္ဘာကြီးသည် ပိုမိုလုံခြုံစိတ်ချဖွယ်အခြေအနေရောက် ရှိသွားမည် ဖြစ်သည်။

အကြိတ်အနယ် ဆွေးနွေးပြီး ထွက်ပေါ်လာသော မူဘောင်သဘောတူညီချက်က အီရန်ကို နျူကလီးယားလက်နက်ပြုလုပ်သည့်အတွက် အရေးယူပိတ်ဆို့ ထားမှုများကို ပြေလျော့ရန် ရည်ရွယ် ထားသည်။ အီရန်နှင့် အင်အားကြီးခြောက်နိုင်ငံ၏ မူဘောင်သဘော တူညီချက်ဆွေးနွေးမှုသည် ယခုအခါ နောက်ဆုံးအဆင့်သို့ ရောက်လာပြီဖြစ်သည်။

အီရန် နိုင်ငံသားများသည် လမ်းများပေါ်တွင် ပျော်ရွှင်မှု အထိမ်း အမှတ်များ ပြုလုပ်ဆင်နွှဲနေ ကြသော်လည်း အစ္စရေးက အဆိုပါ သဘောတူညီချက်က ၎င်းတို့၏ ရှင်သန်မှုကိုခြိမ်းခြောက်နေကြောင်း ပြောခဲ့သည်။

၎င်းသဘောတူညီချက်သည် ကာလရှည်ကြာ သဘောတူညီချက်ဖြစ်ကြောင်း၊ အီရန်နျူကလီးယားဗုံး၏ လုပ်ဆောင်မှု လမ်းစဉ်အလားအလာများလည်း ပါရှိကြောင်းဖြင့် အမေရိကန်သမ္မတ အိုဘားမားက မူဘောင်သဘော တူညီချက်ကို ကြေညာပြီးနောက် ပြောခဲ့သည်။ အကယ်၍ သဘောတူညီချက်သည် နောက်ဆုံးအဆင့်ရောက်ပြီ ဆိုပါက ကမ္ဘာကြီး၏လုံခြုံရေးကိုအကြီးမားဆုံး ခြိမ်းခြောက်နေသောပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ ကမ္ဘာ့ငြိမ်းချမ်းရေးကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက် ပြောဆိုခဲ့သည်။

**(ဘီဘီစီ)**

ပြည်တွင်းသတင်း

## သင်္ကြန်နှစ်ဆန်းတွင် ဇီဝိတဒါနငါးလွှတ်နိုင်ရန် ငါးသားပေါက်များ ရောင်းချပေးခြင်းနှင့် ခွင့်ပြုချက်လျှောက်ထားရန် နှိုးဆော်

**နေပြည်တော် မေ ၄**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသားပေါက်များကို ရောင်းချပေးမည်ဖြစ်ပါသဖြင့် ၂၀၁၅ ခုနှစ်၊ ဧပြီ (၁၇) ရက်နေ့ (မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင်) အများပြည်သူဇီဝိတဒါနငါးလွှတ်နိုင်ရန်အတွက် ဉပ္ပါတသန္တိစေတီတော် (မာလိနီရေကန်တော်၊ နေပြည်တော်)၊ ကမ္ဘာအေးကုန်းမြေ (မင်္ဂလာကန်တော်ကြီး)၊ ရွှေပြည်သာမြို့နယ်(သာခုကန်ဘုရား)၊ ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား(သွေးဆေးကန်)၊ စွယ်တော်မြတ်စေတီတော်၊ ကျောက်တော်ကြီးဘုရားနှင့် ရေချိုငါးဉယျာဉ်(ကန်တော်ကြီး)တို့တွင် ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ ငါးမြစ်ချင်း၊ တီလားပီးယား၊ ရောင်စုံငါးကြင်း၊ ငါးတန်၊ ငါးကျည်းစသည့် ငါးသားပေါက်များကို ရောင်းချပေးသွားမည်ဖြစ်ပြီး ဘေးမဲ့ငါးလွှတ်လိုသူများအနေဖြင့် ဖုန်း- ၀၆၇-၄၀၈၄၇၆၊ ၄၁၈၅၁၈(ရုံးချုပ်)၊ ၀၉-၄၀၁၅၄၅၀၇၇ (ရေဆင်း) နေပြည်တော် ၀၉-၄၀၂၅၀၆၃၄၂(လှော်ကား)၊ ၀၉-၄၀၀၄၄၄၅၀၅ (လေးဒေါင့်ကန်)၊ ရန်ကုန် ၀၉-၂၀၁၁၈၉၂(သရက်ကုန်း) မန္တလေးတို့သို့ ကြိုတင်ဆက်သွယ်မှာကြားနိုင်ကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ နှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



## နိုင်ငံခြားသားများတင်ဆောင်ပြီး ပို့ဆောင်ပေးသော ရေအတက်စောင့်နေသည့် Road to Mandalay သင်္ဘောကြီး

**မြင်းမူ မေ ၄**

နိုင်ငံခြားသားခရီးသည်ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသော Road to Mandalay ကုမ္ပဏီက ရွှေကြက်ယက်ဆိပ်ကမ်းမှ ပုဂံညောင်ဦးဆိပ်ကမ်းသို့ နိုင်ငံခြားသားခရီးသည်များကို ပို့ဆောင်ပေးလျက်ရှိရာမှ မြစ်ရေနည်းပါးလာခြင်းကြောင့် မြင်းမူဆိပ်ကမ်းကို (ယာယီ) အသုံးပြုကာ Road to Mandalay သင်္ဘောကြီးဖြင့် မြင်းမူဆိပ်ကမ်းမှ ပုဂံ-ညောင်ဦးဆိပ်ကမ်းသို့ နိုင်ငံခြားသားများကို အပတ်စဉ်ကြာသပတေးနေ့တိုင်းပို့ဆောင်ပေးသည်။

ပုဂံ-ညောင်ဦးမှ တနင်္ဂနွေပြန်လည်ထွက်လာပြီး မြင်းမူဆိပ်ကမ်းသို့ တနင်္လာနေ့ နံနက်ပိုင်းပြန်လည်ဝင်ရောက်သည်။ ယခုရေကြောင်းခရီးသွားရာသီကုန်ဆုံးသွားပြီဖြစ်၍ ကုန်းပိုင်းခရီးသွားများသာ ရှိတော့သည်။ နိုင်ငံခြားသားခရီးသည်များကို တင်ဆောင်၍ ပို့ဆောင်နေသော Road to Mandalay သင်္ဘောကြီးသည်အလျား ၃၂၅ ပေရှိ၍ ဧရာဝတီမြစ်ရေနည်းပါးချိန် ရေလမ်းကြောင်းသည် ကွေ့လိုက်၊ ဖြောင့်လိုက် ခုတ်မောင်းနေရသောကြောင့် ၃၂၅ ပေရှည်လျားသည့် သင်္ဘောအနေဖြင့် ဆန်တက်ရန် မဖြစ်နိုင်သေးဘဲ ရေယာဉ်များ သွားလာလျက်ရှိသည့် ရေကြောင်းနှင့် လွတ်ကင်းသောနေရာ မြင်းမူမြို့အနီးရေလယ်၌ ကျောက်ချရပ်နားပြီး ဧရာဝတီမြစ်ရေတိုးချိန်ကို စောင့်ဆိုင်းလျက်ရှိသည်။

မြစ်ရေနည်းပါးသဖြင့် ရပ်နေရသည့် ရေယာဉ်များသည် မေ ၁ ရက်တွင် ဧရာဝတီမြစ်ရေခန့်မှန်း ခြောက်လက်မခန့်တိုးသည့်အတွက်ကြောင့် မန္တလေးဘက်သို့ ဆန်တက်သွားကြပြီဖြစ်ကြောင်း သိရသည်။ **(၀၇၉)**

## ရုရှားငါးဖမ်းသင်္ဘောနစ်မြုပ်မှုတွင် မြန်မာသင်္ဘောသား ၂၂ ဦးအသက်ရှင်လျက်ကယ်တင်နိုင်ခဲ့ ရုရှားနိုင်ငံသေဆုံးသူများ၏ မိသားစုများအား ရူဘယ်လ်တစ်သန်းစီထောက်ပံ့မည်

**နေပြည်တော် မေ ၄**

ရုရှားနိုင်ငံအရှေ့ပိုင်း Okhotsh Sea ၌ ဧပြီ ၁ ရက် ညပိုင်းက လူ ၁၃၂ ဦးပါ ရုရှားငါးဖမ်းသင်္ဘော Dalnyi Vostok နစ်မြုပ်မှုဖြစ်ပွားခဲ့ရာ ရေယာဉ်မှူးနှင့် ဒုတိယရေယာဉ်မှူးအပါအဝင် ၅၆ ဦး သေဆုံးခဲ့ပြီး ၆၃ ဦးကို ကယ်တင်နိုင်ခဲ့ကာ ၁၃ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရှိရသည်။ သင်္ဘောသား ၁၃၂ ဦးအနက် ရုရှားနိုင်ငံသား ၇၈ ဦးပါဝင်ပြီး ကျန်ရှိသူများမှာ မြန်မာနိုင်ငံသား ၄၂ ဦး၊ လတ်ဗီးယားနိုင်ငံသားသုံးဦး၊ ယူကရိန်းနိုင်ငံသားလေးဦးနှင့် ဗင်နွာတူနိုင်ငံသားငါးဦးတို့ ဖြစ်သည်။



Photo-AP

သင်္ဘောနစ်မြုပ်မှုမှာ အလွန်လျင်မြန်သောကြောင့် သင်္ဘောသားများမှာ အရေးပေါ် SOS မက်ဆေ့ချ်ပေးပို့နိုင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

အာမခံထားခြင်း မရှိသော အဆိုပါသင်္ဘောကို ၂၀၁၄ ခုနှစ် အကုန်ပိုင်း၌ ပြုပြင်ထိန်းသိမ်းမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။ ရုရှားငါးဖမ်းလုပ်ငန်းအေဂျင်စီ ဒုတိယအကြီးအကဲ Vasily Sokolov ကရေယာဉ်၌ တန်ပိုတင်ဆောင်ထားခြင်းမရှိကြောင်း၊ နစ်မြုပ်မှုမှာ လူပုဂ္ဂိုလ်၏မှားယွင်းမှု (Human Error) ဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။ ယခုအခါ သင်္ဘောနစ်မြုပ်ရာဒေသ၌ ရုရှားနိုင်ငံက ကယ်ဆယ်ရေးလုပ်သား ၁၆၀၀၊ ရေယာဉ် ၃၂ စီး၊ BE ၂၀၀၊ MI 8 ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်လျက်ရှိသည်။ သင်္ဘောနစ်မြုပ်မှုကြောင့် ထိခိုက်နစ်နာ ဆုံးရှုံးသူများနှင့် သေဆုံးသူများ၏ မိသားစုများအတွက် လိုအပ်သောထောက်ပံ့မှုများ အပြည့်အဝ ပြုလုပ်သွားရန် အထူးဝမ်းနည်းကြေကွဲကြောင်း ရုရှားသမ္မတ ဗလာဒီမာ ပူတင်က ထုတ်ဖော်ပြောကြားခဲ့သည်။

ရုရှားဝန်ကြီးချုပ် မက်ဗီဒက်ဗ်နှင့်ရုရှားအစိုးရကလည်း ထိုအဖြစ်ဆိုးကြီးအတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် ၁ မိနစ်ငြိမ်သက်ခဲ့ကြသလို ဂျာမနီဝန်ကြီးချုပ်၊ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး၊ ကာဂျစ်စတန်သမ္မတနှင့် ဝန်ကြီးချုပ်တို့က ဝမ်းနည်းကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၏ လမ်းညွှန်မှုဖြင့်သံရုံးတာဝန်ရှိသူများက ရုရှားနိုင်ငံလူမှုဝန်ထမ်း ကယ်ဆယ်ရေးဝန်ကြီးဌာနသို့ အချိန်နှင့်တစ်ပြေးညီဆက်သွယ်ကာ သေဆုံးသူများနှင့် ထိခိုက်နစ်နာသူများအတွက် အပြည့်အဝကူညီပေးလျက်ရှိသည်။ နစ်မြုပ်သင်္ဘောပေါ် ပါရှိသော မြန်မာနိုင်ငံသား ၄၂ ဦးအနက် ၂၂ ဦးကို အသက်ရှင်လျက်ဆယ်ယူနိုင်ခဲ့ပြီး ၁၉ ဦး ပျောက်ဆုံးနေကာတစ်ဦးသေဆုံးသွားခဲ့ကြောင်း ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ မမျှော်လင့်သော အဖြစ်ဆိုးကြောင့် သေဆုံးသူများ၏မိသားစုများအား ရုရှားအလုပ်သမားဝန်ကြီးဌာနမှ ရူဘယ်လ် တစ်သန်းစီ ထောက်ပံ့ပေးမည် ဖြစ်ကြောင်း ကနဦးသတင်းများအရ သိရသည်။ **သုတ**


## (၄၄)နှစ်မြောက် မင်္ဂလာဆုတောင်း

ကျေးဇူးရှင်ဖေဖေဗိုလ်ချုပ်ဝင်းမြင့်(ငြိမ်း)နှင့် မေမေဒေါ်နီနီတို့၏ ၄-၄-၂၀၁၅ ရက်တွင် ကျရောက်သော (၄၄)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ကျန်းမာ ချမ်းသာပြီး ချစ်သောသားသမီးများ၊ ချစ်သောမြေးများနှင့်အတူ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ဆတက်ထမ်းပိုးသယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

**ချစ်သောသမီးများ**

**မောင်သိန်းဆွေ-မီးမီး**

**မီးငယ်**

**အောင်စူ-ချယ်ချယ်**

**ကောင်းသစ်ဝင်းမြင့်(ခ)ဇာနည်ဝင်းမြင့်**

**ချစ်မြေးများ**

**သက်ထား၊ စစ်သွေး၊ ယွန်းယွန်း၊**

**သဲသဲ၊ ကိုဟိန်း၊ လလုံး၊ အာဒီး၊ ပေါက်စ**

## ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

| | | | |
|---|---|---|---|
| ၁။ | အုပ်ချုပ်ရေးမှူး (သို့) ကြီးကြပ်ရေးမှူး | (ကျား/မ) | - ၅ ဦး |
| ၂။ | စာရင်းစစ်၊ စာရင်းကိုင်၊ စာရေးမဝန်ထမ်း | (မ) | - ၁၀ ဦး |
| ၃။ | Markcting Managcr | (ကျား/မ) | - ၅ ဦး |
| ၄။ | Marketing Supervisor | | |
| ၅။ | Marketing | (ကျား/မ) | - ၅ ဦး |
| ၆။ | ယာဉ်မောင်း (လစာ ၂၅၀၀၀၀ + +) | (ကျား) | - ၅ ဦး |
| ၇။ | အထွေထွေဝန်ထမ်း | (ကျား) | - ၁၀ ဦး |

စိတ်ပါဝင်စားသူများသည် အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ အမျိုးသားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ လိုင်စင် ဓါတ်ပုံ(၂)ပုံနှင့်အတူ အောက်ပါလိပ်စာသို့ (၁)ပါတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။ **(ကျွမ်းကျင်မှုပေါ် မူတည်၍ လစာညှိနှိုင်းနိုင်သည်။)**

ဆက်သွယ်ရန် - ဝင်းကာယာနှင့် ဘက္ကရီရောင်းဝယ်ရေး
အမှတ်(၂၃၅)၊ အလယ်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**တစ်ဦးတည်းဖြစ်ကြောင်း**

မကွေးမြို့၊ တည်ဆောက်ရေး(၃)၊ ဆည်မြောင်းမှ မောင်အောင်သူရ(စက်မှုကျွမ်းကျင်-၄) ၈/ပဖန(နိုင်)၀၉၂၆၃၂၏မိခင် ဒေါ်တင်ဝေနှင့် ဒေါ်တင်တင်ဝေ ၈/ပဖန(နိုင်)၀၆၇၂၉၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်တင်ဝေ(ခ)ဒေါ်တင်တင်ဝေ ၈/ပဖန(နိုင်)၀၆၇၂၉၆**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဝန်းသိုမြို့နယ်၊ ညောင်ခြေထောက်ကျေးရွာအုပ်စု၊ ညောင်ခြေထောက်ကျေးရွာနေ ဦးတင်ဦး ၅/ဝသန(နိုင်)၀၂၄၁၅၈ ၏ဖခင် ဦးဖိုးနီ (ခ) ဦးချစ်မောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**စာအုပ် စာပေ**

**လူ့မိတ်ဆွေ**

ပြည်တွင်းသတင်း



# မီးရထားလမ်းအဆင့်မြှင့်တင်ရန် ကိုရီးယားပညာရှင်အဖွဲ့ကြည့်ရှုစစ်ဆေး

**ကသာ ဧပြီ ၄**

မြန်မာ့မီးရထားဖြင့် ခရီးသွားလာရေးလုပ်ငန်း အဆင်ပြေချောမွေ့စေရန်အတွက် မန္တလေး-မြစ်ကြီးနားလမ်းပိုင်း အဆင့်မြှင့်တင်ပေးနိုင်ရန် မတ် ၃၁ ရက် နံနက် ၉ နာရီခွဲမှစ၍ ဧပြီ ၁ ရက်တွင် မီးရထားလမ်းပိုင်လိုအပ်နေမှုနေရာများကို လိုက်လံကြည့်ရှုစစ်ဆေးလျက်ရှိကြောင်း မီးရထားတာဝန်ရှိထံမှ သိရသည်။

ထို့ပြင် မြန်မာ့မီးရထား သံလမ်းပိုင်းဆိုင်ရာ ကောင်းမွန်ရေးအတွက် နိုင်ငံတော်စီမံချက်တစ်ရပ်အနေဖြင့် ကိုရီးယားပညာရှင်ခေါင်းဆောင် Ms. Park Yun Ni အဖွဲ့နှင့်မြန်မာ့မီးရထား မြို့ပြင်အင်ဂျင်နီယာ ဦးဇော်ဝင်းနှင့်အဖွဲ့တို့ မတ် ၃၁ ရက် နံနက် ၉ နာရီခွဲက ရထောင်ဘူတာ၊ နမ်းခမ်း၊ ဘုံချောင်းဘူတာများကိုလည်းကောင်း၊ ဧပြီ ၁ ရက် နံနက် ၁၀ နာရီက နဘားဘူတာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး RBE- 2581 မီးရထားဖြင့် အထက်မြန်မာ့ မီးရထားလမ်းပိုင်းအဆင့်မြှင့်တင်စီမံကိန်း ထိန်းသိမ်းရေးမှူးတာ စဉ် လိုက်အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(ဓာတ်ပုံ)**

**ငွေအိုး(ကသာ)**

# ဗဟိုဘဏ်ကခွင့်ပြုသည့် ပထမဆုံးနိုင်ငံခြားဘဏ်ခွဲ ဧပြီ ၂၃ရက်တွင် ဖွင့်မည်

**ရန်ကုန် ဧပြီ ၄**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ဧပြီ ၂ ရက်တွင် မြန်မာနိုင်ငံအတွင်း ပထမဆုံးသော နိုင်ငံခြားဘဏ်ခွဲသုံးခုအား အပြီးသတ်ခွင့်ပြုချက်ပေးအပ်ခဲ့ပြီး ယင်းတို့အနက် အိုစီဘီစီဘဏ်မှ ဧပြီ ၂၃ရက်တွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

ယင်းဘဏ်သည် မြန်မာနိုင်ငံ၏ Corporate Customer များ အင်တာနက်ဘဏ် ဝန်ဆောင်မှုကို ပထမဆုံးအဖြစ်ပေးအပ်မည့် နိုင်ငံခြားဘဏ်တစ်ခုဖြစ်လာမည်ဖြစ်ကာ စီးပွားရေးလုပ်ငန်းသုံး အင်တာနက်ဘဏ်ဝန်ဆောင်မှုဖြင့် ဘဏ်စာရင်းကို ၂၄နာရီ မည်သည့် နေရာမှမဆို ငွေပေးချေနိုင်တော့မည်ဖြစ်သည်။

"မတည်ရင်းနှီးငွေ အမေရိကန်ဒေါ်လာ ၇၅ သန်းရှိပါတယ်။ မြန်မာဝန်ထမ်းတစ်ဝက်ကျော် ခန့်ထားပြီး ရန်ကုန်မှာ ဘဏ်ခွဲကို ပထမဆုံးဖွင့်လှစ်ခွင့်ရရှိတဲ့ ဘဏ်လုပ်ငန်းတစ်ခုအနေနဲ့ ဝမ်းသာမိပါတယ်။ ကျွန်တော်တို့အနေနဲ့ လိုင်စင်နဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ မြန်မာနိုင်ငံရဲ့ လက်ရှိဆောင်ရွက်နေတဲ့ စီးပွားရေးနဲ့ ဘဏ္ဍာရေးအခန်းကဏ္ဍဖွံ့ဖြိုးမှု၊ ပြောင်းလဲတိုးတက်မှုတွေအတွက် ပံ့ပိုးမယ်လို့ ကတိပြုပါတယ်"ဟု Mr. inus Goh- Head of CBC global commerical banking က ပြောကြားသည်။

အထူးသဖြင့် ၂၀၁၅ ခုနှစ်တွင် အာဆီယံ စီးပွားရေးအသိုက်အဝန်း စတင်တော့မည် ဖြစ်ခြင်းကြောင့် သယံဇာတကြွယ်ဝသည့် မြန်မာနိုင်ငံသည် ဒေသတွင်း Customer များအတွက် ရင်းနှီးမြှုပ်နှံရန် ဆွဲဆောင်သည့် နေရာတစ်ခုဖြစ်လာကြောင်း၊ ၂၀၁၁ခုနှစ် မြန်မာ့စီးပွားရေးတံခါးများ စတင်ဖွင့်လှစ်ချိန်မှစတင်ကာ ယင်းဘဏ်သည် မြန်မာဘဏ်များနှင့် ပူးပေါင်းကာလေ့ကျင့်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဘဏ်လုပ်ငန်းမှာ ဆက်ဆံရေးနဲ့ ယုံကြည်မှုက အလွန်အရေးကြီးပါတယ်။ ရေခြားမြေခြားက မတူညီတဲ့ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေနဲ့ ရင်ဆိုင်ရတဲ့အပြင် ပူးပေါင်းလုပ်ငန်းလုပ်ကိုင်မယ့် ပြည်တွင်းဘဏ်တွေကို ရှာရာမှာ ကွဲပြားတဲ့ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနဲ့ စိန်ခေါ်မှုတွေ ရင်ဆိုင်ခဲ့ရတယ်" ဟု TA Corporation Ltd., မှ အမှုဆောင်အရာရှိချုပ် မစ္စတာ နီယိုတန်က ပြောကြားသည်။

၁၉၃၁ ခုနှစ်က အိုစီဘီစီဘဏ်၏ မူလဘဏ်ဖြစ်သော အိုဗာဆီး ချိုင်းနိစ့် ဘဏ်ခွဲကို ရန်ကုန်တွင် ဖွင့်လှစ်ခဲ့ဖူးပြီး လားရှိုးတွင်လည်း ဆက်လက်ဖွင့်လှစ်ကာ တရုတ်-မြန်မာ ငွေကြေးဈေးကွက် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အိုစီဘီစီဘဏ်သည် စင်ကာပူနိုင်ငံရှိ ဘဏ်သုံးဘဏ်ပူးပေါင်းကာ တည်ထောင်ထားခြင်းဖြစ်ပြီး အရှေ့တောင်အာရှတွင် ပိုင်ဆိုင်မှု ဒုတိယအကြီးဆုံးဖြစ်ကာ ကမ္ဘာ့အခိုင်မာဆုံး ဘဏ်တစ်ခုအဖြစ် သတ်မှတ်ခြင်းခံထားရကြောင်း သိရသည်။

**ခင်ရတနာ (မြန်မာ့အလင်း)**



# ကောလင်းမြို့တွင် လေမုန်တိုင်းတိုက်ခတ်

**ကောလင်း ဧပြီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့တွင် ဧပြီ ၂ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က လေမုန်တိုင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့တွင် ဧပြီ ၂ ရက် မွန်းလွဲ ၂ နာရီခွဲခန့်ကစတင်၍ နာရီဝက်ခန့်ကြာအောင် လေမုန်တိုင်းတိုက်ခတ်ခဲ့ပြီး ကောလင်း မြို့မစည်ပင်ဈေးသစ်ကြီးတွင် မိုးထားသောသွပ်များ ကျွတ်ထွက်ခြင်း၊ ခေါင်မိုးများပျက်စီးခြင်း၊ ဈေးရောင်းချနေသော ဈေးသည်၊ ကုန်သည်များ၏ ကုန်ပစ္စည်းများ ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

မြို့မစည်ပင်ဈေးကြီးမှာ သက်တမ်းကြာမြင့်ပြီဖြစ်ပြီး ပျက်စီးယိုယွင်းမှုများကို ထိန်းသိမ်းမှုအားနည်းခြင်း၊ လေတိုက်ခတ်မှုနှုန်း ပြင်းထန်ခြင်းများကြောင့် အမိုးမိုးထားသော သွပ်ချပ်များ ပြုတ်ထွက်လွင့်ပျံ့ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

"ဒီဈေးကြီးက ဆောက်ထားတာလည်းကြာပြီလေ၊ ခုပြုတ်ထွက်ကုန်တဲ့ သွပ်မိုးတွေက လုပ်ထားတာကြာလှပြီ။ မပြုမပြင်ဘဲ ဒီတိုင်းထားတာကြာတော့ ပြုတ်တဲ့ဟာတွေ ပြုတ်ကုန်တာပေါ့။ ဒါကိုဈေးကော်မတီက မပျက်စီးခင်ကတည်းက ပြင်သင့်တာ။ ခုတော့ ဈေးသည်အားလုံး ဒုက္ခရောက်ကုန်ရော။ လူတွေကို သွပ်ပြားတွေမခိုက်မိလိုက်တာကိုပဲ တော်သေးတယ်ပြောရမယ်" ဟု ဈေးသည်တစ်ဦးကပြောသည်။ ည ၈ နာရီခွဲခန့်က ကောလင်းမြို့နယ် စွယ်ရကျေးရွာတွင် လေတိုက်၍ ပြိုကျနေသောဓာတ်ကြိုးနှင့် ထိမိ၍ လျှပ်စစ်မီးလိုင်းတာဝန်ခံ ဦးခါမောင် (၄၇နှစ်)သည် ဓာတ်လိုက်ပြီး သေဆုံးသွားကြောင်း သိရသည်။

**ကိုကိုညိမ်း(ကောလင်း)**






လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ဆည်မြောင်းဦးစီးဌာန
ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း တူးဖော်ရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

(က) **ရေနုတ်မြောင်းတူးဖော်ခြင်း**

(၁) အောက်ခြေအကျယ်ပေ(၂၀)အောက် တူးဖော်ခြင်း

(၂) အောက်ခြေအကျယ်ပေ(၂၀)အထက် တူးဖော်ခြင်း

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၆-၄-၂၀၁၅ ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၉-၄-၂၀၁၅ ရက်၊ ၁၆:၀၀ နာရီ

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီး၊ ဆည်မြောင်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဟင်္သာတမြို့ ဖုန်း-၀၄၄-၂၁၀၇၈၊ ၀၄၄-၂၁၄၀၈ တို့သို့ ဆက်သွယ်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**




ပြည်တွင်းသတင်း

# သောက်သုံးရေအခက်အခဲမရှိစေရန် ရေများလှူဒါန်း



**မလှိုင် မေ ၄**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် မီးသတ်ဦးစီးဌာနက ပူပြင်းသောနွေရာသီတွင် သောက်သုံးရေ အခက်အခဲမရှိစေရန် မေ ၃ ရက်က ရပ်ကွက်ကြီး (၂) နယ်မြေရှိ အမှတ် (၁၄) ဇီးပင်ကန်ရပ်ကွက်သို့ မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

သောက်သုံးရေများ လာရောက်လှူဒါန်းရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအေးသောင်း၊ ရပ်ကွက်ကြီး(၂) အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် ရပ်မိရပ်ဖများက ကူညီဆောင်ရွက်ပေးခဲ့ပြီး အမှတ် (၁၄) ဇီးပင်ကန်ရပ်ကွက်မှ အိမ်ထောင်စု ၁၅၀ အတွက် သောက်ရေများ လှူဒါန်းခဲ့ကြသည်။

"ကျွန်တော်တို့ရပ်ကွက်မှာ တချို့ ကိုယ်ပိုင်စက်တွင်းလေးတွေ ရှိပါတယ်။ ရေက သောက်လို့တော့ သိပ်မကောင်းဘူး၊ သုံးရေတော့ ရပါတယ်။ သောက်ရေအတွက် သံလမ်းနားက ရေတွင်းမှာ သွားခပ်ရပါတယ်။ ရာသီကအလွန်ပူလွန်းတော့ အပြင်သိပ်မထွက်ချင်ကြဘူး။ လိုသလောက်ပဲ ရေခပ်ကြတယ်။ အခုလိုအိမ်တိုင်ရာရောက်လာလှူတော့ မြင်တဲ့အတိုင်းပဲ၊ ရေပေါပေါများများရှိတော့ သောက်ရေအတွက်သာမက မီးဘေးအန္တရာယ်အတွက်ပါ ပိုစိတ်ချရပါတယ်" ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က ပြောသည်။

**အောင်ငွေး(မလှိုင်)**

# အထက်ရဲရွာ ရေအားလျှပ်စစ်စက်ရုံအတွက် တာဘိုင်နှင့် ဂျင်နရေတာများကို တိုရှီဘာကော်ပိုရေးရှင်းမှ ပေးသွင်းမည်

**နေပြည်တော် မေ ၄**

ရေအားလျှပ်စစ် ထုတ်လုပ်ရေး ပစ္စည်းကိရိယာများ ထုတ်လုပ်သော တရုတ် လုပ်ငန်းခွဲတစ်ခုဖြစ်သည့် Toshiba Hydropower Hangzhou Co., Ltd .( THPC) သည် မြန်မာနိုင်ငံ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အကောင်အထည်ဖော်လျက်ရှိသည့် အထက်ရဲရွာ ရေအားလျှပ်စစ်စက်ရုံအတွက် ၇၇ မီဂါဝပ်ရှိသော ရေအားလျှပ်စစ်တာဘိုင်နှင့် ဓာတ်အားထုတ်လုပ်ရေး စက်ယူနစ်လေးလုံးပေးသွင်းရန် အမှာစာတစ်ရပ် လက်ခံရရှိခဲ့သည်ဟု ဂျပန်စီးပွားရေး လုပ်ငန်းတစ်ခုဖြစ်သည့် တိုရှီဘာကော်ပိုရေးရှင်းက ကြေညာခဲ့ကြောင်း Renewables Biz ဝက်ဘ်ဆိုက်တွင် မေ ၁ ရက်က ထုတ်ပြန်ကြေညာသည်။

မြန်မာ့ လျှပ်စစ်ဓာတ်အားလုပ်ငန်းက မန္တလေးမြို့၏ အရှေ့မြောက်ဘက်၌ တည်ဆောက်မည့် ၃၀၈ မီဂါဝပ်ရှိသော အထက်ရဲရွာ ရေအားလျှပ်စစ်စက်ရုံဆိုင်ရာ အဆိုပြုစာချုပ်သည် တိုရှီဘာကော်ပိုရေးရှင်း၏ အဆင့်မြင့်နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်မှုများနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးတွင် နှစ်ပေါင်း ၁၂၀ ကျော်ကြာ အတွေ့အကြုံအပေါ် အခြေခံထားသည်။ အထက်ရဲရွာ ရေအားလျှပ်စစ်စက်ရုံ စီမံကိန်းအတွက် ရေအားလျှပ်စစ်ထုတ်လုပ်ရေးကိရိယာများ ပေးသွင်းမှုကို တရုတ်နိုင်ငံမှ Zhejiang Orient Engineering Co., Ltd က ၂၀၁၆ ခုနှစ် မတ်လတွင် စတင်ဆောင်ရွက်မည်ဖြစ်သည်။ တိုရှီဘာအုပ်စုသည် ၁၉၈၉ ခုနှစ်က ၂၈ ဒသမ ၄ မီဂါဝပ်ရှိသည့် ဆည်တော်ကြီး ရေအားလျှပ်စစ်စက်ရုံအတွက် ဟိုက်ဒရောလစ်တာဘိုင်တစ်လုံး ပေးသွင်းခဲ့ပြီး ယခုအကြိမ်မှာ မြန်မာနိုင်ငံမှ ဒုတိယမြောက် အမှာစာတစ်ရပ် လက်ခံရရှိခြင်း ဖြစ်သည်။ ရေအားလျှပ်စစ်မှာ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၏ အဓိကအကျဆုံးသော လျှပ်စစ်ရင်းမြစ်ဖြစ်ပြီး တိုင်းပြည်အတွင်း လျှပ်စစ်ဓာတ်အားထောက်ပံ့မှု၏ ၇၅ ရာခိုင်နှုန်းနီးပါးရှိသည်။

တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ကြီးမားသော စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် မြန်မာနိုင်ငံ၌ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ထပ်မံဆောက်လုပ်မည့် အစီအစဉ်များရှိသည်။ ၁၈၉၄ ခုနှစ်က တိုရှီဘာအုပ်စုသည် ပထမဆုံးသော ဂျပန်နိုင်ငံလုပ် ၆၀ ကီလိုဝပ်ရှိသည့် ရေအားလျှပ်စစ် ထုတ်လုပ်ရေးစက်ကို ဂျပန်နိုင်ငံ၏ ပထမဆုံး စီးပွားဖြစ် ရေအားလျှပ်စစ်စက်ရုံဖြစ်သော Keage ဓာတ်အားပေးစက်ရုံ၌ တပ်ဆင်ပေးခဲ့သည်။ ထိုအချိန်မှ စတင်ကာ တိုရှီဘာအုပ်စုသည် ကမ္ဘာတစ်ဝန်းသို့ မီဂါဝပ် ၅၆၀၀၀ ကျော် ထုတ်လုပ်နိုင်စွမ်းရှိသော ရေအားလျှပ်စစ်ထုတ်လုပ်ရေးစက် ၂၀၀၀ ကျော် ပေးသွင်းခဲ့သည်။ တိုရှီဘာအုပ်စုသည် ရေအားလျှပ်စစ်၊ ဘူမိစွမ်းအင်၊ လေနှင့် နေစွမ်းအင်စနစ်များအပါအဝင် နျူကလီးယား၊ အပူနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြင့် တည်ငြိမ်သော ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ထောက်ပံ့မှုတစ်ခုရရှိရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။ **သုတ**

# သိမ်းဆည်းမြေများ ပြန်လည်ပေးအပ်

**မိုင်းဆက် မေ ၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ၃ ရက်က သိမ်းဆည်းလယ်ယာမြေများကို မြို့နယ်မြေယာစီမံခန့်ခွဲမှုကော်မတီသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ ကျင်းပရာ စွန့်လွှတ်လယ်ယာမြေ ၁၈၀ ဒသမ ၂၅ ဧကနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်အုပ်ချုပ် ရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

မိုင်းဆတ်မြို့နယ်တွင် တပ်မတော်မှ ပြန်လည်စွန့်လွှတ် ပေးအပ်သည့် လယ်ယာမြေ ၄၁၉ ဒသမ ၉၄ ဧက ရှိပြီဖြစ်ကြောင်း သိရသည်။

**သန်းဇော်(iprd)**



ဥပဒေ

# ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

| စဉ် | ကုန်စည်/ဝန်ဆောင်မှုအမျိုးအမည် |
|---|---|
| ၂၀ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်း မရှိသည့် သင်၊ သက်ငယ်၊ သပေါ့၊ ဓနိ၊ တောင်ထန်း၊ ဖာလာ၊ ဝဥ၊ သနပ်ခါး စသော လယ်ယာကိုင်းကျွန်း ဥယျာဉ်ထွက်ကုန်များ။ |
| ၂၁ | ထင်း၊ ဝါး။ |
| ၂၂ | သက်ရှိ တိရစ္ဆာန်၊ ငါး၊ ပုစွန်များ။ |
| ၂၃ | ပိုးအိမ်။ |
| ၂၄ | ကြိမ် အကြမ်းအချော။ |
| ၂၅ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၆ | ချိပ်များ။ |
| ၂၇ | မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ် စသည့် ဆီကြိတ်ပြီး အဖတ်များ။ |
| ၂၈ | ဆပ်ပြာမှုန့်ကြမ်း၊ ဆပ်ပြာကြမ်း။ |
| ၂၉ | အရောင်ချွတ်ဖတ်။ |
| ၃၀ | အုန်းဆံချည်ခင်၊ အုန်းမှုတ်ခွံမီးသွေး။ |
| ၃၁ | လက်ဖက်စို၊ လက်ဖက်ခြောက် အမျိုးမျိုး။ |
| ၃၂ | တံဆိပ်ခေါင်းအမျိုးမျိုး(အခွန်အမှတ်တံဆိပ်အပါအဝင်)။ |
| ၃၃ | ချိပ်ပြားနှင့် တံဆိပ်နှိပ်ချိပ်များ။ |
| ၃၄ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ။ |
| ၃၅ | ငံပြာရည်အမျိုးမျိုး။ |
| ၃၆ | ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားဖွဲနုဆီ၊ ပဲပုပ်ဆီနှင့် ဆီ အခဲများ။ |
| ၃၇ | ငါးစို၊ ပုစွန်စို၊ အသားစို။ |
| ၃၈ | နို့၊ နို့မှုန့်အမျိုးမျိုး။ |
| ၃၉ | ငရုတ်သီး၊ ငရုတ်သီးမှုန့်။ |
| ၄၀ | နနွင်း၊ နနွင်းမှုန့်။ |
| ၄၁ | ချင်း။ |
| ၄၂ | ငါးပိအမျိုးမျိုး။ |
| ၄၃ | မန်ကျည်းမှည့်။ |
| ၄၄ | နိုင်ငံတော်အလံ။ |
| ၄၅ | စိပ်ပုတီးအမျိုးမျိုး။ |
| ၄၆ | ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက် အမျိုးမျိုး။ |
| ၄၇ | ထင်းအစားထိုး လောင်စာတောင့်။ |
| ၄၈ | အုန်းဆီ(စားအုန်းဆီမဟုတ်)။ |
| ၄၉ | ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။ |
| ၅၀ | ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့။ |
| ၅၁ | ဘာသာရေးဆိုင်ရာ အဝတ်အထည် (သင်္ကန်း စသည်ဖြင့်)။ |
| ၅၂ | ရေနံချေး။ |
| ၅၃ | ဆားအမျိုးမျိုး။ |
| ၅၄ | ကြက်ပေါင်စေး။ |
| ၅၅ | ကွမ်းသီး။ |
| ၅၆ | ဓာတ်မြေသြဇာ။ |
| ၅၇ | ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး။ |
| ၅၈ | လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့် မွေးမြူရေး လုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ။ |
| ၅၉ | တိရစ္ဆာန်၊ ငါး၊ ပုစွန်အစာ ကုန်ကြမ်း၊ ကုန်ချော ပစ္စည်းများ။ |
| ၆၀ | တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံး ဆေးဝါးများ။ |
| ၆၁ | မျိုးမြှင့်သားစပ်ရာတွင်အသုံးပြုရန် မျိုးရည်၊ မျိုးချောင်းများ။ |
| ၆၂ | ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာ ကွန်ထရိုလာနှင့် ဆိုလာအင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။ |
| ၆၃ | ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာတန်ဆာပလာများနှင့် အခြားဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာတန်ဆာပလာများ။ |
| ၆၄ | ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးရုံသုံး အဝတ်အစားနှင့် ဆေးရုံသုံးအထွေထွေပစ္စည်းများ။ |
| ၆၅ | အိမ်သုံးဆေးဝါးနှင့် အခြား လူသုံးဆေးဝါးအမျိုးမျိုး (နည်းဥပဒေ၊ စည်းမျဉ်းဖြင့် ကန့်သတ်ထားသော လူသုံးဆေးဝါးများမှအပ)။ |
| ၆၆ | ဆေးဝါးကုန်ကြမ်းများ။ |
| ၆၇ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင်အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာအခြေပြုစာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုးနှင့် ယင်းစာအုပ်များ ထုတ်လုပ်ရန် စက္ကူများ၊ ခဲတံအမျိုးမျိုး။ |
| ၆၈ | ခဲတံလုပ်ရန်ခဲဆံ။ |
| ၆၉ | ကွန်ဒုံး(Condom)။ |
| ၇၀ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအဖွဲ့အစည်းများသုံးပစ္စည်းနှင့် ပစ္စည်းကိရိယာများ။ |
| ၇၁ | နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူး အမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ။ |
| ၇၂ | သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၇၃ | ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများအတွက်ရရှိသည့်ပုံနှိပ်ခ ရငွေနှင့် စစ်လက်နက်ကိရိယာများ၊ ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ၊ တပ်မတော်သုံးယာဉ်အမျိုးမျိုး။ |
| ၇၄ | မီးသတ်ယာဉ်များ၊ နာရေးယာဉ်များ။ |
| ၇၅ | ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့် နေရာတွင် နိုင်ငံခြားငွေဖြင့် ရောင်းချသည့်ပစ္စည်းများ။ |
| ၇၆ | နှစ်နိုင်ငံအကြား အပြန်အလှန် အခွင့်အရေးမူနှင့် အကျုံးဝင်သည့် နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့်သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများ အသုံးပြုမည့်ကုန်စည်များနှင့် အဆောက်အအုံတည်ဆောက်မှုဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၇၇ | ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်မှ ကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများ စားသုံးရန် ဝယ်ယူသည့်ကုန်စည်များ။ |
| ၇၈ | လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည် ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေလုပ်ငန်းအပ်နှံသူမှ ပေးပို့သည့်ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ်တိုက်ရိုက်အသုံးပြုရန် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကို ထုပ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ။ |
| ၇၉ | စွမ်းအင်ဝန်ကြီးဌာနမှ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့်စက်သုံးဆီများ။ |

(ဃ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့် ကုန်သွယ်မှုဆောင်ရွက်ခြင်းမှအပ အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည်-

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှု ဆောင်ရွက်ခြင်း။

(င) ပုဒ်မခွဲ (ခ)ပါကုန်စည်များအနက် အောက်ပါကုန်စည်များကို ပြည်ပမှ တင်သွင်းရောင်းချခြင်းအတွက် ရောင်းရငွေအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို တင်သွင်းစဉ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့် မရှိစေရ။ အလားတူအဆိုပါ ကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသူထံမှဝယ်ယူ၍ကုန်သွယ်မှုဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ်ကျသင့် ကုန်သွယ်လုပ်ငန်းခွန်မှကုန်စည်ကို ဝယ်ယူစဉ်ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့် မရှိစေရ။ သို့ရာတွင် ကုန်စည်ကို ဆက်လက်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည် -

(၁) စီးကရက်၊

(၂) ဆေးရွက်ကြီး၊

(၃) ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး၊

(၄) ဆေးပေ့ါလိပ်၊

(၅) ဆေးပြင်းလိပ်၊

(၆) ဆေးတံသောက်ဆေးများ၊

(၇) ကွမ်းစားဆေးအမျိုးမျိုး၊

(၈) အရက်အမျိုးမျိုး၊

(၉) ဘီယာအမျိုးမျိုး၊

(၁၀) ဝိုင်အမျိုးမျိုး။

(စ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| စဉ် | ဝန်ဆောင်မှုအမျိုးအစားများ |
|---|---|
| ၁ | အိမ်ငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း။ |
| ၂ | ယာဉ်များရပ်နားရန်နေရာ ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၃ | အသက်အာမခံဝန်ဆောင်မှုလုပ်ငန်း။ |
| ၄ | အသေးစားငွေချေးခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၅ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၇ | ကုန်စည်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၈ | အလုပ်အကိုင်ရှာဖွေရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၂ | ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့်ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၃ | နာရေးဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၄ | ကလေးသူငယ် ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၅ | မြန်မာ့ရိုးရာ အကြောပြင်ဝန်ဆောင်မှုလုပ်ငန်း/ မျက်မမြင်အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာဝန်ဆောင်မှု လုပ်ငန်း။ |
| ၁၇ | လမ်းအသုံးပြုခကောက်ခံသည့်ဝန်ဆောင်မှု လုပ်ငန်း။ |
| ၁၈ | တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှု လုပ်ငန်း။ |
| ၁၉ | အများသုံးသန့်စင်ခန်း အသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | ပြည်ပလေကြောင်း ခရီးသည် ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | အများပြည်သူ ခရီးသည်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (ဘတ်စ်ကား၊ မီးရထား၊ ကူးတို့သင်္ဘော)။ |
| ၂၃ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ပေးချေရသည့် လိုင်စင်ကြေးများ။ |

(ဆ) ပုဒ်မခွဲ(စ)ပါ ဝန်ဆောင်မှုလုပ်ငန်းများမှအပ ကျန်ပြည်တွင်း၌ ဆောင်ရွက်သည့် ဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဇ) နိုင်ငံတော်အတွင်း ဆောက်လုပ်ပြီး ရောင်းချသည့် အဆောက်အအုံဆောက်လုပ်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် ၃ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ အဆောက်အအုံ ဆောက်လုပ်ရောင်းချသူသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများပါ တာဝန်နှင့် အခွင့်အရေးများအားလုံးကို လိုက်နာခြင်း၊ ခံစားခြင်း ရှိစေရမည်။

၁၂။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုရ-

(က) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ၊

( ခ ) ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ၊

( ဂ ) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ရောင်းရငွေစုစုပေါင်းကျပ်သိန်း ၂၀၀ တိတိ။

၁၃။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါ နိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာ အခွန်နှုန်းများအတိုင်းတွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၄။ မည်သူမဆို အောက်ပါကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချပါက ရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်ရမည်-

| စဉ် | ကုန်စည်အမျိုးအစား | အခွန်ရာခိုင်နှုန်း |
|---|---|---|
| (က) | ရေနံစိမ်း။ | ၅ |
| (ခ) | သဘာဝဓာတ်ငွေ့။ | ၈ |
| (ဂ) | ကျွန်း၊ သစ်မာသစ်လုံးနှင့် အခြေခံအဆင့်သာ ခွဲစိတ်ထားသော သစ်ခွဲသားများ။ | ၅၀ |
| (ဃ) | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန် နှင့်အခြား အဖိုးတန်ကျောက်မျက်ရတနာအရိုင်းထည်များ။ | ၁၅ |
| (င) | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန် နှင့်အခြား အဖိုးတန်ကျောက်မျက်ရတနာ အချောထည်များ နှင့် လက်ဝတ်ရတနာများ။ | ၅ |
| (စ) | လျှပ်စစ်ဓာတ်အား။ | ၈ |

၁၅။ ဤဥပဒေ ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၁၆။ အထက် ပုဒ်မ ၁၄ ပါကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပ သို့ ကုန်စည်တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းတွင်မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့်စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက်ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကို ဝယ်ယူစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ထက်လျော့နည်းနေပါက ပြန်အမ်းငွေတောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန်အလို့ငှာ ပြည်တွင်း၌ဝယ်ယူပြီး ပြည်ပသို့ ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်စေရ။

*စာမျက်နှာ ၁၆ သို့*

## ဥပဒေ

စာမျက်နှာ ၁၅ မှ

၁၇။ စွမ်းအင်ဝန်ကြီးဌာနမှ ဂျက်လေယာဉ်ဆီများ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြည်ပမှတင်သွင်းခြင်းနှင့်ရောင်းချခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းသာ ကျသင့်စေရမည်။

၁၈။ ဤဥပဒေ၏ အခန်း(၅) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့် အတိုင်း ဖြစ်စေရမည်။

### အခန်း (၆)
### ဝင်ငွေခွန်

၁၉။ (က) မည်သူ့ကိုမဆို လစာ၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့်အခြားရလမ်းများမှဝင်ငွေများအပေါ် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းထားများကို အောက်ပါအတိုင်း သတ်မှတ်သည်-

| အမှတ်စဉ် | သတ်မှတ်ထားသော သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ်ဝင်ငွေခွန် စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| (က) | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| (ခ) | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| (ဂ) | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (ဃ) | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (င) | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (စ) | ၃၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

(ခ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံ ငှားရမ်းခြင်း၊ အခန်းငှားရမ်းခြင်းတို့မှရရှိသော စုစုပေါင်းငှားရမ်းခ ရငွေအပေါ် ပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ငွေအပေါ် ၁၀ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့် ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်း မပြုရ။

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များမနုတ်မိ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့် ရရှိသည့် ဝင်ငွေခေါင်းစဉ်မှအပ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်း ဝင်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၁။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီဖြစ်လျှင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်မီ ယင်းကုမ္ပဏီကရရှိသည့် ကျပ်ငွေဖြင့် စုစုပေါင်းအသားတင် အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များ မနုတ်မီ ပြည်ပနေ နိုင်ငံခြားသား၏လစာခေါင်းစဉ်မှအပဖြစ်သည့် ဝင်ငွေဖြစ်ပါက စုစုပေါင်းဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက စုစုပေါင်းဝင်ငွေအပေါ် ဤဥပဒေ ပုဒ်မ ၁၉ ပါဝင်ငွေခွန်နှုန်းဖြင့် လည်းကောင်း ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ယင်းလုပ်ငန်း၏ စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များ မနုတ်မီ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ သို့ရာတွင် နိုင်ငံသား မည်သူမဆိုအခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့်လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့်ဝင်ငွေရှိပါက ယင်းဝင်ငွေအားနုတ်ပယ်ပြီးကျန် စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါအခွန်နှုန်းထားအတိုင်း ဝင်ငွေခွန် စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်းအတိအကျ တင်ပြနိုင်ပါက ဝင်ငွေခွန် ထမ်းဆောင်ရန်မလိုပါ။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင် ရရှိသည့် ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေး ခဝါချမှုတိုက်ဖျက်ရေးဥပဒေအရအရေးယူသည့်ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်း မရှိစေရ-

| စဉ် | ဝင်ငွေ(ကျပ်) | ဝင်ငွေခွန်နှုန်း |
|---|---|---|
| (က) | ၁-၁၀၀၀,၀၀,၀၀၀ | ၃% |
| (ခ) | ၁၀၀၀,၀၀,၀၀၁-၅၀၀၀,၀၀,၀၀၀ | ၅% |
| (ဂ) | ၅၀၀၀,၀၀,၀၀၁-၁၀၀၀၀,၀၀,၀၀၀ | ၁၀% |
| (ဃ) | ၁၀၀၀၀,၀၀,၀၀၁-၁၅၀၀၀,၀၀,၀၀၀ | ၂၀% |
| (င) | ၁၅၀၀၀,၀၀,၀၀၁ နှင့်အထက် | ၃၀% |

၂၅။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းမှအပဖြစ်သောသမဝါယမအသင်းများ၏ အသားတင် အမြတ် ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေ အပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၆။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်းအသားတင် အမြတ်ဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့ မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ပုဒ်မ ၆-က အရ သက်သာခွင့်များ မနုတ်မီ -

(က) မြန်မာနိုင်ငံ၏ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါကအောက်တွင် မြတ်စွန်းငွေနှင့်ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်းရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်-

| မြတ်စွန်းငွေ | ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း |
|---|---|
| (၁) ညီမျှကျပ် သန်းပေါင်း(၁၀၀,၀၀၀)အထိ | ၄၀% |
| (၂) ညီမျှကျပ် သန်းပေါင်း (၁၀၀,၀၀၁) မှ (၁၅၀,၀၀၀) အထိ | ၄၅% |
| (၃) သန်းပေါင်း (၁၅၀,၀၀၁)နှင့်အထက် | ၅၀% |

(ခ) တစ်ဦးချင်း ပုဂ္ဂိုလ်နှင့် မြန်မာနိုင်ငံ၏ရေနံနှင့်သဘာဝ ဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သောကုမ္ပဏီမှ အပဖြစ်သည့် ပုဂ္ဂိုလ်စုများ ဖြစ်ပါက မြတ်စွန်းသည့် ကျပ်ငွေသို့မဟုတ် နိုင်ငံခြားငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့်ဝင်ငွေခွန် စည်းကြပ်ရမည်။ ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကိုရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ရောင်းချခြင်း၊ လဲလှယ်ခြင်းသို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် နှစ် တစ်နှစ်အတွင်း အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေ ပေါ်ပေါက်စေကာမူ ဝင်ငွေခွန်စည်းကြပ်ခြင်း မပြုရ။

၂၉။ အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့် အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်အတွင်းဝင်ငွေကျပ်သိန်း ၁၀၀ထိဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါ ဝင်ငွေထက်ပိုမိုရရှိပါက ပိုမိုရရှိသည့်ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန် စည်းကြပ်ရမည်။

၃၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁) နှင့် (၂) တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစား တစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသော ငွေဖြစ်ရမည်။ သို့ရာတွင် တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေ စုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက် မပိုစေရ။

၃၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)တွင် အတူနေမိဘအတွက် ခွင့်ပြုငွေကို ဖြည့်စွက်လျက် အောက်ပါသက်သာခွင့်ခွင့်ပြုငွေကို ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၂) ပါတစ်ဦးချင်းပုဂ္ဂိုလ်၏ စုစုပေါင်းဝင်ငွေမှနုတ်ပယ်၍ ကျန်ငွေအပေါ်တွင်ဝင်ငွေခွန်စည်းကြပ်ရမည်-

(က) အတူနေ မိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင်ကျပ်၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၃၂။ အခြေပစ္စည်းမှ မြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေ ခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့်ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန် စည်းမျဉ်းများ စည်းမျဉ်း ၈ ပါပြဋ္ဌာန်းချက်နှင့်အညီတွက်ချက်၍ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ရရှိသည့် ငွေကြေးအမျိုးအစားဖြင့်လည်းကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၃။ အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်အပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်-

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ ဝင်ငွေနှစ်အတွင်းဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေရရှိသည့် စုစုပေါင်းဝင်ငွေ၏ ကျပ်သိန်း ၁၀၀အထိ၊

(ခ) တရားမဝင်ပစ္စည်းများဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ ဝင်ငွေနှစ်အတွင်းဆုငွေကို တစ်ကြိမ်တည်း ရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်း ဝင်ငွေ၏ ကျပ်သိန်း ၁၀၀ အထိ၊

(ဂ) နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူး တံဆိပ်များနှင့်အတူ ရရှိသည့် ချီးမြှင့်ငွေများ၊

(ဃ) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့် ရရှိသော လစာခေါင်းစဉ်မှဝင်ငွေ၊

(င) နိုင်ငံ့ဝန်ထမ်း အငြိမ်းစားယူသည့်အခါ ရရှိသည့်ပင်စင်နှင့် ဂရုဏာကြေး၊

(စ) အစိုးရအောင်ဘာလေ သိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ။

၃၄။ ဤဥပဒေ အခန်း (၆) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

### အခန်း(၇)
### အခြားအခွန်အကောက်ဆိုင်ရာ ကောက်ခံရမည့် နှုန်းထားများ

၃၅။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့်နှုန်းထားများ၊ ကင်းလွတ်ခွင့်၊ သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည်-

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက် လိုင်စင်ခများ၊

(ဂ) မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊

(ဃ) သယ်ယူပို့ဆောင်ရေးအခွန်၊

(င) တံဆိပ်ခေါင်းခွန်၊

(စ) အကောက်ခွန်၊

(ဆ) မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊

(ဇ) ရေခွန်၊

(ဈ) တာတမံခွန်၊

(ည) သစ်တောများမှပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(ဋ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(ဌ) အင်းအိုင်ခွန်၊

(ဍ) ကြက်ပေါင်စေးအပေါ်တွင် ကောက်ခံသည့်အခွန်၊

(ဎ) ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(ဏ) ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊

(တ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အကောက်၊

(ထ) လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အကောက်။

၃၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ကျောက်စိမ်း၊ ပတ္တမြား၊နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာအရိုင်းထည်များတူးဖော်ထုတ်လုပ်ခြင်း၊ ကျောက်မျက် ရတနာ အချောထည်နှင့် လက်ဝတ်ရတနာများထုတ်လုပ်ခြင်း၊ ဝယ်ယူရောင်းချခြင်း လုပ်ငန်းတို့သည်-

(က) ကျောက်မျက်ရတနာ သို့မဟုတ် လက်ဝတ်ရတနာများကို ကျပ်ဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့် ဖြစ်စေ ရောင်းချရရှိသည့် ရောင်းရငွေအပေါ်တွင် ဤဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၁၄ တို့ပါ အခွန်နှုန်းများအတိုင်း ကုန်သွယ်လုပ်ငန်းခွန်ထမ်းဆောင်ရမည်။

(ခ) ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်သည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ဂ) ဝင်ငွေနှစ်အတွင်းရရှိသည့် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ်တွင် ဤဥပဒေပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန်ထမ်းဆောင်ရမည်။

### အခန်း(၈)
### အထွေထွေ

၃၇။ ပြည်ထောင်စုအစိုးရသည် လိုအပ်ပါက အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်စေနိုင်သည်။

၃၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့် ကုန်စည်များနှင့် ပြည်ပမှ တင်သွင်းသည့် ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိက မှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း နိုင်ငံတော်မှပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်-

(က) ကုန်စည်များတင်သွင်းခွင့်ပြုသည့် ပမာဏ၊ အကောက်ခွန်နှုန်းထားများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးနှင့် အာဆီယံကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များ မူဘောင်အတွင်းမှ အာဆီယံဒေသတွင်း နိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့် အခွင့်အရေး၊ သက်သာခွင့်များ ရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန်ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့် အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၉။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ အခွန်ပေးဆောင်လာစေရေးအတွက် ပြည်သူများသို့ အခွန်ပညာပေးခြင်း၊ စည်းရုံးခြင်း၊ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာ သက်သာခွင့်ကင်းလွတ်ခွင့်များကို ပြည်သူများအားအသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်း၊ ထိုက်သင့်သော ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်း ပြုလုပ်ပေးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

ဆောင်းပါး


# ဆရာကြီးဆန်းထွန်း (မန်းတက္ကသိုလ်)၏ နှစ်တစ်ရာပြည့် ဂုဏ်ပြုပူဇော်ပွဲ အမှတ်တရ

စိုင်းသာလှိုင်(လိမ္မော်မြေ)

စာပေပညာရှင်ကြီးများ၊ စာရေးဆရာကြီးများ၏ နှောင်းခေတ်လူငယ်များ အားကျအတုယူဖွယ်ရာများကို သတင်းစာများ၊ မဂ္ဂဇင်းများတွင် ဖတ်ရှုမြင်တွေ့ရာမှ မြန်မာစာပေပညာရှိ/ ဦးဆန်းထွန်း (မန်းတက္ကသိုလ်၏) နှစ် တစ်ရာပြည့် ဂုဏ်ပြုပွဲကျင်းပရန် ဆရာကြီး၏ တပည့်သားမြေးများက စီစဉ်ဆောင်ရွက်နေကြကြောင်း ကြားသိရသဖြင့် ဆရာကြီးအကြောင်း ဆောင်းပါးရေးသားရန် ဆန္ဒဖြစ်ပေါ်လာခဲ့သည်။

ဆရာကြီး ဦးဆန်းထွန်းကို ၁၉၁၅ ခုနှစ် မေ ၆ ရက်တွင် အဖ ဦးဖိုးထွန်း၊ အမိ ဒေါ်မြခင်တို့က ဟင်္သာတ ခရိုင် တောင်ပိုင်း သန္တသနောရွာနှင့် သာစည်ရွာနှစ်ရွာ အနီး ကျုံကဒူးကျေးရွာ၌ ဖွားမြင်ခဲ့သည်။ သန္တသနော ရွာဦး ကျောင်းဆရာတော်ကြီးနှင့် ဆရာတော် ဦးကုသလ စာရတို့က သုတ်ပြီး၊ ရုပ်ပြီး အောင်သဒ္ဒါသင်ကြားပေးသည်။ သရုပ်သကန်ကွဲအောင်သင်္ဂြိုဟ်သရုပ်ခွဲပေးသည်။ နေရင်း မူဠီကာကျော်နိသာယ၊ လယ်တီပဏ္ဍိတဦးမောင်ကြီး၏ ပါဠိစကားသင်နှင့် စာရေးသင်၊ မန်လည်ဆရာတော်ကြီး ၏ ပဏိဏ္ဍကနိယံနှင့် ဋီကာကျော်နိယံတို့ကို သင်ယူပြီး မြောက် အခြေခံခိုင်ခိုင် ဆောက်နိုင်ခဲ့သည်။ ဆရာတော် ကြီး၊ ဆရာတော်လေးတို့ကပင် တရားဟောခိုင်း၍ ကိုရင် ဘဝနှင့် ဓမ္မကထိကဖြစ်ခဲ့သည်။ ၁၉၂၈ ခုနှစ်တွင် ရှင်သာမဏေပြုပြီး ရှင်ဇနိန္ဒဘွဲ့အမည်ဖြင့် လည်းကောင်း၊ ၁၉၃၅ ခုနှစ်တွင် အင်္ဂပူမြို့ရွှေဘုံသာ ကျောင်းတိုက်၌ ရှင်ဉာဏိသာရဘွဲ့ဖြင့် ပဉ္စင်းခံရဟန်းပြုခဲ့သည်။

ဆရာကြီး၏ဘဝကို ထုဆစ်ကြည့်လျှင် ပညာငတ်သော နို့ဖုန်းစား ပညာသင်ငယ်ဘဝ၊ ထို့နောက် ရဟန်းတော်၊ စာချဘုန်းကြီး၊ ဓမ္မကထိက၊ အိန္ဒိယပညာတော်သင်၊ သတင်းစာအယ်ဒီတာ၊ နိုင်ငံရေးစိတ်ဝင်စားသူ၊ တက္ကသိုလ် မြန်မာစာဆရာ၊ နိုင်ငံတော်မြန်မာစာအဖွဲ့ဝင် စသည်တို့ဖြင့် ဘဝမျိုးစုံကျင်လည်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် မန္တလေးတက္ကသိုလ် မြန်မာစာဌာန၌ နည်းပြဆရာအဖြစ် စတင်အမှုထမ်းခဲ့ပြီး ထိုနှစ်မှာပင် ဒေါ်မမကြီးနှင့် အကြောင်းပါ လက်ထပ်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် မြန်မာစာဌာနလက်ထောက်ကထိကအဖြစ်မှ အငြိမ်းစား ယူခဲ့သည်။ ဆရာကြီးသည် ကျင်လည်ရာဘဝတိုင်းမှာ လည်း မည်ကာမတ္တမဟုတ်၊ နက်နက်ရှိုင်းရှိုင်း



ကျယ်ကျယ် ပြန့်ပြန့် ထဲထဲဝင်ဝင် ရှိလှသည်။

မန္တလေးတက္ကသိုလ်တစ်ခုလုံးက ဆရာကြီးကိုသိကြသည်။ ခင်မင်ချစ်ခင် ရိုသေလေးစားကြသည်။ ဝိဇ္ဇာ /သိပ္ပံ အထူး ပြုဘာသာရပ်များမှ အချို့သော ကျောင်းသားကျောင်းသူများသည် မိမိတို့စာသင်ခန်းကိုပစ်၍ ဆရာကြီး ၏ စာသင်ချိန်အခန်းများကို တက်ရောက်သင်ယူမှတ်သားလေ့ရှိကြသည်။ ဆရာကြီး၏ သင်ကြားပို့ချချက်များမှာလည်း အမြဲဝေဆာစည်ကားနေတတ်သည်။ ထို့ကြောင့် ဆရာကြီးကိုအမှီပြု၍ မန်းတက္ကသိုလ်နှင့် မြန်မာစာဌာနသည် အမြဲပင်ဂုဏ်တက် လူသိများခဲ့ရသည်။

ဆန်းထွန်း (မန်းတက္ကသိုလ်) သည် ကာဝိယဝါစီ (ကဗျာစာဆို) အရှင်ဉာဏိသာရတစ်ဖြစ်လဲ သိရသည်မှာ မန္တလေး မြို့၏ ထင်ရှားကျော်ကြားသော ဘုန်းကြီးပျံပွဲများမှ စတင်ခဲ့သည်။ မန္တလေးမြို့မှ ဆရာတော်ကြီးများ ပျံလွန်တော်မူလျှင် ဈာပနပွဲများ အကြီးအကျယ် ကျင်းပလေ့ရှိသည်။ ဈာပနပွဲကြီးများတွင် ပျံလွန်တော်မူပြီးသော ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိ၊ ပရိယတ္တိ၊ ပဋိပတ္တိ ဂုဏ်ရည်များကို ရတု၊ တေးထပ်၊ လူးတား၊ လွမ်းချင်း၊ တမ်းချင်းတို့ဖြင့် ဆရာကြီးကိုယ်တိုင်ရေးသားကာ ကိုယ်တိုင်ရွတ်ဖတ်ပူဇော်လေ့ရှိသည်။ ထိုသို့သော ပူဇော်ပွဲများတွင် ထိုစဉ်က လျှမ်းလျှမ်းတောက်အောင်မြင်ကျော်ကြားနေကြသော အနုပညာရှင်များဖြစ်ကြသည့် ဇာတ်မင်းသားကြီး ရွှေမန်းတင်မောင်၊ ရုပ်သေးမင်းသားကြီး ရွှေဘိုတင်မောင်တို့နှင့် အပြိုင်ပင် ဆရာကြီးမှာ ပွဲတောင်းခံရလေ့ရှိသည်။ ထိုအနုပညာသည်ကြီးများထက်ပင် ဆရာကြီးသည် ပို၍ထိန်းနိုင်လေ့ရှိသည်။ ဆရာကြီး၏အသံမှာလည်း အလွန် သြဇာပြည့်ဝဝေစည်၍ ချိုမြိန်လှသည်။ အချို့ဘုန်းကြီးပျံပွဲများဆိုလျှင် ဆရာကြီးအားလပ်ရက်ကို စောင့်ဆိုင်းပြီးမှ ကျင်းပကြကြောင်း သိရသည်။

ဆရာကြီး၏ အသံမှာ တစ်မူထူးခြားသည်။ စကားပြောရာတွင် ပါဠိဂါထာများကို ရွတ်ဖတ်ရာ၌ပင် ဂီတသံပေါက်နေတတ်သည်။ သို့သော်လည်း ဆရာကြီး၏ ရုပ်ရည်မှာ ဆရာကြီး၏ စံပြုလောက်သော အသံနှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ တစ်ခါတွေ့လိုက်လျှင် တစ်သက်မမေ့နိုင်လောက်အောင်ပင် စွဲထင်နေစေသော ကဗျာမဆန်လှသော အလုပိုင်ရှင်ဖြစ်သည်။ ဦးခေါင်းမှာ သာမန်ထက် ဖွံ့သည်။ အသားအရေမှာ ညိုပြီး အရပ်မမြင့်လှပါ။ သို့သော် ခန့်ညားသောရုပ်သွင်မှာ ပေါ်ပေါ်လွင်လွင်ရှိလှသည်။

အားလုံးကို စံမြောက်အောင် ရေးတတ်သူဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီကပင် ပညာရှင်များချီးကျူးလေးစားခဲ့ရသော ကာဝိယဝါစီ(ကဗျာစာဆို) အရှင်ဉာဏိသာရ ဖြစ်ခဲ့သည်။ ဆရာကြီး၏ ငယ်ဘဝပညာသင်ခဲ့ရပုံမှာ နို့ဖုန်းစားပမာပြတ်တစ်လှည့် ဝတစ်လှည့်ဖြင့်သာ သင်ကြားခဲ့ရသည်။ ဆရာကြီး၏ဇာတိမှာ ဟင်္သာတခရိုင် အတွင်းမှ အိမ်ခြေတစ်အိမ်တည်းသာရှိသော ကျုံကဒူးရွာဖြစ်ပြီး လယ်တဲကြီး တစ်တဲပင်ဖြစ်သည်။ နောင်တစ်ခါ ချောင်း တစ်ဖက်ကမ်းရှိ သန္တသနောသို့ပြောင်းရွှေ့မှသာ စာစတင် သင်ကြားခွင့်ရသည်။ ယင်းရွာမူလတန်း ကျောင်းတွင် စတုတ္ထတန်းအောင်မြင်ခဲ့သည်။ ကိုလိုနီခေတ် ကျေးလက်ဒေသတွင် မည်သည့်ပညာရေးစနစ်မှန်း မသိသောကာလ၌ သတ္တမတန်းအထိ သင်လိုက်ရသေးသည်။

**ဆရာကြီးသည် ကျင်လည်ရာဘဝတိုင်းမှာလည်း မည်ကာမတ္တမဟုတ်၊ နက်နက်ရှိုင်းရှိုင်း ကျယ်ကျယ်ပြန့်ပြန့် ထဲထဲဝင်ဝင် ရှိလှသည်။**

ဆရာကြီးသည် မြန်မာစာပေသင်ကြားပို့ချရာတွင် ဝန်ကြီးပဒေသရာဇာ၏ မဏိကကျော်ပြဇာတ်ကိုသင်ကြားပေးသောအခါ ဇာတ်ဝင်သီချင်းများ၊ ငိုချင်းများ၊ ဇာတ်ချင်းများကို ဦးစွာဆိုပြပြီးမှ ဇာတ်ကောင်စရိုက်များကို မျက်စိတွင် ပိုပေါ်လာအောင် သရုပ်ဖော်သင်ပြပေးလေ့ရှိသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ လေးချိုးကြီးများကို သင်ယူရာတွင်လည်း သံနေသံထားနှင့် ဦးစွာဆိုပြပြီးမှ ခေတ်နှင့်သမိုင်း နောက်ခံကိုရှင်းပြသည်။ ထို့နောက် လေးချိုးကြီးများ၏ သဘောအနက်ကို ဖွင့်ဆိုခဲ့သည်။ စာပေဂုဏ်မြောက်ပုံကို သာဓကဆောင်သည်။ ကိုးခန်းပျို့၊ဘွဲ့လွန်တန်းများတွင် အင်းဝခေတ်ပျို့များနှင့် မဏိကုဏ္ဍလဝတ္ထုတို့ကို လက်ဖျားခါလောက်အောင် လက်ကုန်နှိုက် သင်ကြားပေးခဲ့သည်။

ဆရာကြီး၏ ကိုယ်တိုင်လေ့လာသင်ယူသောစနစ်ဖြင့် မြန်မာပြည်တွင် ပေါ်ထွန်းပြီးသမျှ ကဗျာအမျိုးအစား

မူလတန်းကျောင်းမှ ဝေဝါးဝါးပညာရေးဖြင့်ဘုန်းကြီးကျောင်းသို့ ပြောင်းကာပါဠိဘာသာ၊ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဘုန်းကြီးစာများကို အားပါးတရသင်ယူတော့သည်။ ပါဠိစာပေကို အခြေခံခိုင်ခိုင်သင်ယူပြီး ဆရာကြီး၏ ဆရာတစ်ဦးဖြစ်သော ရှင်တေဇောသာ (ဒဂုန်ဦးထွန်းမြင့်) နှင့် ဆုံစည်းရခြင်းသည် ကြီးစွာသော ကံကောင်းမှုတစ်ရပ်ဖြစ်သည်။ ဆရာကြီး ဒဂုန်ဦးထွန်းမြင့်သည် ထိုစဉ်က အောင်မြင်သော စာရေးဆရာဖြစ်နေပြီး လယ်တီပဏ္ဍိတ ဦးမောင်ကြီးကပင် အားထားရသူတစ်ဦးဖြစ်နေရသည်။ ဒဂုန်ဦးထွန်းမြင့်ကို အားကျပြီး ဆရာကြီး စာရေးချင်လာတော့သည်။ မြန်မာစာပေကို ပိုမိုစိတ်ဝင်စားလာပြီး အားစိုက်လေ့လာတော့သည်။ စင်စစ်ဆရာကြီး ဒဂုန်ဦးထွန်းမြင့်သည် ကျေးလက်ဇနပုဒ်မှ နွံနစ်နေသော ပတ္တမြားပွင့်ကို ဆယ်ယူပေးခဲ့သူဖြစ်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

## မဟာသင်္ကြန်ကာလအတွင်း မူခင်းလျော့နည်းရေးနှင့် လိုင်စင်နိုးကြွစေသော ဆေးဝါးများ ရောင်းဝယ်ခြင်းမရှိစေရေးအသိပညာပေး

နေပြည်တော် မေ ၄

နေပြည်တော်ရဲတပ်ဖွဲ့မှ ဦးစီးကျင်းပသော မဟာသင်္ကြန်ပွဲတော်အကြိုကာလနှင့် ပွဲတော်ကာလအတွင်း မှုခင်းလျော့နည်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါး၊ လိင်စိတ်နိုးကြွစေသော ဆေးဝါးများ ရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းမရှိစေရေး အသိပညာပေးဟောပြောပွဲကို မေ ၃ ရက် နံနက် ၈ နာရီက နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုတိယတပ်ဖွဲ့မှူးရဲမှူးကြီးဇော်ခင်အောင်က အမှာစကားပြောကြားပြီး မူခင်းကျဆင်းရေးနှင့်မူးယစ်ဆေးဝါး၊ လိင်စိတ်နိုးကြွစေသော ဆေးဝါးများရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းမရှိစေရေးနှင့် တရားဥပဒေစိုးမိုးရေး အသိပညာပေးဟောပြောသည့်အပြင် ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာအသိပညာပေးဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာသော သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ရဲမှူးကြီးဇော်ခင်အောင်က ပြန်လည်ဖြေကြားခဲ့သည်။ မင်းမင်းလတ်(မန်းတက္ကသိုလ်)

ဇယား(၁)

## ၂၀၁၅ - ၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်

စာမျက်နှာ ၁၆ မှအဆက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၅- ၂၀၁၆ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်ထဲရေးထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၂၅၇၉၉၉၃·၁၄၉** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၉၁၇. ၇၉၄ |
| | ၂ | ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၂၃၂၄၅၆၅. ३၅၅ |
| | ၃ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက် လိုင်စင်ခများ၊ | ၆၅၀၀. ၀၀၀ |
| | ၄ | ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ | ၃၀၀၀၀. ၀၀၀ |
| | ၅ | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | သယ်ယူပို့ဆောင်ရေးအခွန်၊ | ၁၈၅၃၀၀. ၀၀၀ |
| | ၆ | ဘဏ္ဍာရေးဝန်ကြီးဌာန | တံဆိပ်ခေါင်းခွန်၊ | ၃၂၇၁၀. ၀၀၀ |
| ၂ | | | **ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၂၁၃၅၄၃၄·၆၄၅** |
| | ၁ | ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၂၁၃၅၄၃၄. ၆၄၅ |
| ၃ | | | **အကောက်ခွန်** | **၃၇၅၀၀၀·၀၀၀** |
| | ၁ | ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန်၊ | ၃၇၅၀၀၀. ၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၈၅၇၉၄၇·၃၅၈** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင် ကောက်ခံသည့် အခွန်၊ | ၀. ၈၇၃ |
| | ၂ | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ရေခွန်၊ | ၁၀၁. ၀၂၃ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀. ၀၂၅ |
| | ၄ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၁၂၇၂. ၉၃၇ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၅. ၁၅၀ |
| | ၆ | မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုး ရေးဝန်ကြီးဌာန | အင်းအိုင်ခွန်၊ | ၁၁၀၃. ၈၀၀ |
| | ၇ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန | ကြက်ပေါင်စေးအပေါ်တွင် ကောက်ခံသည့်အခွန်၊ | ၀. ၅၀၀ |
| | ၈ | စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၃၀၆၃၁၁. ၀၅၀ |
| | ၉ | သတ္တုတွင်းဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊ | ၉၃၉၀. ၀၀၀ |
| | ၁၀ | ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အကောက်၊ | ၅၂၉၈၈၀. ၀၀၀ |
| | ၁၁ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အကောက်၊ | ၉၈၈၂. ၀၀၀ |
| | | | **စုစုပေါင်း** | **၅၉၄၈၃၇၅·၁၅၂** |

ပြည်တွင်းသတင်း

# သင်္ကြန်ကာလ ရေပက်ခံထွက်ကြမယ်

သတင်း-ခင်ရတနာ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် ဧပြီ ၄**

မြန်မာတို့ရဲ့ ရိုးရာအတာသင်္ကြန်ကာလမှာ ရေပက်ခံထွက်လိုသူတွေအတွက် ကားငှားရမ်းတဲ့စျေးကွက် လှုပ်ရှားလာပါပြီ။ မိသားစုလိုက်ဖြစ်ဖြစ် သူငယ်ချင်းတွေနဲ့ဖြစ်ဖြစ် ရေပက်ခံထွက်လိုသူတွေ ယခင်နှစ်တွေကထက် ရွေးချယ်စရာ မော်တော်ကားတွေ ပိုမိုများပြားလာတယ်လို့ ကားစျေးကွက်က သိရပါတယ်။

"ကားသစ်တွေလည်း ပေါလာတယ်။ သင်္ကြန်လည်တဲ့သူလည်း နည်းလာတဲ့အတွက် ကားငှားစျေးကွက်က အခုကတည်းက စိန်ခေါ်မှုတွေရှိနေပါတယ်။ သင်္ကြန်လည်ဖို့ကားကို အခု လဆန်းကတည်းက ငှားကြရတာပါ။ စျေးကတော့ တစ်နေ့တစ်မျိုးတိုးနေတာပေါ့။ သင်္ကြန်နီးလေ ကားငှားရမ်းတဲ့စျေးက မြင့်လေမို့ ကြိုငှားကြပေမယ့် ဒီနှစ်တော့ ငှားရမ်းလိုတဲ့ကားနဲ့ ကားငှားမယ့်သူ မမျှဘူး။ တကယ် တွေ့တွေ့ဆိုင်ဆိုင် ငှားသူက အတော်နည်းတယ်"ဟု ကားဝယ်ရောင်း ကိုဇေယျာထွန်းက ပြောပါတယ်။

ယခင်က ဂျစ်ကားတွေကို သင်္ကြန်ကားလည်ဖို့ ရွေးချယ်ခဲ့ပေမယ့် ခေတ်စနစ်ပြောင်းလာတာနဲ့အမျှ Light Truck တွေ ခေတ်စားလာပါတယ်။ အများအားဖြင့် သင်္ကြန်လည်ပတ်ပြီးရင် ကားတွေပျက်စီးတာများလာလို့ ကိုယ်ပိုင်စီးနိုင်သူတွေလည်း အငှားကားကိုသာ ရွေးချယ်ကြပါတယ်။ ၂၀၁၅ သင်္ကြန်မှာတော့ မနှစ်က လူကြိုက်များခဲ့တဲ့ Light Truck ဇုန်ထုတ်ကားတွေအပြင် ပေါ်တာတူးတွေ၊ ဘွန်ကိုတွေကို လူကြိုက်များပြီး မေးမြန်းနေကြတယ်လို့ သိရပါတယ်။

"သင်္ကြန်ကားလိုက်ဖို့ ဆီက ပြဿနာမရှိဘူး။ မဏ္ဍပ်တွေက ပိတ်နေတော့ ရပ်ထားရတာများတယ်။ ဒါပေမယ့် အန္တရာယ်များတယ်။ ရန်ဖြစ်မလား၊ ကားပေါ်မှာ လူဘယ် နှစ်ယောက်တင်မလဲနဲ့ အချို့ကားဘော်ဒီပြုတ်အောင် ခုန်ပေါက်ကြသူတွေလည်း ရှိတာကြောင့် အဲဒီအတွက် ကြိုတွေးပြီး စျေးကတော့ မနှစ်ကအတိုင်းမြင့်နေတာပဲ"ဟု သင်္ကြန်တွင်းကားအငှားလိုက်လိုသူ ယာဉ်ပိုင်ရှင်တစ်ဦးကဆိုပါတယ်။

ဇုန်ထုတ်ဂျစ်တွေကို လူငယ်အများစု ငှားရမ်းလိုပြီး မိသားစုရေပက်ခံထွက်လိုသူတွေကတော့ Light Truck ကို ရွေးချယ်ကြပါတယ်။ သို့သော် ရန်ကုန်မှာ ဇုန်ထုတ်ဂျစ်တွေ နည်းလာလို့ နယ်တွေကတောင် စျေးကွက်ထဲ ပြန်တက်ပြီး ငှားရမ်းမယ့်သူကိုရှာနေကြတာလည်း ရှိပါတယ်။

ကိုယ်ပိုင်ကားပေါများလာကြတဲ့ ရန်ကုန်မြို့မှာ သင်္ကြန်လည်ပတ်စရာ ကားတွေရဲ့ စျေးကွက်ကလည်း ယခင်ကာလတွေလောက် မကောင်းနိုင်တော့တာ အသေအချာပါပဲ။

"ဒီနေ့ ပေါက်စျေးက လေးရက်စာကို လေးသိန်းခွဲလောက်ပေါက်စျေးရှိပါတယ်။ ဒါပေမယ့် ဘယ်သူမှ ရက်ပြည့် မငှားကြပါဘူး။ တစ်ရက် သို့မဟုတ် နှစ်ရက်သာ ငှားကြတယ်။ တစ်ရက်ချင်းပေါက်စျေးက ငွေကျပ် တစ်သိန်းခွဲဝန်းကျင် ကားအမျိုးစားပေါ်မူတည်ပြီး ကွဲပြားတယ်"လို့ ကိုဇေယျာထွန်းက ပြောပါတယ်။



သင်္ကြန်မဏ္ဍပ်တွေကလည်း အားလုံးသိတဲ့အတိုင်း ပြည်လမ်း၊ ကမ္ဘာအေးဘုရားလမ်းနဲ့ ကန်တော်ကြီး ကန်ပတ်လမ်းတွေမှာပဲ အများဆုံးရှိနေတာဆိုတော့ မနက်ပိုင်း ကန်တော်ကြီးကို သွားတိုးတဲ့ကားတွေ ညနေ ပြည်လမ်းဆင်းကြတာမျိုးပါ။ အများစုကတော့ အိမ်ကကားတွေ အထိမနာအောင်နဲ့ ပြဿနာတစ်ခုခုဖြစ်လာရင် ဖြေရှင်းရလွယ်တာမျိုးကြောင့် ကားငှားလိုကြတာပါ။ ဒီနှစ်တော့ ကားစျေးကွက်မှာ ဂျစ်ကားဆို နယ်ကကားကို ငှားရမ်းကြမယ့်အခြေအနေရှိပြီး ထရပ်ကားငယ်များဆိုရင်တော့ ပိုပြီးစျေးသက်သာစွာနဲ့ လွယ်လွယ်ကူကူ ငှားရမ်းနိုင်ကြမယ်ဆိုတဲ့အကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။ ॥

## အီလက်ထရွန်နစ်ငွေပေးချေစနစ် အသုံးပြုမှု တိုးတက်လာ

**ရန်ကုန် ဧပြီ ၄**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယနေ့အထိ အီလက်ထရွန်နစ် စနစ်သုံး၍ ငွေပေးချေရေးစနစ်များလက်ခံအသုံးပြုနိုင်သည့် လက်လီအရောင်းဆိုင်ပေါင်း ၁၈၀၀ ကျော်နှင့် ATM စက်ပေါင်း ၁၁၅၀ ခန့်ရှိနေပြီဖြစ်ကြောင်း၊ တစ်စတစ်စတွင်ကျယ်စွာ အသုံးပြုကြလျက်ရှိကြောင်း အမေရိကန်နိုင်ငံ အခြေစိုက် နည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် Visa ကုမ္ပဏီမှ မြန်မာနိုင်ငံဆိုင်ရာ မန်နေဂျာက ပြောကြားသည်။

မြန်မာနိုင်ငံ၌ ယမန်နှစ်အတွင်း အီလက်ထရွန်နစ်စနစ်ကို အသုံးပြု၍ ငွေအသွင်းအထုတ်ပြုလုပ်မှုပမာဏ၊ ငွေပေးချေမှုပမာဏနှင့် အသုံးပြုသော ကတ်အရေအတွက်များ သုံးဆတိုးတက်လာခဲ့ပြီး အဆိုပါတိုးတက်မှုသည် Visa ၏ နိုင်ငံတကာစျေးကွက်များထဲတွင် အထူးခြားဆုံးနှင့် အမြင့်မားဆုံး တိုးတက်မှုဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ATM စက်များမှငွေထုတ်ယူခြင်းအပါအဝင် နိုင်ငံခြားသားများ Visa ကတ်ဖြင့်ငွေပေးချေသည့်ပမာဏသည် အမေရိကန်ဒေါ်လာ သန်း ၁၆၀ ကျော်ခန့်ရှိကြောင်းလည်း သိရသည်။

Visa နှင့်အတူလက်တွဲပူးပေါင်းလုပ်ဆောင်ရန် လိုင်စင်ရှိထားသည့် ပြည်တွင်းဘဏ် ရှစ်ခုရှိပြီး ငါးခုမှာ နိုင်ငံတကာ ခရီးသွားငွေပေးချေမှုကတ်အစီအစဉ်ကို စတင်ဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်း သိရသည်။ Visa သည် အွန်လိုင်းအခြေပြု နိုင်ငံတကာငွေချေစနစ်အတွက် ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီတစ်ခုဖြစ်ကာ နိုင်ငံနှင့် နယ်ပယ်ပေါင်း ၂၀၀ ကျော်တွင် ဆောင်ရွက်လျက်ရှိသည်။

**မြတ်စန္ဒီသင်းဇော်**

## သင်္ကြန်ကာလအတွင်း မူခင်းလျော့နည်းကျဆင်းရေးဟောပြော

**စဉ့်ကူး ဧပြီ ၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့၌ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း အများပြည်သူဘေးအန္တရာယ်ကင်းရှင်းရေးနှင့်မူခင်းလျော့နည်း ကျဆင်းရေး အတွက် ပညာပေးဟောပြောပွဲကို ဧပြီ ၂ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် စဉ့်ကူးမြို့မရဲစခန်းမှူး ဒုရဲမှူးကိုကိုလှိုင်က မဟာသင်္ကြန်ပွဲတော်အား ဘေးအန္တရာယ်ကင်းရှင်းပြီး ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကျင်းပနိုင်ရေးနှင့် မူခင်းလျော့နည်းကျဆင်းရေးအတွက် မူးယစ်ဆေးဝါးများ၊ အရက်ပုန်းများအား ဖမ်းဆီးရမိရေးဆောင်ရွက်နေမှုနှင့် မူခင်းကြိုတင်ကာကွယ်မှု ဆောင်ရွက်နေမှုတွင် ပြည်သူများကလည်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဟောပြောခဲ့သည်။

(၄၃၂)

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 705968

ဆောက်လုပ်ရေးလုပ်ငန်းရှင်များအတွက်
(ကျောက်)
မြေကြီး၊ အုတ်ကျိုး၊ အုတ်ကောင်း၊ သဲ၊ ကျောက်၊ ဒါးစက်ကျိုးရောင်းဝယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကိုဆက်သွယ်လိုက်ပါ။
Ph: 09-253786985,09-795427202

Since 1996
(၅တန်း မှ ၁၀တန်း)
ဆရာဝန်များ ဦးစီးသည့်
စံပြဘော်ဒါနှင့်ကိုယ်ပိုင်အထက်တန်းကျောင်း
၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်တန်း အောင်ချက် (၉၀.၄၇%)
မိမိတို့ဆရာဝန်ဖြစ်ရန် လေ့ကျင့်ခဲ့သည့်ပုံစံအတိုင်း ပုံနိပ် မေးခွန်းဟောင်းများဖြင့် (၁)နှစ်လုံး ထိထိရောက်ရောက်လေ့ကျင့်ပေးသည်။ စာရိတ္တ၊ စည်းကမ်းကောင်းရန် ပြုပြင်ပေးသည်။ ဆိတ်ငြိမ်ကျောင်းဝန်းကျယ် Air-Con တပ်စာသင်ခန်းများ၊ အားကစားကွင်း၊ ကွန်ပျူတာခန်း၊ ဓါတ်ခွဲခန်းများဖြင့် ကိုယ်ပိုင်ကျောင်းဖြစ်သည်။ (သင့်တင့်မျှတသောသင်တန်းကြေး)
(၉)တန်းအထူးအစီအစဉ် စာတော်လျှင် (ပ)နှစ်ဝက်(၉)တန်းအပြီး သင်ပေးပြီး (ဒု)နှစ်ဝက်(၁၀)တန်းစာတစ်ခေါက် ကြိုသင်ပေးသည်။
အမှတ် (၇၇)၊ ၄ဝါလမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။ ဖုန်း ၀၉-၅၁၅၈၈၅၁၊ ၀၉-၃၁၂၉၉၇၂၆၊ ၀၁-၆၃၈၀၅၀
ကျောင်းသွဲ့ပုံရိပ်
ဘွဲ့ရအဆောင်မှူး(Guide)အလိုရှိသည်



ကောင်းထက်ကျော်
ကိုယ်ပိုင်အထက်တန်းကျောင်း
အဆင့်မြင့်စာသင်ဝိုင်းနောက်ဆုံးတန်းခွဲများ
● တန်းစုံ ကိုယ်ပိုင်အထက်တန်းကျောင်း
● အဆင့်မြင့် စာသင်ဝိုင်းများ
● အထူးစခန်းသွင်းဘော်ဒါဆောင်
တက္ကသိုလ်ဝင်တန်း မတ်လဆန်း တန်းခွဲများ ဖြည့်ပါပြီ။
အစီအစဉ်အားလုံး ကြိုတင် အပ်နှံမှုသာ....
HOT LINE - 09 421 168127, 09 420 700008, 01 548339,01 552348

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004
မြန်မာနိုင်ငံနှင့်စင်ကာပူနိုင်ငံမှဆရာဝန်ကြီးများပူးပေါင်းကုသမှု
LIKE US ON facebook
Pun Hlaing Hospital
အရိုးရောဂါဆိုင်ရာစစ်ဆေးကုသမှုအမျိုးမျိုးတို့ကိုနိုင်ငံခြားသို့သွားရောက်ကုသရန် မလိုတော့ပါ.....
- မှန်ပြောင်းအသုံးပြု၍ ဒူးဆစ်အတွင်းရောဂါရှာဖွေကုသခြင်း (Arthroscopy)
- အရိုးအကြော၊ တင်ပါးဆုံဆစ်နှင့်ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုးခွဲစိတ်ကုသခြင်း
- Ilizarov နည်းပညာသစ်ဖြင့် အရိုးရှည်အောင်ခွဲစိတ်ကုသခြင်း နှင့်
- အခြားအရိုးရောဂါများကိုကုသခြင်း
ဧပြီလ (၉) ရက်မှ (၁၂) ရက်နေ့အထိ
ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၀   Email : marketing-phih@spa-mm.com


myanmar
national airlines
Fly The New Myanmar
Yangon - Nyaung-oo (Fri, Sat, Sun, Mon, Tue)
Yangon - Heho (Mon, Wed, Fri, Sat,Sun)
Yangon - Mandalay ( Mon, Tues, Wed, Thu, Fri, Sat)
Outstanding service
genuine hospitality
myanmar national airlines
(Travel Centre)
Tel : 01-377840, 377841, 377842, 377843, 378604,
378606, 378608, 378607, 373828.
Website: www.flymna.com


Daw Aye Electronics & Mobile Shop (လက်လီ၊ လက်ကား အရောင်းဆိုင်)
"နှစ်သစ်အကြို အတာသင်္ကြန် မဟာ Promotion" "20.3.2015 To 10.4.2015"
အခြားလျှပ်စစ်ပစ္စည်း၊အိမ်သုံးပစ္စည်း၊နာရီနှင့်ဖုန်းမျိုးစုံကိုလည်း 10% To 50% Discount ဖြင့် ရောင်းချပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
Line Phone
ယခင်ဈေး 7,200
ယခုဈေး - 5,000
PABX
ယခင်ဈေး 1,150,000
ယခုဈေး - 1,000,000
Electronic Warmer
ယခင်ဈေး 2,500
ယခုဈေး - 1,800
Hello Kitty Fan
ယခင်ဈေး 1,000
ယခုဈေး - 800
ရေစိမ်ခံ၊ ရေစိုခံ Phone
တစ်လုံးဝယ်လျှင် sony 8GB Memory Stick တစ်ခု လက်ဆောင်
Digital Camera
ယခင်ဈေး 75,000
ယခုဈေး - 67,000
Table Clock
ယခင်ဈေး 7,300
ယခုဈေး - 3,650
Wall Clock
ယခင်ဈေး 15,000
ယခုဈေး - 7,500
Mobile Phone
ယခင်ဈေး 52,000
ယခုဈေး - 46,000
Mobile Phone
ယခင်ဈေး 26,000
ယခုဈေး - 22,500
Daw Aye
ရန်ကုန်(ရုံးချုပ်) အမှတ်(170)(B1),172,174(A1)၊ဗညားဒလလမ်း၊ယုဇနပလာဇာအနီး၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ Phone : 01-298537,290295,200005,202755,293328,203164 Email: dae170@gmail.com
မန္တလေး(ဆိုင်ခွဲ-၁) အမှတ်(92)26Bလမ်း၊82နှင့်83လမ်းကြား၊ဘက်(၁)ဘေး၊ပြည်ကြီး၊ကျက်သရေရပ်ကွက်၊အောင်မြေသာဇံမြို့နယ်၊မန္တလေးတိုင်းဒေသကြီး။ Phone : 02-73001,66997 Email: dae170mdy@gmail.com
နေပြည်တော်(ဆိုင်ခွဲ-၂) အမှတ် ပ/၅၅၊ ပွဲရုံတန်း၊ ဝိတောက် (၆)လမ်း၊ သပြေကုန်းဈေးရှေ့၊ ဇမ္ဗူသီရိမြို့နယ်၊နေပြည်တော်၊ Phone : 067-8108088,8108099 Email: dae170npt@gmail.com
365
အမှတ် 769/154 C1-D1 ကမ္ဘာအေးဘုရားလမ်းနှင့်ဂန္ဓမာလမ်းထောင့်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ Phone : 01-657164,657795 HandPhone 09 43073440,Fax: 01-657164 Email: 365mobile.gba@gmail.com


APEX Airlines
The Smart Way to Fly
SPECIAL SMART PACKAGE
Nay Pyi Taw
APEX Airlines ၏နေပြည်တော် - ရန်ကုန် - ထားဝယ် - မြိတ် - ကော့သောင်း လေကြောင်းခရီးစဉ်များကို ၂၀၁၅ ခုနှစ်၊ ဧပြီလ(၇)ရက်နေ့မှ စတင်ပြေးဆွဲမည်ဖြစ်ပြီး လေယာဉ်လက်မှတ်များကို Online မှတစ်ဆင့်သော်လည်းကောင်း အောက်ပါတယ်လီဖုန်းနံပါတ်များမှ တစ်ဆင့်မှာယူပြီး မိမိတို့နှင့် နီးစပ်ရာ APEX Airlines လေယာဉ်လက်မှတ် အရောင်းကိုယ်စားလှယ်များထံတွင် ဝယ်ယူနိုင်ပါသည်။
Inclusive:
- Return Airfare
- Hotel with Breakfast
- Airport Transfer
from
100,000 Ks
USD 100
Starting From
7th April 2015
APEX Airline Public Company Limited
Ground Floor, Seasons of Yangon International Airport Hotel,Mingalardon Township (11021), Yangon, Myanmar.
Tel : 95 - 1 - 53 3300-311 Fax : 95 - 1 - 53 3312
Email : tro@apexairline.com, smkto@apexairline.com
Website : www.apexairline.com
Book Online: www.apexairline.com


ရွှေဂန္ဓမာအင်တာနေရှင်နယ်ထရေးဒင်းလီမိတက်၏
Gandamar Grand Ballroom ကို
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်
Gandamar Wholesale Level (III)၌
၁-၄-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဖွင့်လှစ်ပြီးပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
Gandamar
Grand Ballroom
*အလျား ၂၀၀ ပေ × အနံ ၁၅၅ ပေ × အမြင့် ၂၀ ပေ ( ၃၁,၀၀၀ Sqft )ရှိ ခန်းမကြီးထဲတွင် မင်္ဂလာ ဧည့်ခံပွဲများ အတွက်လူဦးရေ ၁၂၀၀ဦး နှင့် Conference, Meeting , Seminar,Workshop,Product Launch များအတွက် လူဦးရေ ၁၄၀၀ဦး အထိ လက်ခံကျင်းပ ပေးနိုင်ပါသည်။
*Fashion Show, Live Show, Stage Show များကျင်းပနိုင်ရန် ခေတ်မီ Lighting System များနှင့် JBL Line Array Sound System အပြင် ၂၀ပေ × ၁၄ ပေနှင့် ၁၆ပေ × ၁၄ပေရှိ Large Format Display Screen ကြီး(၂)ခု တပ်ဆင်ပေးထားပါသည်။
*Dinner Party, Birthday Party, Staff Party နှင့်Gathering များလည်းကျင်းပပေးနိုင်ပါသည်။
*Myanmar, Chinese, European, Indian အစားအစာ မျိုးစုံအား စားသုံးသူ စိတ်ကြိုက် ဆောင်ရွက်ပေး ပါသည်။
*ကားအစီးရေ ၄၀၀ ကျော် ရပ်နားနိုင်သော ကျယ်ဝန်းသည့် ကားပါကင် ထားရှိပေးပါသည်။
Gandamar Wholesale Level-3, Mayangone Township, Yangon. Ph - (+95-1) 657834, 657311.
gandamargrandballroom @ gmail.com.

ကြော်ငြာ


MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
ဆွေသဟာ
ပရိုမိုးရှင်းအစီအစဉ်ကို
ထပ်မံတိုးမြှင့်လိုက်ပါပြီ
အလျှင်မြန်ဆုံး 3G အင်တာနက်ကို
အသင့်တင့်ဆုံးဈေးနှုန်းဖြင့် ရယူလိုက်ပါ။
အင်တာနက်သုံးစွဲခ
၅၀%
အထူးလျှော့ဈေး
1 MB လျှင် ၁၅ ကျပ်
1 MBလျှင်
၇ကျပ် ၅၀ပြား
ပျော်ရွှင်စရာ အထူးဈေးနှုန်းများကို ရယူနိုင်ဖို့ MPT ၏ ဆွေသဟာအစီအစဉ်ကို
ယခုပင် ဝင်ရောက်လိုက်ကြရအောင်!
ဆွေသဟာအစီအစဉ်ကိုရယူရန်
Prepaid သုံးစွဲသူများအတွက် SWE ဟုရိုက်၍ 1 3 3 2 သို့ SMS အခမဲ့ပေးပို့ပါ။
Postpaid သုံးစွဲသူများအတွက် POSTSWE ဟုရိုက်၍ 1 3 3 2 သို့ SMS အခမဲ့ပေးပို့ပါ။
• ဆွေသဟာဝန်ဆောင်မှုကို ရယူခြင်းမှာ အခမဲ့ဖြစ်ပါသည်။
• GSM နှင့် WCDMA အသုံးပြုသူများအတွက် ဖြစ်ပါသည်။
• အင်တာနက် 1MB လျှင် ၇ကျပ် ၅၀ပြား အထူးလျှော့ဈေးသုံးစွဲနိုင်သည့် ကာလကို ထပ်မံမကြေညာမီကာလအထိ တိုးမြှင့်လိုက်ပါသည်။
CALL CENTER 106
နေ့စဉ် (၂၄)နာရီလုံး အခမဲ့ ခေါ်ဆိုနိုင်ပါသည်။
ဝေါဟာရနှင့် သတ်မှတ်ချက်များအား အသေးစိတ်သိရှိလိုပါက
http://www.mpt.com.mm
https://facebook.com/mptofficialpage

ကြော်ငြာ




Contacts : 09 2501068632, 09 450055445, 09 402600766
www.facebook.com/LiebherrMyanmar

LIEBHERR

Mixing Drum Size : 3 m³ to 9 m³
Mixing Spirals + Drum : High Tensile Steel LH 37 (IMPORTED FROM GERMANY)

**SUITABLE FOR ALL TRUCK CHASSIS.** (UD,FUSO, HINO, VOLVO, MAN,SCANIA,MERCEDES, IVECO AND ANY OTHER CHASSIS)

**Price Starting From**

| | Installation in Thailand (Ex-Factory) | Installation in Yangon (Included tax and installation ) |
|---|---|---|
| 3 m³ | Euro 13,800 | Euro 20,000 |
| 5 m³ | Euro 15,000 | Euro 20,900 |
| 7 m³ | Euro 16,300 | Euro 21,500 |
| 9 m³ | Euro 20,500 | Euro 26,300 |




**Octagon Automobiles & Machinery Services - The Exclusive Authorised LIEBHERR Dealer in Myanmar.**

Contacts : 09 420122330, 09 250796160, www.facebook.com/LiebherrMyanmar

LIEBHERR

## ဝိသုဒ္ဓါရာမ အေးစေတီကျောင်းတိုက် သင်္ကြန်တရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ၁၀၅ရပ်ကွက်၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ(၅၆၀)၊ ဝိသုဒ္ဓါရာမအေးစေတီကျောင်းတိုက်၌ အကြိမ်(၂၀)မြောက် (လူကြီး)တရားစခန်းပွဲကို ၁၁-၄-၂၀၁၅ရက်မှ ၁၇-၄-၂၀၁၅ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏မူအတိုင်း ဒေါက်တာအရှင်ဝိသုဒ္ဓ အေးစေတီဆရာတော်နှင့် ဆရာဦးရဲမြင့်တို့မှ ဟောကြားပြသပါမည်။ တရားစခန်းဝင်မည့် ယောဂီများသည် မေ ၁၀ရက် ညနေ ၅:၀၀နာရီအရောက် လာရောက်ကြရမည်။

ယဉ်ကျေးလိမ္မာ(လူငယ်)တရားစခန်းပွဲကို ၁၉-၄-၂၀၁၅ ရက်မှ ၂၁-၄-၂၀၁၅ ရက်အထိ ဖွင့်လှစ်ပါမည်။ ၅တန်းမှ ၁၀တန်းအထိ လက်ခံပါမည်။ ကျောင်းသားများ မေ ၁၈ရက် ညနေ ၅:၀၀နာရီအရောက် လာရောက်ကြရမည်။

ဖုန်း-၀၉-၅၅၀၀၇၆၉၊ ၀၉-၇၉၉၄၅၁၄၃၃၊ ၀၉-၂၅၀၁၇၃၉၄၂

## ပညာရေးဝန်ကြီးဌာန
## အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
## National Management College (NMC) နှင့်
## MPDC Education
## တို့ပူးပေါင်း၍ဖွင့်လှစ်သော
## Certificate in Marketing Management (CMM)
## အမှတ်စဉ်(၇)သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်(NMC)နှင့် Myanmar Professional Development Center- MPDC Education တို့ပူးပေါင်း၍ Certificate in Marketing Management (CMM)သင်တန်း အမှတ်စဉ်(၇)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းကာလမှာ (၆)လဖြစ်ပြီး ၂၀၁၅ ခုနှစ် မေလ ၁၆ရက်တွင် စတင်ဖွင့်လှစ်ပါသည်။

၃။ Marketing Management သင်တန်းတွင် ဈေးကွက်စီးပွားရေးကို ထိုးဖောက်နိုင်သော အခြေခံအချက်အလက်များကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Marketing Manager အဖြစ် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ပါသည်။

၄။ ပညာအရည်အချင်းအထောက်အထား(မူရင်း)နှင့်မိတ္တူ ၂စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း) နှင့် မိတ္တူ ၂စုံ၊ လိုင်စင်ဓာတ်ပုံ(၅)ပုံ တင်ပြရမည်။

**(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)**

**အသေးစိတ်သိရှိလိုပါက - အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် (လေးထပ်စာသင်ဆောင်၊ MPDC ရုံးခန်း)၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊**

**ဖုန်း-၀၉-၄၉၂၀၈၅၀၁၊ ၀၉-၄၂၀၁၂၅၉၀၀၊ ၀၉-၄၂၁၁၀၄၇၇၁။**

## (၁၂)ကြိမ်မြောက် ရခိုင်ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်

ရန်ကုန်တိုင်းဒသကြီး၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဌာနမှကြီးမှူးပြီး ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ရခိုင်ပြည်နယ် (၁၇)မြို့နယ်နှင့် ရခိုင်လူမှုရေးအသင်းအဖွဲ့များ စုပေါင်းကျင်းပသည့် (၁၂)ကြိမ်မြောက် ရခိုင်ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်ကို အောက်ပါအစီအစဉ်နေ့ရက်များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါ၍ သင်္ကြန်ချစ်သော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ပါဝင်ဆင်နွှဲနိုင်ပါရန် ချစ်ခင်ရင်းနှီးစွာဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ၁၂-၄-၂၀၁၅၊ မွန်းလွဲ(၁:၀၀)နာရီ | နံ့သာသွေးပြိုင်ပွဲ(တနင်္ဂနွေနေ့) | ရခိုင်ပြည်နယ်ဓမ္မာရုံ၊ ဗဟန်း |
| ၁၃-၄-၂၀၁၅၊ (အကြိုနေ့)နံနက် ၉:၀၀နာရီ | ဘုရားရေသပ္ပာယ်ပွဲ | ရခိုင်ပြည်နယ်ဓမ္မာရုံ၊ ဗဟန်း |
| မွန်းလွဲ(၁:၀၀)နာရီ | သင်္ကြန်ရေလောင်းမဏ္ဍပ်ဖွင့်ပွဲ | သုဝဏ္ဏဘောလုံးကွင်း |
| ၁၄-၄-၂၀၁၅၊ (အကျနေ့) | သင်္ကြန်ရေလောင်းပွဲ | သုဝဏ္ဏဘောလုံးကွင်း |
| ၁၅-၄-၂၀၁၅၊ (အကြတ်နေ့) | သင်္ကြန်ရေလောင်းပွဲ | သုဝဏ္ဏဘောလုံးကွင်း |
| ၁၆-၄-၂၀၁၅၊ (သင်္ကြန်အတက်နေ့) | သင်္ကြန်ရေလောင်းပွဲနှင့် သင်္ကြန်ပွဲတော်ပိတ်ပွဲ | |
| နံနက် ၉:၀၀ နာရီမှ ညနေ ၅:၀၀ နာရီထိ | | သုဝဏ္ဏဘောလုံးကွင်း၊ သဃ်န်းကျွန်း |

**ကျင်းပရေးဗဟိုကော်မတီ**

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၂၄၇၃၃၊ ၀၉-၃၁၀၅၉၆၉၇၊ ၀၉-၅၁၉၅၅၆၈၊ ၀၁-၇၀၉၇၈၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၇၄၄၁၁၊ Turbo Star 125, M/C ယာဉ်လက်ဝယ်ရှိသူ Happy Group Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၆၁၃၀၁၊ Luojia 110, M/C အမည်ပေါက် THaike Shwe Pyi Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၅)**

**တောင်ကြီးခရိုင်တရားမရုံး၌**

**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၇**

ဒေါ်ခင်နွယ်အေး(ခ)ဒေါ်နန်းစိုး **နှင့်** ဒေါ်ကြူကြူ

**တရားလို** **တရားပြိုင်**

တောင်ကြီးမြို့နယ်၊ အမှတ်(၁၇/က)၊ ကန်အောက်ရပ်၊ အနော်ရထာလမ်းနေ ဒေါ်ကြူကြူ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးငွေ(၂၅၀၀၀၀၀ိ/-)ကျပ်နှင့် စုကြေးငွေ (၁၈၀၇၇၀၀ိ/-) စုစုပေါင်းငွေကျပ် (၄၁၀၇၇၀၀ိ/-)ရလိုကြောင်းနှင့် လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မေ ၃၀ ရက် (၁၃၇၇ ခုနှစ် ကဆုန်လဆန်း ၁၃ရက်)မွန်းမတည့်မီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မတ်လ ၃၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်အုန်းတင့်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**တောင်ကြီးခရိုင်တရားရုံး**



## နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာဆုတောင်း

ကျေးဇူးရှင် ချစ်ပါးပါ ဦးဝိုင်မျိုးလွင်(လ/ထပြည်နယ်စာရင်းစစ်အရာရှိ(ငြိမ်း))၊ ရှမ်းပြည်နယ်စာရင်းရုံး၊ တောင်ကြီးမြို့ + ချစ်မားမာ Hဒေါ်ရီရီမြင့် တို့၏ (၅-၄-၂၀၁၅) ရက်နေ့တွင့်ကျရောက်သော ရွှေရတု မင်္ဂလာရက်မြတ်မှသည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်အတူ ချစ်သမီး၊ ချစ်သား၊ ချစ်မြေး များနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေ။

ချစ်သမီး - ဌှန်ကိုကိုလေး + သီသီမျိုး (Cumbria, UK), Leanne Kokolay.

ချစ်သားကြီး - ညီလှိုင်မျိုး + ခိုင်မာ (စင်ကြယ်၊ ငှလမ်း၊ မန္တလေး။)
Roland Myo, Calvin Myo, Victor Myo.

ချစ်သားငယ် - ကျော်ကျော်မျိုး + နွယ်နွယ်ဝင်း (Stanley - အိုလံပစ်လမ်း၊ တောင်ကြီး။)
မင်းသန့်ဦး၊ ဇင်လင်းဦး၊ ဇင်မင်းထက်။

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၄) တောင်ရပ်ကွက်၊ အောင်သစ္စာ (၆) လမ်း၊ အမှတ် (၇၈၅) နေ
ဦးခိုင်ထွန်း + ဒေါ်အေးအေးသွယ် တို့၏ သားကြီး

**ဒေါက်တာခိုင်ဖြိုးအောင်** M.B.,B.S (Ygn)
Diploma in Shipping Management (MMU)

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊ စော်ဘွားလမ်း၊ အမှတ် (၃၃) နေ
ဦးတင်ဦး (ဒု-အထွေထွေညွှန်ကြားရေးမှူး၊ ငြိမ်း) + ဒေါ်မြစိမ်း တို့၏ သမီးကြီး

**မမေဦးခိုင်** B.Sc (Hons.)
M.Sc (Botany), MBA
Managing Director (Ocean Crown Services Co., Ltd.)
Director (Ocean Crown Singapore Pte. Ltd.)
Director (Asian Myanma Beauty Travel and Tour Co., Ltd.)

တို့၏ (၄. ၄. ၂၀၁၅) (စနေနေ့) တွင် Sule Shangri-La Hotel (Myanmar Ballroom) ၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများနှင့် မင်္ဂလာလက်ထပ်လက်စွပ်များဆင်မြန်းပေးပါသော ကာကွယ်ရေးဦးစီးချုပ်ရေ(ငြိမ်း)၊သီရိပျံချီဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(ငြိမ်း)နှင့်ဇနီးဒေါ်အေးအေးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲပေးပါသော မရတနာလှိုင်၊ မင်္ဂလာ အောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းများ ကိုင်ဆောင်ပေးပါသော Wuli Ping (Lily)၊ သတို့သား အရံ ကိုအောင်ခင်နှင့် ကိုမြကျော်ဒိုး၊ သတို့သမီးအရံ မနီထွန်းတင်နှင့် မသက်ရီဝင်း၊ တေးသံသာများဖြင့် ဖျော်ဖြေပေးပါသော First Music Agency မှရောင်စဉ်လှိုင်း (Spectrum) အဖွဲ့၊ မင်္ဂလာအခါတော်ပေး တေးသံရှင် ဒေါ်ဟေမာနေဝင်း၊ လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ဆရာမဒေါ်မြင့်မြင့်အေး၊ မင်္ဂလာဝတ်စုံများဖန်တီးပေးပါသော ဒီဇိုင်နာညီမာသန့်၊ မိတ်ကပ်နှင့် ဆံပင်အလှ ညီညီမောင် (စမ်းချောင်း)နှင့်အဖွဲ့၊ ကျော်မိုးနှင့်အဖွဲ့၊ ဓါတ်ပုံနှင့်ဗွီဒီယို အောင်အောင်နှင့်အဖွဲ့၊ ပန်းအလှဆင်ဇေင်ကိုထွန်းထွန်းနှင့်အဖွဲ့၊ ဟောင်ကောင် ကုန်သွယ်မှုဖွံ့ဖြိုးရေး ကောင်စီမှလူကြီးမင်းများ၊ မင်္ဂလာအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှကူညီပေးပါသော Sule Shangri-La Hotel Manager နှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သော ဆွေမျိုး မိတ်သင်္ဂဟများ၊ ရပ်နီးရပ်ဝေးမှ မိတ်ဆွေ များနှင့်ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလုံးကိုလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာခိုင်ဖြိုးအောင်-မမေဦးခိုင်

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၂၄၅)၊ ၀ ဒသမ ၀၅၅ ဧက၊ မြေကွက်တည်နေရာအမှတ်(၂၄၅)၊ မင်းရဲကျော်စွာ ၈ လမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ရှိ ဒေါ်ခင်စိန် DNU-၀၀၈၆၆၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်မိခင်ဖြစ်သူ ဒေါ်ခင်စိန် DNU-၀၀၈၆၆၆ ၏ သေစာရင်း၊ အမည်ပေါက်၏ခင်ပွန်း ဖခင်ဖြစ်သူ ဦးတင်အောင် ၁၂/လသယ(နိုင်)၀၀၄၅၀၉ သေဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ထောက်ခံချက်၊ သားသမီးများတော်စပ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျိန်လွှာနှစ်စောင်တို့ တင်ပြ၍ သားသမီးနှစ်ဦးဖြစ်သည့် ဦးနေဝင်း ၁၂/လသယ(နိုင်)၀၈၄၄၁၂-ဒေါ်စန်း ၁၂/လသယ(နိုင်) ၀၀၄၅၀၉ တို့(ကိုယ်စား) General Power အမှတ် ၁၈၆၉၆/၂၀၁၄ (၉-၇-၂၀၁၄)ဖြင့်ရရှိသူ ဦးမြတ်ထွဋ် ၁၄/မအန(နိုင်)၀၂၁၉၈၂ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## အမြန်ပြန်လာပါ

မောင်အောင်ကျော်
၁၂/ကခက(နိုင်)၀၇၅၇၇၂
မိဘ၊ဆွေမျိုးများ စိတ်ပူနေပါပြီ။
သတင်းပေးသူအား
ကျေးဇူးတုံ့ပြန်ပါမည်။

**ဖုန်း-၀၁-၂၆၅၆၉၆၊ ၀၉-၇၉၉၄၁၉၆၆၅**

## အမွေပြတ်စွန့်လွှတ်ခြင်း

ဦးဆင်ကျော် ၁၃/လရန(နိုင်)၀၆၈၅၈၄၊ ဒေါ်ခင်မျိုးကြွေ ၁၃/လရန(နိုင်)၀၆၈၅၉၅ တို့၏သမီး မမျိုးသက်လျှာကျော် ၉/မထလ(နိုင်)၀၀၂၉၆၇ သည် မိဘများလက်မခံနိုင်အောင် အကြိမ်ကြိမ်ပြုလုပ်ခြင်းတို့ကြောင့် သမီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဆင်ကျော်-ဒေါ်ခင်မျိုးကြွေ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၃၈၄၈၃ K-110 (M/C) ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းရီ ၆/လလန(နိုင်)၀၈၄၄၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကြော်ငြာ

## စစ်တက္ကသိုလ်အမှတ်စဉ် (၂၈)ဗိုလ်လောင်းသင်တန်း (၂၈)နှစ်မြောက်သင်တန်းဆင်းနှစ်ပတ်လည်နေ့ အခမ်းအနားဖိတ်ကြားလွှာ

စစ်တက္ကသိုလ်အမှတ်စဉ် (၂၈) ဗိုလ်လောင်းသင်တန်း၏ သင်တန်းဆင်း (၂၈)နှစ်ပြည့်မြောက်သည့်နေ့တွင် ကျဆုံး/သေဆုံး သူငယ်ချင်းများအားရည်စူး၍ နိုင်ငံတော်ဗဟိုသံဃမဟာနာယက ဆရာတော်ကြီးများအား ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် မိတ်ဆုံညစာစားပွဲ အစီအစဉ်အား အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် မပျက်မကွက်ကြွရောက်ပေးကြပါရန် ခင်မင်ရင်းနှီးစွာဖိတ်ကြားအပ်ပါသည်။

**ဆရာတော်ကြီးများအား ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်း**

**နေ့ရက်/အချိန်** - ၁၀-၄-၂၀၁၅ရက် (သောကြာနေ့) နံနက် ၁၀နာရီ

**နေရာ** - ကမ္ဘာအေး နိုင်ငံတော်ဗဟိုသံဃမဟာနာယက ဆွမ်းစားဆောင်

**(မှတ်ချက်** ။ သူငယ်ချင်းများမှ ဇနီးများပါ တက်ရောက်ပေးကြပါရန်နှင့် ကျဆုံး/သေဆုံးသူငယ်ချင်းများ၏ မိသားစုများ ကြွရောက်ပေးကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။)

**မိတ်ဆုံညစာစားပွဲအစီအစဉ်**

**နေ့ရက်/အချိန်** - ၁၀-၄-၂၀၁၅ရက် (သောကြာနေ့) ညနေ ၆နာရီ

**နေရာ** - ကုန်းမြင့်သာစားတော်ဆက်

## (၁၁)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ(၇)ရက် တရားစခန်း

တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၅)ဝိုင်း၊ ကန်ဦးကျောင်းတိုက်အတွင်းရှိ မဟာဝေဇယန္တာ ဓမ္မရိပ်သာကျောင်း၌ (၁၁)ကြိမ်မြောက်၊ မိုးကုတ်ဝိပဿနာ(၇)ရက် တရားစခန်းကို ၁၃-၄-၂၀၁၅ရက်မှ ၁၉-၄-၂၀၁၅ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ တရားစခန်းဝင်လိုသော ယောဂီပုဂ္ဂိုလ်များ ကြိုတင်စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေးနှိုးဆော်တိုက်တွန်းအပ်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၁-၅၆၃၄၂၁**

## အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ပဲခူးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းအောင်သည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံခန့်ခွဲရေးထူးချွန်ဆု(ပထမဆင့်)ချီးမြှင့်ခြင်းခံရသည့်အတွက် တောင်ငူမြို့နယ်အခွန်ဦးစီးဌာနမှူး ရုံးဝန်ထမ်းများမှ ညွှန်ကြားရေးမှူးနှင့်ထပ်တူ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့်ဌာန၏အကျိုးကို ဆတက်ထမ်းပိုးပိုမိုတိုးတက်အောင်မြင်အောင် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**တောင်ငူမြို့နယ်အခွန်ရုံးဝန်ထမ်းများ**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏အမှုသည် အမှတ်(၁၅၂)၊ လက်ျာမင်းထင်လမ်း၊ ဘုရင့်နောင်ရပ်ကွက်၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်တိုင်းဒေသကြီးနေ ဒေါ်မွေးမွေး(ခ)ဒေါ်ကျင်မွေး ၉/တကန(နိုင်)၀၀၄၄၄၀ ၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဒေါ်မွေးမွေး(ခ)ဒေါ်ကျင်မွေးနှင့် ဒုတိယဗိုလ်မှူးကြီးခင်မောင်သိန်း (ငြိမ်း) ၁၃/လရန(နိုင်)၀၁၄၇၉၇ တို့သည် ဗုဒ္ဓဘာသာအကြင်လင်မယားဖြစ်ပြီး ယနေ့တိုင်ကွာရှင်းပြတ်စဲသေးခြင်းမရှိပါ။

သို့ပါ၍ လင်မယားနှစ်ဦးပိုင်ဖြစ်သည့် ၁။ အမှတ်(၁၅၂) လက်ျာမင်းထင်လမ်း၊ ဘုရင့်နောင်ရပ်ကွက်၊ တပ်ကုန်းမြို့(တိုက်နှင့်ခြံ)၊ ၂။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄-၃၆)၊ မြေကွက်အမှတ်(၄၆၂)၊ အကျယ်အဝန်း (ပေ၆၀×ပေ၆၀) မြေကွက်၊ ၃။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၉၄ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော် (၅)လမ်း၊ (ဘီ)၊ တိုက်(၂၄)၊ အခန်းအမှတ်(၁၀၂)၊ တိုက်ခန်းနှင့် လင်မယားနှစ်ဦးပိုင် ကျန်ပစ္စည်းများအားလုံးကို ကျွန်ုပ်၏အမှုသည် ဒေါ်မွေးမွေး(ခ)ဒေါ်ကျင်မွေး၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ မည်သူမဆို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အမည်ပြောင်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းအပြင် ခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိဘဲကျူးကျော်ဝင်ရောက် နေထိုင်ခြင်း၊ အကျိုးအမြတ်ခံစားခြင်းများ မပြုလုပ်ရန် ကြေညာအပ်ပါသည်။

အထက်ပါကြေညာချက်ကို ဆန့်ကျင်၍ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူရမည်ဖြစ်ပါကြောင်း အများသိစေရန် ထပ်လောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနိုင်ငွေး LL.B,D.B.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၉)**
**အမှတ် ၈၇၊ ဈေးကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၂၅၈၈၁**

## သမီး အဖြစ်မှရာသက်ပန်အမွေဖြတ်စွန့်လွှတ်ခြင်း

ထောက်ကြန့်မြို့နေ ဦးဘတင် (၁၁/မအန(နိုင်)၀၀၂၂၆၆)ဒေါ်ခင်သိန်း(၁၁/မအန(နိုင်) ၀၀၂၂၆၇) တို့၏ သမီးမခင်ဇာနွယ် (၁၁/မအန(နိုင်) ၀၂၄၅၆၄) သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ ၊ မိဘနှစ်ပါးအား၊ ဂုဏ်သိက္ခာညှိုးနွမ်းအောင်ပြုလုပ်ပြီးနေအိမ်မှ မိမိသဘောအတိုင်းဆင်းသွားပါသဖြင့် ၄င်းအားသမီးအဖြစ်မှရာသက်ပန်အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက် နောင်သူမနှင့်ပတ်သက်သောကိစ္စအဝဝသည် မိသားစုနှင့်လုံးဝ (လုံးဝ) မသက်ဆိုင် တော့ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါ သည်။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)

ဦးဘတင် -ဒေါ် ခင်သိန်း

## ဝမ်းမြောက်နှမော်သာဓုခေါ်ခြင်း

သိရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးကျော်ဝင်း (ငပုတောမြို့နယ်အသင်း-ရန်ကုန်၏ ဂုဏ်ထူးဆောင်နာယကကြီး)နှင့် ဇနီး သုဓမ္မသီဂီဒေါ်မြင့်မြင့်သန်း "မန်းမြေရာဇာ"ကုမ္ပဏီလီမိတက် တို့သည် မန္တလေးမြို့တည်၊ နန်းတည် သတ္တဌာန (၇)ဌာနအနက်မှ ယိုယွင်းကျန်ရှိနေသော သတ္တဌာန (၃)ဌာနကို ရှေးမူမပျက် အသစ်ပြန်လည်၍ တည်ဆောက်ခြင်းနှင့် ဗိမာန်များ၊ မုခ်ဦးများ စသည့်အခြံအရံများကို ပြည့်ပြည့်စုံစုံ တည်ဆောက်လှူဒါန်းခြင်းဖြင့် မြန်မာ့ထီးမွေ၊ နန်းမွေများကို ဒုတိယသမိုင်းစာမျက်နှာအသစ် ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ငပုတောမြို့နယ်အသင်း (ရန်ကုန်)၏ အသင်းသူ/အသင်းသားများမှ သဒ္ဓါရွှင်လန်းပီတိဖျန်းကာ ဝမ်းမြောက်နှမော်သာဓုခေါ်ဆိုအပ်ပါသည်။

**"သာဓု . . . သာဓု . . . သာဓု. . ."**

ဗုဒ္ဓသာသနာတော်၏အကျိုး၊ နိုင်ငံတော်၏အကျိုးကိုဆတက်ထမ်းပိုးသည်ပိုးရွက်ဆောင်နိုင်ပါစေ . . .

အမှုဆောင်အဖွဲ့
ငပုတောမြို့နယ်အသင်း (ရန်ကုန်)

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်-၂၀**

၁။ ဒေါ်သန်းမြင့်(ခ)ဒေါ်ရှီရွှင်ဟိုက် **နှင့်** ဒေါ်ကျိန်မြန်ရင်း(ခ)
၂။ ဦးရှီလျှမ်ဝီ(ခ)ဦးထွန်းအောင် ဒေါ်မြဝင်း
(၄င်းတို့၏အထွေထွေကိုယ်စားလှယ်စာရသူ မဖြူဖြူစိန်)

**တရားနိုင်များ** **တရားရှုံး**

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၄၈၀တွင် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၅ခုနှစ် မေ ၁၁ရက် (၁၃၇၇ ခုနှစ် ကဆုန်လဆန်း ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ-၂၇)၊ ဦးပိုင်အမှတ် (၄၈)၊ မြေဧရိယာ (၀.၀၅၅၁)ဧကရှိ ဂရန်မြေနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၂၂၅၀ တိတိ**
**(ကျပ်သိန်းနှစ်ထောင်နှစ်ရာ့ငါးဆယ်တိတိ)**
**ရောင်းချရန်စည်းကမ်းချက်များ**

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၅ ခုနှစ် မတ် ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ခင်လှ)**
**ခရိုင်တရားသူကြီး**
**မန္တလေးခရိုင်တရားရုံး**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ သဘော်တင်အရေးကြီးစာရွက်စာတမ်းများ ဘုရင့်နောင်လမ်းမကြီးနှင့်အနောက်ကြို့ကုန်းတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။

**ဆက်သွယ်ရန်လိပ်စာ**
**ဖုန်း-၀၉-၅၁၀၅၈၆၅၊ ၀၉-၅၁၅၇၄၁၇၊ ၀၁-၂၄၅၇၅၉**

**MIHARA CAR RENTAL SERVICES**
မြို့တွင်း / မြို့ပြင် ခရီးစဉ်များအတွက် ကားစီးလုံးငှား
ဂန်ဆောင်မှုများ ဆောင်ရွက်ပေးနေပါသည်။
( ၅ / ၁၅ / ၂၂ / ၂၅ / ၃၄ ယောက်စီး )
ဖုန်း- 09 49218700, 09 5025400 , 095061896

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈ E၁၊ မြေကွက်အမှတ် ၅၀၊ မြေကွက်တည်နေရာအမှတ် ၅၆၊ ပုသိမ်လမ်း၊ စမ်းချောင်းမြို့နယ်၊ S.Hock Kyi အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၅၃၃/၂၇-၆-၆၁ဖြင့် ဦးအောင်မြို့၊ မောင်မြင့်စွမ်းတို့မှ ပိုင်ဆိုင်ခဲ့ပြီး၊ စွန့်လွှတ်စာချုပ်အမှတ် ၃၁၄/၂၉-၃-၇၆ဖြင့် ပိုင်ဆိုင်သူမောင်မြင့်စွမ်းထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၈၄၄၄/၂-၁၂-၂၀၁၄ ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးခင်မြင့် ၁၂/စခန(နိုင်)၀၂၀၅၇၅၊ ဦးအောင်လင်း ၁၂/စခန(နိုင်)၀၂၁၁၆၉၊ ဒေါ်ခင်ခင်ဦး ၁၂/စခန(နိုင်)၀၂၄၃၁၉ တို့မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်း၊ ရပ်ကွက်၊ မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြပြီး ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ရွှေပေါက်ကံ)၊ မြေကွက်အမှတ် ၂၉၂၊ မြေကွက်တည်နေရာအမှတ်(၂၉၂)၊ ပိုက်လိုင်းလမ်း(ဒေါ်အေးအေးမော်၊ အမ်ဒီအန်-၀၂၀၂၀) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်အေးအေးမော် (တရားရှုံး)ကိုယ်စား မြောက်ဥက္ကလာပမြို့နယ် တရားရုံးမှ ဘိလစ် ဒေါ်သူဇာ ၆/ထဝန(နိုင်)၀၂၆၃၄၃ က မြောက်ဥက္ကလာပမြို့နယ်တရားရုံးမှ ဘိလစ်ခန့်အပ်စာ၊ တရားမကြီးမှုအမှတ်(၁၃၈/၁၄) စီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ် (၈၁/၁၄)၊ တရားရုံးနေ့စဉ်မှတ်တမ်းနှင့် ထုံးပုံကျအမိန့်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်-၁၉**

၁။ ဒေါ်သန်းမြင့်(ခ)ဒေါ်ရှီရွှင်ဟိုက် **နှင့်** ဒေါ်ကျိန်မြန်ရင်း(ခ)
၂။ ဦးဖြူလင်း(ခ)ဦးကြောင်ဖုချောင် ဒေါ်မြဝင်း
(၄င်းတို့၏အထွေထွေကိုယ်စားလှယ်စာရသူ မဖြူဖြူစိန်)

**တရားနိုင်များ** **တရားရှုံး**

၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၄၇၉တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၅ခုနှစ် မေ ၁၁ရက် (မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် ကဆုန်လပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၂၇)၊ ဦးပိုင်အမှတ်(၄၈)၊ မြေဧရိယာ ၀ ဒသမ ၀၅၅၁ ဧကရှိ ဂရန်မြေနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၂၂၅၀ တိတိ**
**(ကျပ်သိန်းနှစ်ထောင်နှစ်ရာ့ငါးဆယ်တိတိ)**
**ရောင်းချရန်စည်းကမ်းချက်များ**

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၅ ခုနှစ် မတ် ၃၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ခင်လှ)**
**ခရိုင်တရားသူကြီး**
**မန္တလေးခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၂၂)**
**ဘားအံခရိုင်တရားရုံးတော်**
**၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၇**
**၂၀၁၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂**

ဒေါ်မေသန်းထက် **နှင့်** ဦးသန်းဝင်း
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ဦးသန်းဝင်း အမှတ်(၄)ရပ်ကွက်၊ ဥယျာဉ်လမ်း၊ ဖားမဲတောင်အောက် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၂၇တွင် ကျန်ရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်မေသန်းထက်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၅ ခုနှစ် ဧပြီ ၃၀ရက် (၁၃၇၇ခုနှစ် ကဆုန်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၅ခုနှစ် မတ် ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တက်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး**
**ဘားအံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ အရှေ့ဗဟိုလမ်း၊ အမှတ်(၂၁)တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ် ၃၅ CG၊ မြေကွက်အမှတ် ၈၉၆(ဦးအောင်မြင့်၊ ဒေါ်ကြည်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးအောင်မြင့် ကွယ်လွန်သဖြင့် ၄င်း၏ပိုင်ဆိုင်ခွင့်အစုအား ဇနီး ဒေါ်ကြူကြူသင်း ၁၂/ဗဟန(နိုင်)၀၄၁၃၅၃ မှလည်းကောင်း၊ ကျန်အမည်ပေါက် ဒေါ်ကြည်နှင့် ခင်ပွန်း ဦးဘလှိုင် ကွယ်လွန်၍ ၄င်းတို့၏ သားသမီးနှစ်ဦးဖြစ်သော ဦးသန်းဦးနှင့် ဒေါ်ဝင်းဝင်းရီတို့အနက် ဒေါ်ဝင်းဝင်းရီသည် ခင်ပွန်း ဦးခင်မောင်ကြီးနှင့် တစ်ဦးတည်းသောသမီး ဒေါ်ခိုင်ဇင်သန့်ကို မွေးဖွားခဲ့ပြီး ဇနီးနှင့်ခင်ပွန်းပစ္စည်းခန်းနှင့်တကွ အပြီးအပိုင်ကွာရှင်းပြတ်စဲခဲ့ပြီး ဒေါ်ဝင်းဝင်းရီသည် ၂၇-၉-၂၀၁၂ ရက်တွင် ကွယ်လွန်ခဲ့၍ အမည်ပေါက် ဒေါ်ကြည်၏ ပိုင်ဆိုင်ခွင့်အစုအား သားဖြစ်သူ ဦးသန်းဦး ၁၂/ဗဟန(နိုင်)၀၆၀၃၀၂ နှင့် မြေးဖြစ်သူ ဒေါ်ခိုင်ဇင်သန့် ၁၂/ဗဟန(နိုင်)၀၉၃၂၃၈တို့မှလည်းကောင်း မြေအမည်ပေါက် ဂရန်၊ ကျမ်းကျိန်လွှာ၊ သေဆုံးကြောင်း အထောက်အထား၊ အိမ်ထောင်စုစာရင်းတို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကျောက်မဲမြို့၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းအား ထောက်ခံဆန္ဒဖော်ထုတ်

**ကျောက်မဲ မေ ၄**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအား ကြိုဆိုထောက်ခံသည့် ဆန္ဒဖော်ထုတ်ပွဲကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့၌ မေ ၄ ရက် နံနက် ၉ နာရီက ခွင့်ပြုချက်ရယူပြီး ပြုလုပ်ခဲ့သည်။ **(ယာပုံ)**

အဆိုပါ ဆန္ဒဖော်ထုတ်ပွဲတွင် **"ငြိမ်းချမ်းရေးသည် ပြည်သူတို့၏ လိုလားချက်ဆန္ဒနှင့်မျှော်လင့်ချက်" "ငြိမ်းချမ်းစေသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ" "ပြည်ထောင်စုငြိမ်းချမ်းရေး ဒုတိယပင်လုံ၏အောင်ပွဲ"** စသည့် လက်ကိုင်ဆောင်ပုဒ်များ ကိုင်ဆောင်ကာ **"တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းရေး၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားများနှင့် နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်နိုင်ရေး၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်မူကြမ်း အတည်ပြုအကောင်အထည်ဖော်ရေး"** ဟူသည့် ကြွေးကြော်သံများဖြင့် လမ်းလျှောက်ဆန္ဒဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❁


ဓာတ်ပုံ-မောင်မောင်(ကျောက်မဲ)

# အာဆင်နယ်အိမ်ကွင်း၌ လီဗာပူးကို ဂိုးပြတ်နိုင်

**လန်ဒန် မေ ၄**

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၃၁) စနေနေ့ည အစောဆုံးပွဲစဉ်အဖြစ် အာဆင်နယ်နှင့်လီဗာပူးတို့ အမ်းမရိတ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်အာဆင်နယ်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် လီဗာပူးအသင်းကို ဂိုးပြတ်အနိုင်ယူခဲ့သည်။

ပွဲချိန် ၃၇ မိနစ်တွင် အာဆင်နယ်အသင်းအတွက် အဖွင့်ဂိုးကို ရမ်ဆေး၏ ဖန်တီးမှုမှတစ်ဆင့် ဘယ်လာရင်က သွင်းယူပေးခဲ့သည်။ မိနစ် ၄၀ တွင် အိုဇေးလ်က ထပ်မံသွင်းယူပေးခဲ့ပြီး ပထမပိုင်းပွဲချိန် ၄၅ မိနစ်တွင် ဆန်းချက်ဇ်က တတိယဂိုးသွင်းယူပေးခဲ့သည်။ ပထမပိုင်းပြီးချိန်တွင် အာဆင်နယ်အသင်းသည် သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။

*စာမျက်နှာ ၇ ကော်လံ ၆* ❂



အာဆင်နယ်တိုက်စစ်မှူး ဆန်းချက်ဇ် လီဗာပူးအသင်းဘက်သို့ ဂိုးသွင်းယူစဉ်။

**ယနေ့ မာတိကာ**


မလေးရှား၌ အရပ်ဘက်သုံး ရဟတ်ယာဉ်ပျက်ကျ လူခြောက်ဦးထက်မနည်း သေဆုံး
စာမျက်နှာ » ၅

မန်ယူတို့ ဗီလာကို အနိုင်ရရှိ
စာမျက်နှာ » ၇

နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသားကျောင်းသူများ နေပြည်တော်အတွင်း လေ့လာ
စာမျက်နှာ » ၉

အီရန် ချူကလီးယားအရေး အိုဘားမား သမိုင်းတစ်ခေတ်ဖွင့်လှစ်ခဲ့
စာမျက်နှာ » ၁၁





Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905



မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
R/488 မြင့် မြန်မာ့အလင်းသတင်းစာတိုက်၊
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊